http://www.dhammadownload.com

ဓမ္မဘေရီ

ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)


# ကြောက်တတ်ရင်ရှေ့တိုး နှင့်

# မထေရ်မြတ်တို့ စကားဝိုင်း (၂)



ဒုတိယအကြိမ်

http://www.dhammadownload.com



ဓမ္မဘောရီ အရှင်ဝိရိယ(တောင်စွန်း)

# ကြောက်တတ်ရင်ရှေ့တိုး နှင့်

# မထေရ်မြတ်တို့ စကားဝိုင်း (၂)

http://www.dhammadownload.com

# ကြောက်တတ်ရင် ရှေ့တိုး

## ဓမ္မဘောရီအရှင်ဝိရိယ (တောင်စွန်း)

ဖြန့်ချိရေး
ရာပြည့်စာအုပ်ဆိုင်
အမှတ်-၄၁၆၊ မဟာဗန္ဓုလလမ်းနှင့်၃၅-လမ်းထောင့်၊
ရန်ကုန်မြို့။ဖုန်း ၀၁-၇၁၀၁၀၃

http://www.dhammadownload.com


| | |
|---|---|
| စိစစ်ဖြန့်ချိမှု | အလင်းအိမ် |
| အတွင်းခွင့်ပြုချက် | ၃၂၀၇၂၇၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၆၈၇၀၈၁၀ |
| ထုတ်ဝေသည့် ကြိမ် | ဒုတိယအကြိမ် |
| | နိုဝင်ဘာလ၊ ၂၀၀၅ ခုနှစ် |
| အုပ်ရေ | ၃၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ဗဂျီလင်းဝဏ္ဏ |
| အတွင်းပလင် | အောင် (ဟန်ဝင်းအောင်) |
| ကာလာခွဲ | စတား |
| ကွန်ပျူတာအတွင်းအပြင်အဆင် | နေဇော် (Y.P.T) |
| ထုတ်ဝေသူ | ဦးကျော်ဟင်း - ဝ၉၁၀<br>(ယုံကြည်ချက်စာပေ)<br>၁၁၁၊ ၃-ထပ်(ယာ)၊ ၃၃-လမ်း။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် (ဝ၅၉ဝ၁)<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ်(၁၉၉)၊ လမ်း (၅၀)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | ဖူးပွင့်မွှေး |
| တန်ဖိုး | ၇၀၀ ကျပ် |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကြောက်တတ်ရင်ရှေ့တိုး | ၄ |
| ၂။ | သဲသဲကွဲကွဲနဲ့ မသဲမကွဲ | ၁၁ |
| ၃။ | မင်္ဂလာနှင့် အိမ်ထောင် | ၁၆ |
| ၄။ | အိုးပွဲမင်္ဂလာ | ၂၁ |
| ၅။ | ခံတွင်းမှ ဖွားသူများ | ၂၉ |
| ၆။ | ထာဝရ ရာနှုန်းပြည့်လူ | ၃၃ |
| ၇။ | စွန့်ဝံ့သူတို့ပျော်စံရာ | ၄၄ |
| ၈။ | နေ့ချင်းပြန်နိဗ္ဗာန် | ၄၉ |
| ၉။ | သေဖွဲ့နှင့် ရှင်ဖွဲ့ | ၆၀ |
| ၁၀။ | ဂုဏ်ရှိန်မြင့်တဲ့ ခြေလှမ်းများ | ၆၇ |
| ၁၁။ | ဆရာသောက်တဲ့ဆေး | ၇၃ |
| ၁၂။ | ဘဝခန္ဓာရဲ့ အလှတန်ဆာ | ၇၉ |
| ၁၃။ | ကျေးဇူးနဲ့ တန်ပြန်သက်ရောက်မှု | ၈၆ |
| ၁၄။ | ဘုရားရှင်နှင့် တွေ့နေကြသူများ | ၉၃ |
| ၁၅။ | ခွန်အားနှင့် အနိုင်အရှုံး | ၁၀၀ |

http://www.dhammadownload.com


၁၆။ ငရဲဘုံတံခါးနှင့် နတ်ဘုံတံခါး ၁၀၄

၁၇။ လက်ဆုတ်လက်ဖြန့်တတ်ပါစေ ၁၀၉

၁၈။ အိပ်ရာနှင့်ရိပ်သာ(သို့)ဘာဝနာနှင့်ဘာဝနာ ၁၁၄

၁၉။ သဟာမ္ပတိနှင့် မာရ်နတ် ၁၂၅

၂၀။ ကောင်းချီးမင်္ဂလာ ၁၃၂

၂၁။ စာတစ်အုပ်နှုတ်တစ်ခွန်း ၁၃၈

၂၂။ အောင်နိုင်သူ ၁၄၄

၂၃။ လမ်းကြိတ်စက်ကလေး ၁၅၀

၂၄။ မြင်းမိုရ်ဦးဆီ ၁၅၇

၂၅။ မြင်းမိုရ်ဦးဆီ ဒုတိယခြေလှမ်း ၁၆၄

၂၆။ မြင်းမိုရ်ဦးရဲ့ မြင်းမိုရ်ဦး ၁၇၁

၂၇။ ဘဒ္ဒကမ္ဘာရဲ့ မျိုးဆက်သစ် ၁၇၈

စာအုပ်အလှူရှင်စာရင်း ၁၈၄

http://www.dhammadownload.com

# ကြောက်တတ်ရင် ရှေ့တိုး

ဒီရေတက်တော့မယ်ဆိုရင် တံငါလှေတွေဟာ ပင်လယ် အတွင်းပိုင်း ရောက်နိုင်သမျှရောက်အောင် တိုးဝင်ရ တယ်။ နောက်ဆုတ်ဖို့တော့ မကြိုးစားနဲ့။ ကမ်းပေါ် မရောက်ခင် ဒီလှိုင်းက မီလာလို့ကတော့ ကမ်းနဲ့ လှိုင်းကြားမှာ တစ်စစီဖြစ်သွားမယ်။ သာသနာတော် မှာလည်း ........

*(ဒေးဒရဲ ကွင်းကျောင်းဆရာတော်)*

အင်္ဂုတ္တရနိကာယ အဋ္ဌကနိပါတ် ပဟာရာဒသုတ်မှာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ 'သမုဒ္ဒရာနှယ် အံ့ဖွယ် ရှစ်ဖြာသာသနာ' နဲ့ဆက်စပ်ပြီး ဆရာတော် မိန့်ကြားခဲ့တဲ့ စကားပါ။

အံ့ဖွယ်ရှစ်ဖြာသာသနာဆိုတာကတော့ ...

"အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံ့ဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာ ဆားတူ၊ ကြီးသူနေရာ၊ ဤရှစ်ဖြာသည် မဟာသမုဒ္ဒ အံ့ဖွယ် တည်း" လို့အတိုချုပ် လင်္ကာစီထားပါတယ်။

http://www.dhammadownload.com



(၁) **အစဉ်နက်ဝှမ်းဆိုတာ** မဟာသမုဒ္ဒရာရဲ့ရေဟာ ကမ်းစမှာကတည်းက ထောက်တည်လို့မမီအောင် နက်ဝှမ်းတာမဟုတ်ဘဲ အစဉ်အတိုင်း တဖြည်းဖြည်း နက်နက်သွားသလို သာသနာမှာလည်း စစခြင်း မဂ်ဖိုလ်နိဗ္ဗာန် ဆိုပြီး နက်နဲသွားတာမဟုတ်ဘဲ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာမဂ်ဖိုလ် နိဗ္ဗာန်ဆိုပြီး အစဉ်အတိုင်း နက်နက်သွားတာဖြစ်တယ်။

(၂) **ကမ်းကိုမလွန်ဆိုတာ** သမုဒ္ဒရာမှာရေတွေ ဘယ်လောက်များနေနေ ကမ်းကိုကျော်လွန်မသွားသလို သာသနာ တော်မှာ သာသနာ့ဝန် ထမ်းဆောင်ကြတဲ့ ဘုရားရှင် တပည့်သားတို့လည်း မြတ်စွာဘုရားပညတ်ထားတဲ့သိက္ခာပုဒ်ဆိုတဲ့ကမ်းကို အသက်ကြောင့်ပဲဖြစ်ဖြစ် မကျူးလွန်ကြဘူး။

(၃) **ရှုံ့ဖွယ်ဆက်ပစ်ဆိုတာ** သမုဒ္ဒရာထဲ မျောဝင်လာတဲ့ အသေကောင်ပုပ်စတဲ့ ရွံစရာတွေဟာ သမုဒ္ဒရာထဲမှာ တည်နေလို့မရဘူး။ သမုဒ္ဒရာလှိုင်းများက ကမ်းဘက်ရောက်အောင် လှိုင်းနဲ့ပုတ်ထုတ်ပစ်သလို သာသနာမှာလည်း အကျင့်ယုတ်၊ အကျင့်ပျက် အယောင်ဆောင်စတဲ့၊ သူတော်စင်တို့ရဲ့ရွံရှာဖွယ်အကျင့်၊ ပြုကျင့်သူတွေ နေလို့မရဘူး။ ဒါမျိုး ကြုံလာရင် သံဃာတော်က ဝိနည်းကံနဲ့အညီဖယ်ရှားပစ်တယ်။

(၄) **တစ်မည်ဖြစ်ခြင်းဆိုတာ** သမုဒ္ဒရာထဲစီးဝင်ကြတဲ့ ဂင်္ဂါ၊

http://www.dhammadownload.com



ယမုံနာစတဲ့မြစ်ရေတွေဟာ သမုဒ္ဒရာကိုရောက်တဲ့အခါ ဂင်္ဂါမြစ်ရေ၊ ယမုံနာမြစ်ရေစတဲ့ မူလအမည်တွေ ပျောက်ပြီး မဟာသမုဒ္ဒရာရေဆိုတဲ့ အမည်တစ်ခုသာ ဖြစ်သွားသလိုသာသနာ့ဘောင်ရောက်လာသမျှဒွန်းစဏ္ဍားက မင်းမျိုးအထိ အမျိုးသားအားလုံးတို့ဟာ သာသနာ့ဘောင် ရောက်ပြီဆိုတာနဲ့ မူလအမျိုးအနွယ်အမည်တွေ ပျောက်ပြီး 'သကျပုတ္တ သာကီ နွယ်ဖွား၊ ဘုရားသား'ဆိုတဲ့ အမည်တစ်မျိုးတည်းဖြစ်သွားတယ်။

(၅) မယွင်းမတိုးဆိုတာက သမုဒ္ဒရာမှာမိုးခေါင်ခြင်း၊ မိုးကြီးခြင်းဆိုတာကို အကြောင်းပြုပြီး ရေလျော့တာ လျှံတာ ဆိုတာမရှိသလို သာသနာတော်မှာလည်း နိဗ္ဗာန်ကို မျက်မှောက်ပြုကြတဲ့ အရိယာပုဂ္ဂိုလ်တွေ အနည်းအများကို အကြောင်းပြုပြီး နိဗ္ဗာန်ဆိုတဲ့ အအေးဓာတ်၊ အငြိမ်းဓာတ်က လျော့နည်းသွားတာ ပိုလွန်သွားတာရယ်လို့မရှိဘူး။

(၆) ဆယ်မျိုးရတနာဆိုတာ ရေစီးနဲ့အတူမျောပါလာတဲ့ ကျောက်သံပတ္တမြားဆိုတဲ့ ကုန်းပိုင်းရတနာတွေနဲ့ ပုလဲဆိုတဲ့ ရေတွင်းရတနာတွေပါ စုပေါင်းဆုံဆည်းရာဖြစ်လို့ သမုဒ္ဒရာဟာ ရတနာဆယ်မျိုးတို့ရဲ့ စုဝေးရာအရပ်ဖြစ်သလို သာသနာတော်မှာလည်း သတိပဋ္ဌာန်သမ္မပဒါန်စတဲ့ မဂ်ဉာဏ်ရဲ့ အသင်းဝင် ဗောဓိပက္ခိယတရား (၃၇)ပါးဆိုတဲ့ ရတနာစစ်တို့ရဲ့ စုဝေးရာဖြစ်တယ်။

http://www.dhammadownload.com



(၇) ရသာဆားတူဆိုတာ သမုဒ္ဒရာရေဟာ ဆားလိုငန်တဲ့ အရသာ တစ်မျိုးသာရှိသလို သာသနာတော်မှာလည်း ဝိမုတ္တိရသခေါ်တဲ့အရသာတစ်မျိုးသာ နောက်ဆုံးအနှစ်သာရဖြစ်တယ်။

(၈) ကြီးသူနေရာဆိုတာက သမုဒ္ဒရာဟာ ငါးကြီးအာနန္ဒာတို့လို ငါးကြီးတွေ၊ နဂါးတွေအစရှိတဲ့ ကြီးမားတဲ့ သတ္တဝါကြီးတွေရဲ့နေရာဖြစ်သလို သာသနာတော်ကလည်း သီလ၊ သမာဓိ၊ ပညာကြီးမားကြတဲ့ သောတာပန်အစ ရဟန္တာအစရှိတဲ့ ပုဂ္ဂိုလ်မြတ်ကြီးတို့ရဲ့ နေရာဖြစ်တယ်။ ဒါဟာ သမုဒ္ဒရာနဲ့တူတဲ့ သာသနာတော်ရဲ့အံ့ဖွယ်ရှစ်ဖြာဖြစ်တယ်။

ဒီအကြောင်းအရာတွေကတော့ ရှေ့နောက် စကားဆက်စပ်မိအောင် ရေးနေရတာပါ။ တော်တော်များများက သိပြီးသားတွေဖြစ်နေမှာပါ။

ဒီဥပမာ ဥပမေယျရှစ်မျိုးကို ရှင်းပြပြီးတဲ့အခါ ဆရာတော်ကြီးက 'သမုဒ္ဒရာနဲ့ သာသနာတော်တို့ရဲ့ အံ့ဖွယ်ရှစ်ပါးရှိသလို သမုဒ္ဒရာနဲ့ဆက်စပ်ပြီး တစ်ခြားအံ့ဖွယ်တစ်ပါးလည်း ရှိသေးတယ်ဗျ။ သာသနာတော်နဲ့လည်းဆက်စပ်တယ်' ဆိုပြီး စကားကိုခေတ္တရပ်လိုက်ပါတယ်။

ပြီးတော့မှ 'အရှင်တို့ဒီရေဆိုတာသိကြတယ်မို့လား' လို့မေးပါတယ်။ မိမိတို့ စာလိုက်တဲ့ သံဃာတော်များက အညာဇာတိတွေချည်းဖြစ်ကြတော့ ဒီရေဆိုတာကြားဖူးရုံပဲ

http://www.dhammadownload.com



ရှိတယ်။ ကိုယ်တွေ့မသိကြဘူး။ ဒါကြောင့် "တပည့်တော်တို့ မေးလို့ကတော့ တံလျှပ်အကြောင်းပဲသိမယ်၊ ဒီရေအကြောင်း ကတော့ကြားဖူးရုံပဲဘုရား' လို့ တစ်ပါးက ပြန်လျှောက်ထား ပါတယ်။

ဒီတော့ဆရာတော်ကြီးက 'အရှင်တို့ကလေးအရွယ် ကတည်းက ဆိုဆိုနေတဲ့ 'မိုးရေတက်ရေတဖွေးဖွေး' ဆိုတဲ့ အထဲက 'တက်ရေ' ဆိုတာ အဲဒီရေနောက်ကနေ တက်လိုက် လာတဲ့ရေပေါ့ဗျ။ ရေတက်တော့မယ်ဆို ရှေ့ကနေ ဖျာလိပ် ကြီးတွေလို အလိပ်လိုက် 'တဝေါဝေါ' မြည်ပြီးတက် လာတဲ့ ရေကို 'ဒီဦး'လို့ ခေါ်တယ်။ အဲဒီ ဒီဦးရေက ရေနက်ပိုင်းမှာ တော့ ဘာမှမသိသာဘူး။ ကမ်းနားရေတိမ်ပိုင်းရောက်လာ ပြီဆို အသံကလည်း တဝေါဝေါမြည်ပြီး လှိုင်းလိပ်ကြီးတွေ ကလည်း တက်လာတာ။ ကမ်းစပ်နားမှာများ ဒီလှိုင်းရှေ့က လှေတို့ဘာတို့ရှိလို့ကတော့ တစ်ခါတည်းဒလိမ့်မှောက်ခုံပေါ့။ ပင်လယ်နဲ့ဆက်စပ်ပြီး အသက်မွေး ကြသူတွေမှန်သမျှ ဒီရေ တက်ချိန်၊ ကျချိန်ကို အပိုင်သိထားရတယ်။ လဆန်း၊ လဆုပ် တက်ချိန် ကျချိန်က တစ်နေ့နဲ့တစ်နေ့ တူတာမဟုတ်တော့ အဲဒါ သင်္ကေတလင်္ကာတွေနဲ့ ဆိုထားတာရှိတယ်။ ဒီအရပ် ဒေသမှာတော့ ဘုန်းကြီးကျောင်းမှာ စာသင်တဲ့အရွယ် ကတည်းက ဒါကိုသင်ထားရတယ်။

'ဒီရေတက်တော့မယ်ဆိုရင် တံငါလှေတွေဟာ ပင်လယ်အတွင်းပိုင်း ရေနက်ထဲရောက်နိုင်သမျှ ရောက်

http://www.dhammadownload.com



အောင် တိုးဝင်ရတယ်။ နောက်ပြန်ဆုတ်ဖို့တော့မကြိုးစားနဲ့။ ကမ်းပေါ်မရောက်ခင် ဒီရေလှိုင်းကမ္မိလာလို့ကတော့ ကမ်းနဲ့ လှိုင်းကြားမှာတစ်စစီဖြစ်သွားမယ်၊ အဲဒီမှာ သတိထားကြည့်။ သမုဒ္ဒရာမှာ 'ဒီလှိုင်း'ရဲ့ဘေးရန်ကို ကြောက်ရင် နောက်ပြန်မဆုတ်ဘဲ ရေနက်ရာ ရှေ့ကိုတိုးသွားရသလို သာသနာတော်မှာလည်း ကိုယ်စွမ်းနိုင်သမျှ ဒါန၊ သီလ၊ ဘာဝနာတို့ကို အားထုတ်တဲ့နေရာမှာ ဆင်းရဲတစ်ခုခုကြုံလာလို့ ဒီဆင်းရဲကို ကြောက်တယ်ဆိုရင် နောက်မဆုတ်လိုက်နဲ့ ရှေ့တိုးနိုင်သမျှ တိုးကျင့်ရမယ်ဗျ။

ရှေ့တိုးနိုင်သမျှတိုးလို့ အနည်းဆုံး 'သင်္ခါရ တရားတို့ရဲ့ ဖြစ်တတ်ပျက်တတ်တဲ့သဘောကို သိမြင်တဲ့ ဝိပဿနာဉာဏ်'လောက်မှ အခြေခံရှိမထားဘူးဆိုရင် ဒုက္ခလှိုင်းကြားထဲမှာ တစ်စစီဖြစ်သွားလိမ့်မယ်။ ဒါဟာသမုဒ္ဒရာနဲ့ သာသနာတော်တို့ရဲ့ ထူးခြားတဲ့ အံ့ဖွယ်တစ်ပါးပဲ။ 'ဆင်းရဲ လေလေ သံဝေရရ'ဆိုတဲ့စကားဟာ ဒီသဘောကိုပြောတာပေါ့။ ဆင်းရဲနဲ့ကြုံရင် သတိနဲ့ယှဉ်တဲ့။ သံဝေဂတရား လက် ကိုင်ထားပြီး တရားကို ပိုပြီးအားကိုးရမယ်။ တိုးပြီးအားထုတ်ရမယ်လို့ ဆိုလိုတာပဲဗျ'ဆိုပြီး လက်စသတ်လိုက်ပါတယ်။

ဆရာတော်စကားကို တစိမ့်စိမ့် စဉ်းစားနေမိပါတယ်။ ဟုတ်ပါတယ်။ အိုမှု၊နာမှု၊ အလိုမကျမှုဆိုတဲ့ လောကဒုက္ခခန္ဓာဒုက္ခတွေနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ ကြောက်လို့ဆိုပြီး တရားလက်လွှတ် နောက်ဆုတ်လိုက်ရင် ပူဆွေးငိုကြွေးရုံက

http://www.dhammadownload.com



လွဲလို့ ဘာများတတ်နိုင်ကြသလဲ။

ပူဆွေးငိုကြွေးတယ်ဆိုတာဟာ တရားကိုယ်သဘောနဲ့ကြည့်တော့ ဆုတ်နစ်ဒေါသဆိုတဲ့ အကုသိုလ်တရားတွေ။

ဒီ အကုသိုလ်တရားစုတွေကို ရင်ဝယ်ပိုက်ပြီး ဘဝတစ်ခုကို နိဂုံးချုပ်လိုက်ရမယ်ဆိုရင် .....။

ရခဲတဲ့လူ့ဘဝ၊ ကြုံခဲတဲ့သာသနာတို့နဲ့ တွေ့ဆုံခွင့်ရတယ်ဆိုတာကလည်း ကံမျိုးစေ့၊ ပါရမီမျိုးစေ့ အလွန်ကောင်းခဲ့ကြလို့သာ ကြုံရဆုံရတာ။

ယောစဝဿသတံဇီဝေ–စတဲ့မြတ်စွာဘုရားရှင်အဆုံးအမတော်အရဆိုရင် သင်္ခါရတရားတို့ရဲ့ ဖြစ်မှု ပျက်မှုကိုသိတဲ့ ဥဒယဗ္ဗယ ဉာဏ်ပညာမရှိဘဲ အနှစ်တစ်ရာအသက်ရှည်ရတာထက် ဒီဉာဏ်မျိုးရှိပြီး တစ်ရက်လောက်အသက်ရှည်ရသူက သာသနာကြုံကျိုးနပ်သူလို့ ဆိုနိုင်အောင်မြတ်တယ်လို့ ဆိုထားပြန်တော့။

ဒီသင်္ခါရတရားတွေ ဖြစ်ပျက်ဖောက်ပြန်နေတာကို ဉာဏ်နဲ့မမြင်နိုင်ဘဲ ဒဏ်လို့ထင်ပြီး ကြောက်လန့်နေသူတို့အတွက် .....

တကယ်တမ်း ကြောက်တတ်တယ်ဆိုရင် ......။

* * *

"ထိမ်းမြားလက်ထပ်တယ်ဆိုတာ 'လူ့လားမြောက် ပြီ'လို့

http://www.dhammadownload.com



# သဲသဲကွဲကွဲနဲ့ မသဲမကွဲ

"ထိမ်းမြားလက်ထပ်တယ်ဆိုတာ 'လူလားမြောက် ပြီ' လို့ ကြွေးကြော်ပြီး၊ လောကဓံကို စိန်ခေါ်လိုက် တာဖြစ်လို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် နေဖို့ မဟုတ်တော့ဘူး"

ဒီနှစ် ၁၃၆၄ ခု နှစ်ဆန်း (၁) ရက်နေ့က တပည့် ဇနီးမောင်နှံတို့က နှစ်ဦးမှာ မင်္ဂလာဦးဆွမ်းကပ်ပွဲ ကုသိုလ်ပြုကြလို့ ဩဝါဒပေးပါဆိုတာနဲ့ ပြောပေးလိုက်ရတယ်။ ပရိသတ်ကလည်း သတို့သားရဲ့ သူငယ်ချင်းတစ်စုပဲဖြစ်လို့ တပည့်ရင်းချာများချည်း ဖြစ်တဲ့အတွက် ရင်းရင်းနှီးနှီး ရယ်ရင်းမောရင်းပဲပြောခဲ့ဖြစ်တာပါ။ မထေရ်မြတ်တို့ စကားဝိုင်းကြားထဲမှာ မထေရ်လတ်စကားတစ်စုကို ထည့်လိုက်ရတာကတော့ ဖတ်ရှုသူအတွက် အကျိုးမဲ့ မဖြစ်တန်ကောင်းဘူးထင်လို့ပါ။ မူရင်း အတိုင်းပဲ မှတ်တမ်းပြုလိုက်ပါတယ်။

ထိမ်းမြားလက်ထပ်ပြီးကြတဲ့ ဇနီးမောင်နှံကို ဩဝါဒပေးရမယ်ဆိုတော့ ဖတ်ပြီး အမှတ်တရဖြစ်ခဲ့တဲ့ ဘာ

http://www.dhammadownload.com



သာပြန်ကဗျာတစ်ပုဒ်ထဲက စကားပိုဒ်ကလေးကို သတိရမိတယ်။ တိတိကျကျတော့မဟုတ်ဘူး။ ဆိုလိုရင်းကတော့–
"သင်ဟာ အသိပညာများလည်း ပြည့်စုံကောင်း ပြည့်စုံနေမယ်။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတွေလည်း ပြည့်စုံကောင်း ပြည့်စုံနေမယ်။ အရွယ်ကြီးလို့ ဆံပင်များလည်း ဖြူကောင်း ဖြူနေမယ်။ သို့သော် ထိမ်းမြားလက်ထပ်ခြင်း မပြုရသေးသမျှ လူလားမမြောက်သေး"တဲ့။ သူ့စာ အလိုအရဆိုရင် အခုပြောမယ့်စကားဟာ လူလားမမြောက်သေးသူက လူလားမြောက်သူတို့ကို ဆုံးမတဲ့ဩဝါဒစကားလို့တောင် ဆိုရတော့မလိုဘဲ။

မင်္ဂလာဆောင်တယ်ဆိုတဲ့ အကြောင်းမပြောခင် ပတ်ဝန်းကျင်မှာ သတိထားမိခဲ့တဲ့ ဇနီးမောင်နှံ နှစ်မျိုးအကြောင်းကိုအရင်ပြောချင်တယ် (၁)သဲသဲကွဲကွဲဇနီးမောင်နှံနဲ့ (၂)မသဲမကွဲဇနီးမောင်နှံတို့အကြောင်းပါပဲ။ သဲသဲကွဲကွဲဇနီးမောင်နှံဆိုတာ"မျက်စိအောက်ကပျောက်မှာပင် အလွမ်းစိုးတယ်" ဆိုတဲ့စိတ်ကူးယဉ် စကားကိုဘဝလမ်းညွှန်ထင်ပြီး အဖြစ်သည်းလိုက်နာကြတဲ့ ဇနီးမောင်နှံမျိုးကိုပြောတာ။ အလုပ်သွားတာ၊ ဈေးသွားတာမျိုးကိုတောင် စိတ်မချနိုင်ကြတာတို့၊ သူငယ်ချင်းအပေါင်းအသင်းဟောင်းတွေ့လို့ တရင်းတနှီးနှုတ်ဆက်တာကိုတောင် မနာလိုမရှုစိမ့် နိုင်ကြတာတို့၊ မကျေမနပ် ပူကြဆူကြတာတို့ လုပ်နေကြတဲ့ပြူပြူ ရူရူ အူတူတူ ဆိုတဲ့စုံတွဲမျိုးပေါ့။

"စိတ်မချနိုင်ဘူး"ဆိုတာ ခမ္မမိဋ္ဌာန်ကျကျ ကောက်

http://www.dhammadownload.com



ချက်ချကြည့်ရင် အချင်းချင်း ယုံကြည်မှုမရှိတဲ့သဘောပါပဲ။ နောက်ဆက်တွဲအနေနဲ့ ဣဿာမစ္ဆရိယဒေါသစတဲ့ ကိလေသာ စိတ်ရိုင်းစိတ်ပုပ်တွေ တသီကြီးဖြစ်တတ်တာမို့ ဒီလိုစုံတွဲမျိုးဟာ မေတ္တာဗြဟ္မစိုရ်တရားကင်းမဲ့တဲ့ ကိလေသာစိတ်သက်သက်နဲ့စုံတွဲမျိုးလို့ပဲ ဆိုရမှာပါ။ ကိလေသာဆိုတဲ့သဘောက ပထမတော့ လိုလားတောင်းတမျှော်လင့်တယ်။ မျှော်လင့်သလိုဖြစ်မလာတော့ ဒေါသတွေ၊ သောကတွေ၊ မနာလိုဝန်တိုဆိုတဲ့ ဣဿာမစ္ဆရိယတွေ ဖြစ်လာရတာ ဓမ္မတာပဲ။

ကြာတော့တဖြည်းဖြည်း စိတ်ဝမ်းတွေ ကွဲလွဲလာကြရင်း နောက်ဆုံး ဇနီးမောင်နှံကွဲကြတဲ့အထိ ရောက်ကုန်ကြရော။ မျှော်လင့်ချက်တစ်ခုတည်းနဲ့ လက်တွဲကြသူမှန်သမျှ ဒီလိုပဲ။ အစမှာတော့သည်းကြတယ်။ နောက်တော့ကွဲကြတာပဲ။ မြတ်စွာဘုရားဟောကြားတာက "မေတ္တာသိနေဟ" မေတ္တာဆိုတာခိုင်မြဲအောင် တွဲကပ်ပေးတဲ့ အစေးခါတ်တဲ့။ ဒီအစေးခါတ်မပါရင် ကြာကြာမတွဲနိုင်ဘူး။ ကွဲတက်ကြတာပဲ။ ခုကာလစကားနဲ့ဆိုရင် ဒီလိုစုံတွဲမျိုးကို ရွှေရည်စိမ်စုံတွဲ၊ ဆေးဆိုးပန်းရိုက်စုံတွဲ၊ ဒါမှမဟုတ် "အင်တွဲ"တွေလို့များ ပြောရမလားဘဲ။ ဘယ်သူ့ကိုလို့ပုဂ္ဂလဓိဋ္ဌာန်ပြောတာ မဟုတ်ဘူးနော်။ ပတ်ဝန်းကျင်မှာ မြင်ရကြားရတွေ့ရတတ်တဲ့ လောကဓိဋ္ဌာန်သဘော ဓမ္မဓိဋ္ဌာန်သဘောကိုပြောရတာ။

ထိမ်းမြားလက်ထပ်တယ်ဆိုတာ လူလားမြောက်

http://www.dhammadownload.com



ပါပြီလို့ကြွေးကြော်ပြီး လောကဓံကို စိန်ခေါ်လိုက်တာဖြစ်လို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေဖို့ အချိန်မဟုတ်တော့ဘူးနော်။ ဘဝတစ်သက်တာကို ရည်မှန်းပြီး နှစ်ကိုယ့်တစ်စိတ်နဲ့ အတူလက်တွဲရင်း လောကဓံတိုက်ပွဲကို ရင်ဆိုင်ဖို့ ခြေလှမ်းစကြတာ။ ဝမ်းသမုဒ္ဒရာ မခန်းခြောက်ရအောင် အူသိမ်အူမဆိုတဲ့ မြစ်ချောင်းတွေ မှန်မှန်စီးဆင်းနိုင်ရေး အတွက်ရုန်းကန်လှုပ်ရှားခြင်းဆိုတဲ့ မိုးလေဝသ မှန်ကန်ဖို့ အဓိကထားရမယ့်အချိန်ရောက်ပြီ။

ဒီလိုခံယူချက်မျိုးရှိကြတဲ့ ဇနီးမောင်နှံဆိုတာ မူလကတည်းက ဘဝတစ်သက်သာအတွက် တူညီတဲ့ခံယူချက်၊ တူညီတဲ့ယုံကြည်ချက်နဲ့ လက်တွဲခဲ့ကြတာဖြစ်လို့ အဖြစ်မသည်းကြတော့ဘူး။ နားလည်နိုင်စွမ်း၊ ခွင့်လွှတ်နိုင်စွမ်း ရှိကြတယ်။ ဘဝတစ်သက်တာအထိ အပြန်အလှန် အကျိုးလိုလားတဲ့ မေတ္တာအစေးခါတ်နဲ့ တွယ်ကပ်ထားတာဖြစ်လို့၊ စိတ်မချတာတို့၊ မနာလိုဝန်တိုဖြစ်တာတို့ဆိုတဲ့ ကိလေသာ အပူခါတ်လည်း မပြင်းထန်ကြတော့ဘူး။

တချို့ငယ်ပေါင်း အကြောင်းသိ ဇနီး မောင်နှံတွေဆိုရင်ပြောသံဆိုသံမှာ နင်–ငါ–ဟေ့–ဟဲ့– ဆိုတဲ့ အသံတွေ လွှမ်းနေတတ်ကြလို့ နဘေးကကြားရသူတွေက ဟုတ်မှဟုတ်ပါ့မလားလို့တောင် ထင်ရတယ်။ ဟန်ဆောင်တာ အဖြစ်သည်းတာတွေမပါတော့ ပြောသံဆိုသံကလည်း မပြစ်ချွဲတော့ဘူးပေါ့။ သူတို့ အဖြစ်မသည်းတာကို ကြည့်ပြီး

http://www.dhammadownload.com



အချစ်နည်းတယ်လို့ မထင်လိုက်လေနဲ့။ ယုံကြည် စိတ်ချကြလို့ အနည်ထိုင်ပြီး အချစ်မြဲသွားကြတာ။ အနည်ထိုင်တယ်ဆိုလို့ အသားသေပြီး အေးစက်မာခဲသွား တယ်လို့လည်း မထင်လေနဲ့။ မဟုတ်ဘူး။

ရှင်သန်နေတဲ့ သစ်ပင်က အနှစ်လိုပဲ။ မာပေမယ့် မခဲဘူး။ အမြဲကြီးထွားနေတာ။ ပင်စည်နဲ့လိုက်ဖက်အောင် အနှစ်က ကြီးထွားလိုက်နေကြတာ။ ဒါကြောင့်လည်း သားသမီးတွေကနေ မြေးတွေ မြစ်တွေအထိ အသိုက်အအုံကြီးလာလေ သူတို့မေတ္တာဓါတ်က ကြီးမားကျယ်ပြန့်လေ ဖြစ်နေကြတာပေါ့။

ဒီနေ့ ဧနီးမောင်နှံစုံတွဲကော ဘယ်အမျိုးအစားထဲ ပါချင်ကြသလဲ။ ကိုယ်ရောက်ချင်တဲ့ပန်းတိုင်ကို ရွေးချယ်သတ်မှတ်ပြီး ရောက်နိုင်တဲ့ လမ်းမှန်အတိုင်း စည်းကမ်းတကျ လျှောက်လှမ်းကြ။ ဘဝနှောင်ရေးနဲ့ ပတ်သက်လို့ ဘယ် ဗေဒင်ကိုမှ မမေးနဲ့။ ကိုယ်လျှောက်တဲ့လမ်းပေါ်က မှတ်တိုင်များဟာ ကိုယ့်ဘဝမှတ်တိုင်ပဲ။ လမ်းဆုံးမှာရှိတဲ့ ပန်းတိုင်ဟာလည်း ကိုယ်ဆိုက်ရောက်ရမယ့် ပန်းတိုင်ပဲ။ လျှောက်တဲ့ လမ်းကတစ်မျိုး၊ ရောက်တဲ့ပန်းတိုင်က တစ်မျိုးဆိုတာမရှိဘူး။ ဒါဟာဖောက်ပြန် ပြောင်းလဲခြင်းမရှိတဲ့ ကမ္မနိယာမသဘောပဲ။

* * *

"ထောင်–ဆိုတာ တာဝန်မဲ့သူ၊ ဥပဒေချိုးဖောက်သူ တို့ -

http://www.dhammadownload.com

# မင်္ဂလာ နှင့် အိမ်ထောင်

"ထောင်–ဆိုတာ တာဝန်မဲ့သူ၊ ဥပဒေချိုးဖောက်သူ တို့ ကျရောက်ရတဲ့ လွတ်လပ်ပျော်ရွှင်မှုအားလုံး ဆိတ်သုဉ်းရာ အကျဉ်းစခန်းကြီးဖြစ်သလို၊ 'အိမ် ထောင်' ဆိုတာလဲ ..."

ကဲ '*မင်္ဂလာဆောင်တယ်*' ဆိုတာနဲ့ ပတ်သက်လို့ နည်းနည်းပြောကြဦးစို့။ မင်္ဂလာဆိုတာ ကြီးပွားချမ်းသာခြင်းရဲ့ အကြောင်းအရာကိုခေါ်တာ။ "ကြီးပွားချမ်းသာ၊ ကြောင်းများစွာ၊ မင်္ဂလာဟုခေါ်" ဆိုတဲ့လင်္ကာအတိုင်းပေါ့။ မြတ်စွာဘုရားဟောတော်မူတဲ့ မင်္ဂလာတရားက (၃၈) ပါး တောင် ရှိပါတယ်။ မိတ်ကောင်း ဆွေကောင်းနဲ့ ပေါင်းသင်း ဆက်ဆံတာကစပြီး နိဗ္ဗာန်ရောက်တဲ့အထိပါပဲ။ ဒါပေမယ့် မြန်မာစကားမှာ ပုတ္တဒါရသင်္ဂဟမင်္ဂလာရဲ့ရှေ့ပြေးဖြစ်တဲ့ ခုလို ထိမ်းမြားလက်ထပ်ပွဲကိုမှ "မင်္ဂလာဆောင်တယ်" လို့ ထင်ထင်ရှားရှား ပြောဆိုသုံးစွဲကြတာကတော့ မိဘတို့ရဲ့ဆန္ဒကို သိစေချင်တဲ့ ပုဗ္ဗနိမိတ်ပြစကားအဖြစ်နဲ့ သုံးစွဲတယ်လို့

http://www.dhammadownload.com



ဆိုရမလားဘဲ။

မြတ်စွာဘုရားဟောတော်မူတဲ့ "မင်္ဂလာ" ဆိုတာတွေကို သေသေချာချာလေ့လာကြည့်လိုက်ရင် လိုက်နာကျင့်ကြံရမယ့်'တာဝန်'တွေဆိုတာ တွေ့ရတယ်။ ဒါကြောင့် 'မင်္ဂလာ' ဆိုတာ'လူ့တာဝန်'လို့ခံယူရမယ့် လုပ်ဆောင်စရာလိုက်နာစရာတွေကို ပြောနေတာပါ။ မြန်မာစကားမှာ "ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ'လို့ အကျိုးနဲ့အကြောင်းကိုအတွဲလိုက် ပြောဆိုလေ့ရှိပါတယ်။ အကြောင်းနဲ့အကျိုးကို ခွဲခြားဆက်စပ်ကြည့်လိုက်မယ်ဆိုရင် 'တာဝန်ကျေရင် ကျက်သရေ မင်္ဂလာရှိမယ်၊ ကျက်သရေမင်္ဂလာရှိရင် ကောင်းကျိုးချမ်းသာ ပြည့်စုံမယ်'လို့ ဆိုလိုရင်းဖြစ်ပါတယ်။

ဒီစကားတွဲရဲ့ ဆန့်ကျင်ဘက်အဖြစ်နဲ့ တာဝန်မဲ့ရင် ကျက်သရေမင်္ဂလာမဲ့မယ်၊ ကျက်သရေမင်္ဂလာမဲ့ရင် ကောင်းကျိုးချမ်းသာလည်းမဲ့လိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်ကိုလည်း နားလည်ရလိမ့်မယ်။ ဒါက မင်္ဂလာရဲ့သဘော အဓိပ္ပါယ်ပါ။

'ဆောင်တယ်' ဆိုတာကတော့ သယ်တာ ယူတာပါပဲ။ တာဝန်တွေပိုပြီးဆောင်ယူမယ်လို့ဆိုလိုပါတယ်။ ဥပမာ–အခု ဇနီးမောင်နှံတို့ဘဝကို ပြန်ကြည့်ကြည့်ပါ။ ထိမ်းမြားလက်ထပ်မပြုခင်က မိဘအိမ်မှာ ကိုယ်ကသားသမီးတာဝန်ပဲရှိတယ်။ မိဘဆိုတာ လက်ဦးဆရာဖြစ်လို့ ကိုယ်က တပည့်တာဝန်ပဲရှိတယ်။ မိဘက ဦးစီးနာယကဖြစ်လို့ ကိုယ်က

http://www.dhammadownload.com



နောက်လိုက်တာဝန်ပဲရှိတယ်။ အဲဒီလို တာဝန်တစ်ဝက် တစ်ခြမ်းပဲရှိခဲ့တာ။ အခုကိုယ်က မိဘနေရာ၊ လက်ဦးဆရာ နေရာ၊ ဦးစီးခေါင်းဆောင်နေရာကို ယူလိုက်ပြီဆိုတော့ တစ်ဖက်မှာ ကိုယ်ရဲ့မိဘကလည်း ရှိလေတော့ သားသမီး တာဝန်၊ တပည့်တာဝန်၊ နောက်လိုက်တာဝန်လည်း ရှိနေ တုန်း၊ ကိုယ်ကိုယ်တိုင် မိဘတာဝန်၊ လက်ဦးဆရာတာဝန်၊ ဦးစီးနာယကတာဝန်ကိုပါ ထပ်ယူရတော့မယ်။ အဲဒီလို တာဝန်တွေပိုပြီးဆောင်ယူတာပါ။ ဒါက တစ်ယောက်ချင်းစီ အနေနဲ့ပြောတာ။ နှစ်ယောက်ပေါင်းအနေနဲ့ကြည့်မယ်ဆိုရင် မိမိတို့မှာ မူလက တစ်ဖက်တစ်မိဘစီပဲရှိခဲ့ကြတာ။ ခုတော့ ဇနီးမောင်နှံအချင်းချင်းက နှစ်ကိုယ်တစ်စိတ်အဖြစ် လက်တွဲ ပေါင်းစပ်ခဲ့ကြပြီဖြစ်လို့ မိဘဆွေမျိုးများကိုလည်း နှစ်မိဘ တစ်မိဘ၊ နှစ်ဆွေမျိုးကို တစ်ဆွေမျိုးတည်းအဖြစ်လည်း ခံယူကြရမှာပဲ။ ဒါကြောင့် မာတာပိတုဥပဋ္ဌာန မင်္ဂလာ၊ ဉာတကသင်္ဂဟမင်္ဂလာတို့လည်း တစ်ဆတိုးပြီး ဆောင်ယူ လိုက်ကြတဲ့သဘော ဖြစ်လာလို့ မင်္ဂလာတွေပိုပြီးယူတယ်၊ ဆောင်တယ်ဆိုတဲ့ နိမိတ်ကောင်းယူပြီး 'ထိမ်းမြားလက်ထပ် ခြင်း'ကို 'မင်္ဂလာဆောင်တယ်'လို့ ကင်းပွန်းတပ်ပြောဆိုကြ တာ ဖြစ်မယ်ထင်ပါတယ်။ မိဘဆွေမျိုးတို့ရဲ့ ဆန္ဒကလည်း ဒီလိုပဲ ရှိကြမှာပါ။

တစ်ကိုယ်ရေတစ်ကာယသမားတွေမှာ ခုလိုမင်္ဂလာ

http://www.dhammadownload.com



တွေ အစုံလိုက်အပြည့်အဝမရှိဘဲ တစ်ဝက်တစ်ခြမ်းပဲ ရှိကြ လို့များအစကပြောခဲ့တဲ့ ကဗျာဆရာက 'လူလားမမြောက် သေး' လို့ ခနဲ့လိုက်သလားပဲ။

ဒီလိုပြောလိုက်လို့ ဟိုနောက်နားက လူလား မ မြောက်ကြသေးသူတွေ အားမငယ်ကြနဲ့။ တို့အတွက် အလွန် အားတက်စရာကောင်းတဲ့ ကဗျာလေးတစ်ပုဒ်လည်း ဖက် လိုက်ရဖူးတယ်။ ကဗျာက–

"ငါအိပ်တယ်၊
ငါနိုးတယ်၊
နံဘေးမှာကြည့်
ဘာမျှမရှိ
ဩော် . . . ကျယ်ဝန်းလိုက်ပါဘိ"တဲ့။

သားမယား ကျွေးမွေးစောင့်ရှောက်မှု ကြောင့်ကြ စရာ ပူပန်စရာ အရှုပ်အထွေးကင်းတဲ့အတွက် တစ်ယောက် တည်းအိပ်စရာ ကျောတစ်ခင်းစာလောက် နေရာကလေးရှိ လည်း ကျယ်ဝန်းနေတာပဲလို့ ဆိုချင်ပုံရပါတယ်။ မြတ်စွာ ဘုရား ဟောတော်မူတဲ့ 'အဗ္ဘောကာသောပဗ္ဗဇ္ဇာ = ဘဝဝဋ် ဘောင် အလွတ်ရှောင်သူတို့ရဲ့ဘဝဟာ လွင်တီးခေါင်လို ကျယ်ဝန်းတယ်' ဆိုတဲ့ စကားနဲ့ကိုက်ညီလို့ တစ်ကိုယ်တည်း သမားတွေအနေနဲ့ အိပ်ရာကနိုးတိုင်း ဥဒါန်းသဘောမျိုး ကျူးရင့်နေဖို့ကောင်းတယ်။ ရသေ့စိတ်ဖြေလို့ ပြောချင်လည်း

http://www.dhammadownload.com



ပြောကြပါစေပေါ့။

အဲ - လူလားမြောက်ပြီးကြတဲ့ ဇနီးမောင်နှံတို့ကတော့ ရာသက်ပန်ခိုင်မြဲရေးမှာ အချင်းချင်းယုံကြည်စိတ်ချမှုဟာ အဓိကဖြစ်တဲ့အတွက် အချင်းချင်းယုံကြည်လောက်တဲ့ ကိုယ်ကျင့်တရားကို အခိုင်အမာ စောင့်စည်းတည်ဆောက်ကြပြီးထမ်းဆောင်ရမယ့် မင်္ဂလာတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြတဲ့ 'မင်္ဂလာဆောင်သူ'စစ်စစ်များဖြစ်အောင် ကြိုးစားကြပေရော့။

ဒီလိုအဟုတ်ရင်တော့ မင်္ဂလာဆောင်ကြသူတွေ မဖြစ်ဘဲ အိမ်ထောင်ကျသူတွေပဲ ဖြစ်သွားလိမ့်မယ်။

'ထောင်'ဆိုတာ တာဝန်မဲ့သူ၊ စည်းကမ်းဥပဒေ ချိုးဖောက်သူတွေကျရောက်ရမယ့် လွတ်လပ်ပျော်ရွှင်မှုအားလုံး ဆိတ်သုဉ်းရာ အကျဉ်းစခန်းကြီးဖြစ်တယ်ဆိုတာ အားလုံးသိပြီးသားပဲ။ 'အိမ်ထောင်'ဆိုတာလည်း မိသားစုတာဝန်ပျက်ကွက်သူ၊ ကိုယ်ကျင့်တရား ချိုးဖောက်သူတွေ ကျရောက်နေရတဲ့ လွတ်လပ်ပျော်ရွှင်မှုတို့ ဆိတ်သုဉ်းရာနေရာကို ခေါ်တာပါ။ ကိုယ်ကျင့်တရား ခိုင်မာသူ၊ တာဝန်ကျေသူတို့အတွက်ကတော့ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အတိပြီးတဲ့ ပျော်ရွှင်စရာ သိရိဂေဟာကြီးဖြစ်ကြမှာပါ။

ဒီလို အခိုင်အမာယုံကြည်လက်ခံကြပြီး မင်္ဂလာတွေ မပြတ်ဆောင်နိုင်ကြတဲ့ ဇနီးမောင်နှံများ ဖြစ်နိုင်ကြပါစေ။

ကဲ - ပြည့်စုံလောက်ပါပြီ။

* * *

http://www.dhammadownload.com

# အိုပွဲ

## မင်္ဂလာ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယော)ဆရာတော်
ဘုရား၏ ၅၉-နှစ်၊ ၃-လမြောက်အိုပွဲ

*(ဝိသုဒ္ဓါရုံ-သာသနာ့မော်ကွန်း)*

မတွေ့ဖူးတဲ့အတွက် အထူးအဆန်းလိုဖြစ်နေတဲ့ အထက်ပါ ပွဲအကြောင်းကိုတွေ့ရတာကတော့ ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် သာသနာ့မော်ကွန်းစာအုပ်မှာ ဖော်ပြတဲ့ဆွမ်းအလှူရှင်များ စာရင်းမှာဖြစ်ပါတယ်။

စာရင်းထဲမှာ အမည်၊ နေရပ်၊ နေ့စွဲ၊ အကြောင်းအရာဆိုပြီး ခေါင်းစဉ်သုံးခုနဲ့ခွဲပြီး ရေးထားရာမှာ 'အကြောင်းအရာ'ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အချို့က သဒ္ဓါဆွမ်း၊ အချို့ မင်္ဂလာဆွမ်း၊ အချို့က မွေးနေ့ဆိုပြီး ကုသိုလ်ပြုရခြင်းရဲ့ အကြောင်းများကို ရေးသားထားရာမှာ ကျောင်းတိုက်ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယော) ဆရာတော်

http://www.dhammadownload.com



ဘုရားရဲ့ ကုသိုလ်ပြုရခြင်းအကြောင်းနေရာမှာ အထက်ပါ အတိုင်းရေးသားထားတာဖြစ်ပါတယ်။

ကုသိုလ်ကောင်းမှုဆိုတာ ကြီးပွားချမ်းသာခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် "ကြီးပွားချမ်းသာ၊ ကြောင်းများစွာ၊ မင်္ဂလာဟုဆို"ဆိုတဲ့ မင်္ဂလာရဲ့ ဗျူပွတ်နဲ့အညီ အထက်ပါ အကြောင်းအရာကို အပြည့်အစုံ ရေးသားရလျှင် "၅၉-နှစ် ၃-လမြောက်အိုပွဲမင်္ဂလာ"လို့ ရေးရပါလိမ့်မယ်။

ရှင်ပြုမင်္ဂလာ၊ ရဟန်းခံမင်္ဂလာ၊ မွေးနေ့မင်္ဂလာ၊ စတဲ့မင်္ဂလာ အမျိုးမျိုးကို အတွေ့ရများပေမယ့် "အိုပွဲမင်္ဂလာ" လို့တွေ့ရတာ မရှိသလောက်ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ တကယ်စဉ်းစားကြည့်ရင်တော့ ဒါဟာလည်း မင်္ဂလာ အစစ် တစ်ခုဖြစ်ပါတယ်။ အများကတော့ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေကို "မင်္ဂလာ" ဆိုတဲ့စကားနဲ့တွဲပြီး ပြောရမှာ နှုတ် တွန့်နေသလို ရေးရမှာလည်း လက်တွန့်နေမိမှာ မလွဲပါဘူး။ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတရားတော်ကို အလေး အနက်ခံယူတတ်တဲ့ ပုဂ္ဂိုလ်မျိုးသာ လက်ခံရဲတဲ့ လက်ခံနိုင်တဲ့ မင်္ဂလာ မျိုးဖြစ်နေလို့ပါ။

ဒီ အို-နာ-သေမှုကို မင်္ဂလာဆိုတဲ့ ဂုဏ်ပုဒ်နဲ့တွဲပြီး မသုံးရဲကြတာဟာ ဒီတရားတွေကို ကျက်သရေမင်္ဂလာမရှိတဲ့ ဖြစ်ရပ်တွေလို့ မှတ်ထင်နေကြလို့ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် လည်း ဒီတရားသဘောတွေကို မင်္ဂလာဆိုတဲ့ ဂုဏ်ပုဒ်နဲ့တွဲပြီး

http://www.dhammadownload.com



မသုံးလိုကြရုံမျှမကပဲ၊ ဒီအသံကို ကြားရရင်တောင် ကျက်သရေမင်္ဂလာမရှိတဲ့အသံတစ်ခုလို့ မှတ်ထင်နေကြတတ်တာဟာ လူတိုင်းလိုလိုပါပဲ။ အမှန်ကတော့ ဒီလိုမှတ်ထင်နေတာကိုက တကယ့်တရားစစ်တရားမှန်နဲ့ အလွန်ဝေးကွာနေလို့ဆိုတာကိုတော့ ပြောရင်တောင် လက်ခံမည့်သူ ခပ်ရှားရှား ဖြစ်ပါလိမ့်မယ်။ မြတ်စွာဘုရားရဲ့ အာဘော်အရကတော့ အဘိဏှသုတ် ပါဠိတော်မှာ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ကို နှလုံးသွင်းပြီး "ငါလည်း ဒီသဘောရှိတယ်၊ ဒီသဘောတရားကို ဘယ်တော့မှမလွန်ဆန်နိုင်ဘူးလို့ မပြတ်နှလုံးသွင်းဆင်ခြင်နေရမယ်" လို့ မိန့်ကြားထားပါတယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင် သူတော်စင်များကိုယ်တိုင် ဒီအကြောင်းကို မပြတ်တွေးပြီး ဆင်ခြင်နေဖို့ မဆိုထားနှင့်၊ သက်ရှိလူတစ်ယောက်ကို သေဆုံးသွားသူနဲ့ တစ်စုံတစ်ရာ တူညီမှုရှိလို့ နှိုင်းယှဉ်ပြောစရာ ကြုံလာရင်တောင်မှ "ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ" ဆိုတဲ့ ဥမြပါမန္တန်ကို ရှေ့ကခံပြီးမှသာ ပြောရဲဆိုရဲ ရှိတတ်ကြပါတယ်။

မြတ်စွာဘုရားရှင်ကတော့ သတ္တဝါတွေ ဒီလောက်အထိ ကြောက်နေတတ်ကြလို့ကို ဒီတရားတွေကို မပြတ်နှလုံးသွင်းပြီး တရင်းတနှီး ဖြစ်အောင်လုပ်ထားကြလို့ တိုက်တွန်းဆုံးမခဲ့တာပါ။ မှန်ပါတယ်။ လောကမှာကြောက်စရာအကောင်းဆုံးလို့ထင်ရတဲ့ ရန်အန္တရာယ်တိုင်းဟာ တရင်း

http://www.dhammadownload.com



တနိုးဖြစ်သွားတဲ့အခါ ကြောက်စရာမဟုတ်တော့ရုံမျှမက အလွန်ထိရောက်တဲ့ အကာအကွယ်တစ်ခုဖြစ်သွားသလို၊ မိမိအပေါ်မှာလည်းအလွန်သစ္စာရှိတဲ့ မိတ်ကောင်း ဆွေကောင်း သဘောမျိုးဖြစ်သွားတတ်တာဟာ ဓမ္မတာပါပဲ။ အနီးကပ်ဆုံး ဥပမာပေးရရင် အလွန်ကြောက်စရာကောင်းလောက်အောင် ဆိုးရွားတဲ့ခွေးတစ်ကောင်ဟာ သူနဲ့ မရင်းနှီးသူ၊ တစ်နည်းပြောရရင် သူနဲ့စိမ်းနေသူတွေအတွက် ကြောက်စရာကောင်းတဲ့ အန္တရာယ်ဆိုးကြီးတစ်ခုလိုဖြစ်နေပေမယ့် သူ့သခင်၊ သူ့မိသားစုအတွက်တော့ အလွန်လုံခြုံစိတ်ချရတဲ့ အကာအကွယ်လည်းဖြစ်၊ အလွန်သစ္စာရှိတဲ့ မိတ်ကောင်းဆွေကောင်းကြီးလည်းဖြစ်နေတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။

ဒီလိုပါပဲ။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေဟာ မရင်းနှီးကြသူတွေအတွက် ကြောက်စရာအန္တရာယ်ဆိုးကြီးဖြစ်နေပေမယ့် ရင်းနှီးအောင် နှလုံးသွင်း ဆင်ခြင်ထားသူတို့အတွက်တော့ မိမိအပေါ် ကိလေသာခေါ်တဲ့ မကောင်းတဲ့တရားများ ရောက်မလာဖို့အတွက် အကောင်းဆုံး အကာအကွယ်ဖြစ်နေသလို တရားစစ်တရားမှန် သိမြင်ရရှိရေးအတွက်လည်း အလွန်သစ္စာရှိတဲ့ မိတ်ကောင်းဆွေကောင်းကြီးတစ်ရပ်ဖြစ်နေမှာ သေချာပါတယ်။

ရှည်လျားလှတဲ့ သံသရာခေတ်အဆက်ဆက်တွေ

http://www.dhammadownload.com



ထဲမှာ အကောင်းဆုံးခေတ်ကြီးတစ်ခုလို့ဆိုရမယ့် အခုလို "ဗုဒ္ဓုပ္ပါဒဒုလ္လဘာ" ခေတ်ကြီးနဲ့ တွေ့ကြုံခွင့်ရကြခြင်းရဲ့ အခြေခံ အကြောင်းတရားကို ရှာကြည့်မယ်ဆိုရင် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားဟာ အလွန်အရေးပါတဲ့ အကြောင်းတရားတွေ ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ ဒါအမှန်ပါပဲ။ အခု မိမိတို့ ကိုးကွယ်ဆည်းကပ်အားထားရာဖြစ်တဲ့ ဂေါတမဘုရားရှင်ရဲ့ ဗုဒ္ဓုပ္ပတ္တိကိုကြည့်မယ်ဆိုရင်လည်း သိဒ္ဓတ္ထမင်းသားဟာ ဒီ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ရဲ့ သင်္ကေတဖြစ်တဲ့ သူအို၊ သူနာ၊ လူသေတို့ ကိုတွေ့မြင်ပြီး ဒီ တရားတွေရဲ့ လွတ်ကင်းရာကိုရှာဖွေဖို့ တောထွက်ပြီး တရားစစ်၊ တရားမှန်ကို ရှာဖွေခဲ့ရာက ဒီသဘောတရားတွေရဲ့ လွတ်ကင်းရာ နည်းလမ်းအမှန်ကို တွေ့ရှိပြီး ဘုရားအဖြစ်ရောက်ခဲ့လို့ ဒီနေ့ သာသနာတော်နဲ့ ကြုံကြိုက်ခွင့်ရကြတာ။ သာသနာတွင်းသားရယ်လို့ အဆင့်မြင့်မြင့် သတ်မှတ်ခံကြရတာဖြစ်တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

လောကကို တိကျမှန်ကန်အောင် သိမြင် ဆုံးဖြတ်နိုင်ဖို့အတွက် အဘိဓမ္မာနည်းနဲ့ရှုမြင်သုံးသပ်တာဟာ အတိကျဆုံး၊အမှန်ကန်ဆုံးပါ။ အဘိဓမ္မာသဘောအရ လောကမှာ ကျက်သရေမင်္ဂလာအကင်းမဲ့ဆုံးအရာတွေဟာ ဘာတွေလဲဆိုတာ ရှာကြည့်လိုက်မယ်ဆိုရင် လောဘ၊ ဒေါသ၊ မာန်မာနစတဲ့ ကိလေသာတရားတွေ ဖြစ်တယ်ဆိုတာ လူယဉ်ကျေးတိုင်း

http://www.dhammadownload.com



မငြင်းမဆန် လက်ခံနိုင်ကြပါလိမ့်မယ်။ ဒီလို ကျက်သရေမင်္ဂလာကင်းမဲ့တဲ့ တရားတွေဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့တရားတွေ မဟုတ်ပါဘူး။ လူများစုက ကျက်သရေမင်္ဂလာရှိတယ်လို့ ထင်နေကြတဲ့ ကျန်းမာခြင်း၊ နုပျိုခြင်းနဲ့ ရာထူးဂုဏ်သိရ်စည်းစိမ်ဥစ္စာစတဲ့အရာတွေကို အကြောင်းပြုပြီး ဖြစ်နေတာပါ။ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ သဘောတရားတွေကတော့ အဲဒီလို ကျက်သရေမင်္ဂလာကင်းမဲ့တဲ့ ကိလေသာတရားတွေကို ချိုးနှိမ်ဖယ်ရှားပေးနေတဲ့တရားစစ်၊ တရားမှန်များသာ ဖြစ်တယ်ဆိုတာလည်း ဘယ်သူမှ မငြင်းနိုင်တဲ့ ဓမ္မစစ် အမှန်တရားဖြစ်ပါတယ်။

နှိုင်းယှဉ်သုံးသပ်စရာ တခြား မြင်ကွင်းတစ်ခုကို ပြောပါဦးမယ်။ သုဂတိ ဘုံဘဝလို့ခေါ်တဲ့ "လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ဒီသုံးဘုံမှာ ဘယ်ဘုံဟာ ကျက်သရေမင်္ဂလာ အမြင့်မြတ်ဆုံးဘုံလဲဆိုတာ စဉ်းစားကြည့်ပါ။ လောကသားတို့ရဲ့ တဏှာရာဂဦးစီးတဲ့ အမြင်နဲ့ကြည့်ရင်တောင် နတ်ဘုံနဲ့ ဗြဟ္မာဘုံတို့ဟာ ကျက်သရေမင်္ဂလာပိုရှိတယ်လို့ ထင်ကြမှာပါပဲ။ ဘာလို့လဲဆိုတော့ အဲဒီဘုံတွေမှာ "အိုတာနာတာလည်း မထင်ရှား၊ စားဝတ်နေရေးလည်း မပူရ။ မွှေ့လျော်ပျော်ပါးစရာတွေနဲ့လည်း ထာဝရပြွတ်သိပ်နေတယ်" လို့ကြားသိထားကြလို့ပါပဲ။

http://www.dhammadownload.com



တကယ်တော့ လောကရဲ့ အမြင့်မြတ်ဆုံး ကျက်သရေမင်္ဂလာဆိုတာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးသာဖြစ်ပါတယ်။ အဲဒီ အမြင့်မြတ်ဆုံး ရတနာ သုံးပါးဟာ လူ့ဘုံမှာသာ ပွင့်ထွန်းပေါ်ပေါက် ရှိးရှိပါတယ်။ နတ်ဘုံ၊ ဗြဟ္မာဘုံတွေမှာ ဘယ်တော့မှ ပွင့်ထွန်းပေါ်ပေါက်ရိုး မရှိပါဘူး။ အကြောင်းကတော့ လူ့ဘုံမှာသာ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ တရားတွေထင်ရှားရှိပြီး နတ်ဘုံနဲ့ဗြဟ္မာဘုံတွေမှာ ဒီတရားတွေထင်ရှားမရှိလို့ပါပဲ။ အဲဒီဘုံတွေမှာ အိုခြင်းနဲ့ နာခြင်းက လုံးဝမထင်ရှားပါဘူး။ သေခြင်းတရားဆိုတာ ရှိပေမယ့်လည်း နတ်၊ ဗြဟ္မာတို့ရဲ့သေခြင်းဟာ မီးစာကုန်ဆီခန်းတဲ့ ဆီမီးတောက်တစ်ခုငြိမ်းသွားသလို၊ အသုဘရုပ်အလောင်း ကြွင်းကျန်ခြင်းမရှိဘဲ ချုပ်ငြိမ်းပြီး သေဆုံးရတာဖြစ်လို့ သံဝေဂပွားစရာအသုဘကမ္မဋ္ဌာန်းရုပ်က ရှိမနေပါဘူး။ ဒီလိုသံဝေဂပွားစရာ ကျက်သရေဆောင်တရားတွေ ထင်ရှားမရှိလို့လည်း အဲဒီဘုံတွေမှာ ဘုရား ပစ္စေကဗုဒ္ဓါတို့ မပွင့်ပေါ်ကြတာဖြစ်ပါတယ်။ ဒါကြောင့် ကျက်သရေမင်္ဂလာဆိုတဲ့ ပေတံနဲ့စံထားတိုင်းတာပြီး ဆုံးဖြတ်ကြရမယ်ဆိုရင် သုဂတိဘုံတွေထဲမှာ လူ့ပြည်၊ လူ့ဘုံဟာ ကျက်သရေမင်္ဂလာအရ အမြင့်မြတ်ဆုံးဘုံဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း လက်ခံနိုင်ကြပါလိမ့်မယ်။ ဒီလို ကျက်သရေမင်္ဂလာ အမြင့်မြတ်ဆုံးဖြစ်ရခြင်းရဲ့ အဓိကအကြောင်းတရားကို ကြည့်မယ် ဆိုရင်

http://www.dhammadownload.com



လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေ ထင်ရှား ရှိတဲ့အတွက် ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးတို့ ပွင့်ပေါ် ထွန်းကား တည်ရှိနေလို့ပါ။

ဒါကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းတရား ဆို တာဟာ လောကရဲ့ တကယ်ကျက်သရေဆောင်အစစ်တွေ၊ တစ်နည်းပြောရရင် ဒီတရားမြတ်တွေဟာ လောကရဲ့ ကျက်သရေ အမဲ့ဆုံးဖြစ်တဲ့ လောဘ၊ ဒေါသ၊ မာန်မာနစတဲ့ ကိလေ သာတွေကို ဖယ်ရှားတားဆီးပေးနေတဲ့ တရားမှန်၊ တရားမြတ်တွေပဲဆိုတာကိုလည်း အမှန်အကန်ဆုံးဖြတ်နိုင်ပါ လိမ့်မယ်။

ဒီလိုစဉ်းစားလိုက်တဲ့အခါ "မဟာဝိသုဒ္ဓါရုံ ရွှေကျင် ကျောင်းတိုက် သာသနာ့ မော်ကွန်း" စာအုပ်မှာပါတဲ့ "အိုပွဲ" ဆိုတဲ့ မင်္ဂလာစာပိုဒ်ကလေးဟာ အမှတ်တမဲ့ကြည့်ရင် သူများနဲ့မတူတဲ့ အထူးအဆန်းလေးတစ်ခုလိုလိုသာ ထင်ရ ပေမယ့် မြတ်ဗုဒ္ဓရဲ့ သာသနာ့အမြင်နဲ့ ကြည့်ရင် သတိထား သူတိုင်းကို အသိပွားစေတဲ့ နိဗ္ဗာန်လမ်းညွှန် စာပိုဒ်ကလေး တစ်ခုဖြစ်ပါကြောင်း ဝေမျှခံစားတင်ပြလိုက်ပါတယ်။

မင်္ဂလာအစစ် ယူတတ်ကြပါစေ။

* * *

http://www.dhammadownload.com

# ခံ တွ င် း မှ
# ဖွားသူများ

*''မိဘဆိုတာ ရုပ်ခန္ဓာကိုယ်ကို ကြီးပြောင်စင် (ကြီးထွားသန့်စင်)အောင် ဖွားမြင်စောင့်ရှောက် သင်ကြားပေးတဲ့ လက်ဦးဆရာများဖြစ်သလို ဆရာဆိုတာလည်း နာမ်ခန္ဓာကိုယ်ကို ကြီးပြောင် စင်အောင် ဖွားမြင်စောင့်ရှောက်ပြုစုပေးနေတဲ့ ပဝတ္တိမိဘတွေပါ။ လူဆိုတာ ရုပ်နာမ်နှစ်ခုလုံး ကြီးပြောင်စင်မှ လူလားမြောက်ပါတယ်''*

အ.ထ.က တစ်ခုမှာ ဆရာမိဘ ကျောင်းသား၊ ကျောင်းသူအားလုံး စုပေါင်းပြုလုပ်တဲ့ ကသိုလ်ပွဲမှာ ဟော ပြောခဲ့တဲ့ အနုမောဒနာ (အမြဲတမ်း ဝမ်းမြောက်စရာ) စကား စုကို အစအဆုံး မှတ်တမ်းပြုလိုက်ပါတယ်။ အားလုံးကို

http://www.dhammadownload.com



သိစေချင်လို့ပါ။

သတ္တဝါဆိုတာ သက်ရှိအားလုံးကိုခေါ်တာပါ။ အဲဒီသတ္တဝါတွေထဲမှာ ဥအဖြစ်တစ်ကြိမ် အကောင်အဖြစ်နဲ့ တစ်ကြိမ် ပေါင်းနှစ်ကြိမ် မွေးဖွားရတဲ့ ဒွိဇ သတ္တဝါနဲ့၊ အကောင်အဖြစ်နဲ့ တစ်ကြိမ်တည်းမွေးဖွားရတဲ့ ဧကဇ သတ္တဝါရယ်လို့ နှစ်မျိုးရှိပါတယ်။

အများနားလည်ထားကြတဲ့အတိုင်း ဒွိဇ (နှစ်ကြိမ်ဖွား) သတ္တဝါဆိုတာ နားရွက်မပါတဲ့ တိရစ္ဆာန်မျိုးနွယ်တွေ ဖြစ်ပါတယ်။ တစ်ကြိမ်ဖွား သတ္တဝါတွေကတော့ နားရွက်ပါတဲ့ တိရစ္ဆာန်များနဲ့ လူများဖြစ်ပါတယ်။

သေသေချာချာစဉ်းစားကြည့်ရင် လူဆိုတာဟာလည်း အလွန်ထူးခြားတဲ့ နှစ်ကြိမ်ဖွားများ ဖြစ်နေတာကို ကျောင်းသား ကျောင်းသူတို့ အလေးအနက် သတိပြုစေချင်ပါတယ်။

"အလွန်ထူးခြားတဲ့"လို့ ပြောရတာက သက်ရှိသတ္တဝါဆိုတာ ရုပ်တရားရယ်၊ နာမ် (သိမှုဆိုင်ရာ) တရားရယ်လို့ နှစ်မျိုးရှိကြရာမှာ နားရွက်မဲ့တိရစ္ဆာန်များ နှစ်ကြိမ်ဖွားကြတာက နှစ်ကြိမ်လုံး ရုပ်တရားစုသာအဓိက ဖွားမြင်လာခဲ့တာဖြစ်ပါတယ်။ လူကို နှစ်ကြိမ်ဖွားမြင်တာကတော့ ရုပ်တရားစုကို အဓိကထားပြီး တစ်ကြိမ်၊ နာမ်တရားစုကို အဓိကထားပြီး တစ်ကြိမ် အဲဒီလိုနှစ်ကြိမ်ဖွားမြင်ခဲ့ရတာပါ။

http://www.dhammadownload.com



ဒါကြောင့် ထူးခြားပါတယ်။

ပထမအကြိမ် ဖွားမြင်ပေးတာက မိဘနှစ်ပါးတို့ကပါ။ ကိုးလလွယ် ဆယ်လဖွားပြီး လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ပေးရုံ သာမက ပတ်ဝန်းကျင်နဲ့ ပြောဆို ဆက်ဆံတတ်ဖို့ပါ သင်ကြားပေးကြလို့ လက်ဦး ဆရာလို့လည်း ခေါ်ပါတယ်။ အဲဒီလို ကိုးလလွယ် ဆယ်လ ဖွားပြီး စောင့်ရှောက်ခဲ့တဲ့ မိဘကို ဇာတိမိဘ (ဖွားမြင်ပေးတဲ့ မိဘ) လို့ ခေါ်ကြတယ်။ အဲဒီ ပထမဦးဆုံးအကြိမ် ဖွားမြင်ပြီး ကြီးပြောင်စင်ခဲ့တဲ့ သားသမီးများကိုတော့ 'ဇာတိကုလပုတ္တ = မိဘမျိုးရိုး ကောင်းမွန်တဲ့ အမျိုးကောင်းသားသမီးများ'လို့ ခေါ်ရပါတယ်။

လူဆိုတာ မိဘက တစ်ကြိမ်ဖွားပေးရုံနဲ့တော့ လူဖြစ်လာတာပဲ ရှိပါသေးတယ်။ လူလားမြောက်ပြီလို့ မဆိုနိုင်သေးပါဘူး။ အကြောင်းကတော့ လူမှာ ရုပ်တရား၊ နာမ်တရားနှစ်မျိုး အခြေအနေခံရှိတဲ့ အထဲက မိဘများဟာ ရုပ်တရားကိုသာ အဓိက ကြီးပြောင်စင်အောင် ဖွားမြင်စောင့်ရှောက် သင်ကြားပေးခဲ့ကြတာဖြစ်လို့ပါ။ သတ္တဝါတို့ရဲ့ မြင့်မြတ်မှုဆိုတာ နာမ်လို့ခေါ်တဲ့သိမှု အဆင့်အတန်း မြင့်မားခြင်းက အဓိကကျပါတယ်။ အဲဒီနာမ်တရား ကြီးပြောင်စင် (အသိဉာဏ်မြင့်မား)လာအောင် မဖွားမြင်ရသေးသမျှ လူလားမြောက်ပြီလို့ မဆိုနိုင်ပါဘူး။

http://www.dhammadownload.com



ဒီနေရာမှာ အများကြားသိဖူးပြီးသားဖြစ်တဲ့ ကုဋေရှစ်ဆယ်သူဌေးသားရဲ့ အဖြစ်ကို စဉ်းစားကြည့်ရင် သိသာပါတယ်။ မိဘများက ရုပ်ခန္ဓာ ကြီးပြောင်စင်အောင် တစ်ကြိမ်သာ မွေးဖွားခဲ့ပြီး ရုပ်ဝတ္ထုအမွေတွေ ကုဋေရှစ်ဆယ်လောက် ပေးထားခဲ့ပေမယ့် နာမ်လို့ခေါ်တဲ့သိမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ဘာမျှစီစဉ်မပေးခဲ့ကြလို့ ရုပ်ဝတ္ထုတွေပါ လက်မဲ့ဖြစ်ရပြီး မရှုမလှဇာတ်သိမ်းသွားရတာကိုကြည့်ရင်လူလားမမြောက်ဘူး၊ လူရာမဝင် လူစဉ်မမှီဘူးဆိုတာသိသာထင်ရှားပါတယ်။

ဒီလိုဆိုရင် လူလားမြောက်အောင် နာမ်ခန္ဓာဖွံ့ဖြိုးတိုးတက်စေဖို့ ဒုတိယအကြိမ်မြောက် ဘယ်သူတွေက ဖွားမြင်စောင့်ရှောက်ပေး နေသလဲဆိုတာ သတိထားကြည့်ကြပါ။ နာမ်ခန္ဓာ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ အတတ်ပညာ အသိပညာတွေ၊ ကိုယ်ကျင့်တရားနဲ့ ယဉ်ကျေးမှု အစဉ်အလာကောင်းတွေ ဖွံ့ဖြိုးတိုးတက်လာတာကို ဆိုလိုပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆရာသမားများက သင်ကြားပြသပေးနေကြတာပဲ မဟုတ်လား။ ဒါကြောင့် ဆရာဆိုတာ နာမ်ခန္ဓာခေါ်တဲ့သိမှု အစုဝေးတွေ ဖွံ့ဖြိုးပြီး ကြီးပြောင်စင်အောင် ဖွားမြင် စောင့်ရှောက်ပေးနေတဲ့ ပဝတ္တိမိဘတွေလို့ ခေါ်ပါတယ်။

တစ်နည်းအားဖြင့်တော့အသိတရား၊ အကျင့်တရားတွေကို ဖွားမြင်ပေးတာဖြစ်လို့ ဆရာ၊ ဆရာမတို့ကို အာစာရ

http://www.dhammadownload.com



မိဘတွေလို့ ခေါ်ရပါတယ်။ တပည့်တို့ကိုတော့ အာစာရ ကုလပုတ္တ =အသိအကျင့်နဲ့ပြည့်စုံတဲ့ သားသမီး ရတနာလို့ ခေါ်ရပါတယ်။

အာစာရမိဘတို့က ဖွားမြင်ရာမှာတော့ ဇာတိမိဘ တို့ ဖွားမြင်ပေးပုံထက် ပိုပြီး ထူးခြားမြင့်မြတ်ပါတယ်။ ဘာ ကြောင့်လဲဆိုတော့ အာစာရ မိဘဆိုတာ အာစာရကုလပုတ္တ တို့ကို နှလုံးသားနဲ့လွယ်ပြီး ခံတွင်းက ဖွားမြင်ပေးတာ ဖြစ်လို့ ပါတဲ့။ အဲဒါ ဒီ-၂-၅-၁၃၂ မှာ အဋ္ဌကထာ ဆရာကြီးပြောတဲ့ စကားပါ။

အကြောင်းက ဒီလိုပါ။ ဆရာ ဆရာမဆိုတာ သူတို့ရဲ့နှလုံးသားထဲမှာ တပည့်သားတို့အပေါ်မှာ တတ်သိ လိမ္မာစေချင်တဲ့မေတ္တာ ကရုဏာတရားတွေ၊ ကြောင့်ကြစိုက် တဲ့ လုံ့လဝီရိယတရားတွေကိုဖြစ်စေပြီး ခံတွင်းကနေ ပြောဆို သင်ကြားပေးနေကြတာဖြစ်လို့ နားထောင်သင်ယူပြီး အသိ အလိမ္မာတွေ ပြည့်စုံဖွံ့ဖြိုးလာကြတဲ့ တပည့်သားတိုင်းဟာ ဆရာ၊ ဆရာမတို့ရဲ့နှလုံးသားမှာ သန္ဓေတည်ပြီးခံတွင်းက ဖွားမြင်လာကြတဲ့ သားသမီးများဖြစ်ကြပါတယ်တဲ့။

ရဟန်းသာမဏေတို့ကို မြတ်စွာဘုရားရှင်ရဲ့ သား တော်များလို့ခေါ်ရတာဟာလည်း ဒီသဘောအတိုင်း အတူ တူပါပဲ။

ဒီလို နာမ်ခန္ဓာလို့ခေါ်တဲ့ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု တိုး

http://www.dhammadownload.com



တက်ပြီး ကြီးပြောင်းစင် မလာသေးဘူးဆိုရင်တော့ တစ်ကြိမ် ဖွား၊ တစ်ပိုင်းကြီး လာရုံနဲ့လူလား မမြောက် လူရာမဝင်ကြ တာ သေချာပါတယ်။ ဒါကိုသဘောကျကြတယ်ဆိုရင် မိဘ ဆိုတာ ရုပ်ခန္ဓာကိုယ်ကို ကြီးပြောင်းစင်အောင် ဖွားမြင်စောင့် ရှောက်သင်ကြားပေးတဲ့ လက်ဦးဆရာများဖြစ်သလို ဆရာဆို တာလည်း နာမ်ခန္ဓာကိုယ်ကို ကြီးပြောင်းစင်အောင် ဖွားမြင် စောင့်ရှောက်ပြုစုပေးနေတဲ့ ပဝတ္တိမိဘပဲဆိုတာ သဘော ပေါက်လောက်ကြပါတယ်။ မိဘလည်း ဆရာ၊ ဆရာလည်း မိဘပဲလို့ ဆိုလိုတာပါ။

ဒီလို ဂုဏ်ရည်တူမျှလို့လည်း ဗုဒ္ဓဘာသာဝင်များက ရတနာသုံးပါးထဲမှာ မိဘနဲ့ဆရာကို ပေါင်းထည့်ပြီး အနန္တ ငါးပါးလို့ သတ်မှတ်ဟောကြားခဲ့တာပါ။ အတိုင်းမရှိ ကျေးဇူး ကြီးမြတ်တဲ့ငါးပါးလို့ အဓိပ္ပါယ်ရပါတယ်။

အတိုင်းအတာ ပမာဏ မခန့်မှန်းနိုင်၊ မသိနိုင် လောက်အောင် ကျေးဇူးများကြလို့ ကျေးဇူးပေးဆပ်ကြသူ တွေမှာ အတိုင်းမသိနိုင်လောက်တဲ့ ကောင်းကျိုးချမ်းသာ များကို ရနိုင်သလို ကျေးဇူးမသိကြသူ၊ ကျေးဇူးကန်းကြသူ တွေမှာလည်းအတိုင်း မသိနိုင်လောက်တဲ့ ဆိုးကျိုးဒုက္ခတွေ ရတတ်ကြတာ အမှန်ပါပဲ။

အနန္တငါးပါးထဲမှာ ရတနာသုံးပါးနဲ့ မိဘတို့အပေါ် ပြစ်မှားကြသူတွေ ဆိုးကျိုးဒုက္ခအနန္တတွေ ကြုံကြရတာ က

http://www.dhammadownload.com



တော့ သတိထားမိသူတွေ၊ ကြားဖူးသိဖူးရှိကြသူတွေ များပါတယ်။

ဆရာနဲ့ပတ်သက်လို့ သင်ဆရာတွေဖြစ်တဲ့ လူသားများကို မဆိုထားနဲ့။ မြင်ဆရာဖြစ်တဲ့ ဗိုဓိုင်းတိရစ္ဆာန်ကို ကာပြန်မိတာတောင် အာခေါင်လုံ့စူးပြီး သေရတာကို သတိပြုမိရင် ပဝတ္တိမိဘများဖြစ်တဲ့ သင်ဆရာတွေအပေါ် ပြစ်မှားရင် ဘယ်လိုနေမလဲဆိုတာ လိမ္မာသူတိုင်း မှန်းဆသိနိုင်ပါလိမ့်မယ်။

အထူးသတိပေးတိုက်တွန်းလိုတာကတော့ တပည့်များကလည်း ဆရာဆိုတာ တို့တစ်တွေကို နှလုံးသားနဲ့ လွယ်ပြီး ခံတွင်းကဖွားပေးနေတဲ့မိဘများဖြစ်တယ်ဆိုတာ အလေးအနက်သိမှတ်ပြီး အနန္တကျေးဇူးတွေကို မပြတ်သိနေကြဖို့လိုပါတယ်။

ဆရာ ဆရာမတို့ကလည်း တပည့်ဆိုတာ ငါတို့နှလုံးသားမှာ တည်နေတဲ့ သန္ဓေသားများဖြစ်လို့ အချိန်တန်ရင် အညစ်အကြေးကင်းတဲ့ ခံတွင်းကနေ ဖွားမြင်ပေးရမှာပါလားဆိုတာ အလေးအနက် ထားကြဖို့ပါပဲ။

ကိုးလလွယ် ဆယ်လဖွားရတဲ့ မိခင်များဟာ သန္ဓေသားကို လွယ်ထားရချိန်ကစပြီး ဖွားမြင်ပြီးကြီး ပြောင်စင်တဲ့အထိ မေတ္တာအပြည့်နဲ့ စောင့်ရှောက်သလို ဆရာ၊ ဆရာမတို့ရဲ့ မေတ္တာတရားကလည်း ကြီးမားကြမယ်။ တပည့်များ

http://www.dhammadownload.com



ကလည်း ဒီမေတ္တာကို တန်ဖိုးထားခံယူကြမယ်ဆိုရင်...။

စာသင်ကျောင်းဆိုတာ လူလားမြောက်၊ လူရာဝင်၊ လူစဉ်မီကြတဲ့ မိဘနဲ့သားကောင်းရတနာတို့ရဲ့ပျော်စံရာ ဘုံဗိမာန်ကြီးတစ်ခုဖြစ်တယ်ဆိုတာ လိမ္မာသူတိုင်း သိရှိပြီး တန်ဖိုးထား လေးစားလာကြမှာမလွဲပါဘူး။

စာသင်ကျောင်းတိုင်း ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံတဲ့ ဘုံဗိမ္မာန်ကြီးများဖြစ်ကြပါစေ။

* * *

http://www.dhammadownload.com

## ထ ၁ ၀ ရ

# ရာနှုန်းပြည့်လူ

**ပစ္စည်းဥစ္စာ၊ အင်္ဂါခြေလက် ကိုယ်အသက်ပါမကျန် အပဝတ္တု၊ ရုပ်ခန္ဓာစုကြီး ပျက်စီးပါစေ။ အတွင်း အနှစ်ဖြစ်တဲ့ ပါရမီကောင်းမှု(နာမ်ခန္ဓာစု) မပျက်စီး ရင် သေတာတောင် ပျက်စီးတယ်လို့ မဆိုနိုင်ဘူး"**

***(ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံဆရာတော်ကြီး)***

ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးရှိစဉ်က ရန်ကုန်ကျိုက္ကစံမှာ သီတင်းသုံး နေတော်မူတဲ့အချိန်မှာ ဆရာတော်ဘုရားကြီး တည်ထောင်သီတင်းသုံးခဲ့တဲ့ ရွှေကျင်ဂိုဏ်း ပင်ရင်းမူလ မန္တလေးမြို့ 'အရှေ့ဝိသုဒ္ဓါရုံ' ကျောင်းတိုက်ကြီးထဲက ကျောင်းအချို့ မီးလောင်ပျက်စီးသွားတယ်။ ဒီအကြောင်း ဆရာတော်ဘုရားကြီးထံ လျှောက်ထားကြတဲ့အခါ အထက်ပါဆုံးမဩဝါဒကို နှုတ်ကမြွက်ကြားသလို ဂါထာနဲ့လဲ ရေးဖွဲ့ပြီး တပည့်ရဟန်းများကို ဆုံးမတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



ဆရာတော်ကြီး အဆုံးအမက ဂါထာသုံးပုဒ်ရှိပါတယ်။ ဆိုလိုရင်းကတော့ ဘဝသံသရာ တစ်လျှောက်လုံးမှာ စကြဝဠာမင်းစည်းစိမ်မျိုးအထိလဲ ရှိခဲ့ဖူးမှာပဲ။ အဲဒီဘဝတွေမှာ ရခဲ့ဖူးတဲ့ စည်းစိမ်ဥစ္စာ (ရုပ်ခန္ဓာ)တွေလဲ ဆုံးရှုံးပျက်စီးတတ်တဲ့သဘာဝအတိုင်း ပျက်စီးခဲ့ပြီး တကယ်တမ်းဘဝကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်အောင် ပို့ဆောင်ပေးခဲ့တာဟာ အဲဒီဝတ္ထုတွေမဟုတ်ပါဘူး။ မိမိတို့ဆည်းပူးခဲ့တဲ့ ပါရမီကောင်းမှု (နာမ်ခန္ဓာစု) ကသာဖြစ်တယ်။ ဒါကြောင့် ရုပ်ခန္ဓာတွေ ဘယ်လိုပဲပျက်စီးပါစေ၊ နာမ်ခန္ဓာမှာ ပါရမီကောင်းမှုတွေသာ မပျက်စီးစေနဲ့။ ဒီပုဂ္ဂိုလ်မျိုးကို သေသွားတောင်မှ ပျက်စီးသူလို့မဆိုနိုင်ဘူးလို့ ဆုံးမခဲ့တာပါ။

"လူ"ဆိုတာ ရုပ်နာမ်နှစ်ခုတို့ရဲ့ အစုအဝေးဖြစ်တယ်ဆိုတာကတော့ ကြားဖူးသူများပါလိမ့်မယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့အပြင်က တွေ့မြင်နေရတဲ့ ခန္ဓာကိုယ်ကြီးဟာ ရုပ်အစုအဝေးကြီးပါ။ အတွင်းမှာ သိမြင်ခံစား မှတ်သား ကြံစည်တတ်တဲ့ သိမှုအစုအဝေးကို နာမ်ခန္ဓာလို့ ခေါ်ပါတယ်။ ဒီရုပ်တရား၊ နာမ်တရားနှစ်မျိုးလုံး ပြည့်စုံနေခိုက်ကို သက်ရှိ "လူ" လို့ခေါ်ရတာပါ။

လူ့ဘဝတစ်ခုရဲ့ ယေဘုယျဖြစ်စဉ်ကို သုံးသပ်ကြည့်မယ်ဆိုရင် ပထမအရွယ်လို့ခေါ်တဲ့ လူ့ဘဝရောက်ပြီး အနှစ်သုံးဆယ်အရွယ်လောက်အထိဟာ ရုပ်ခန္ဓာရဲ့ကြီးထွား

http://www.dhammadownload.com



မှုက အားသာပါတယ်။ ဒီအရွယ်မှာ နာမ်ခန္ဓာစုကလဲ ရုပ်ခန္ဓာကြီးထွားမှုနဲ့ ရုပ်ခန္ဓာရဲ့အထောက်အပံ့ဖြစ်တဲ့ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဥစ္စာတိုးတက်မှုကိုပဲ အဓိကာအားသန်နေတာများ တတ်ပါတယ်။

နာမ်ခန္ဓာစုရဲ့ တကယ့်တိုးတက်မှုအစစ်ဆိုတာ ကိုယ်ကျင့် သီလ၊ စိတ်ဓါတ်တည်ငြိမ်မှုသမာဓိနဲ့ သဘာဝတရားတို့ရဲ့ သဘောအမှန်ကိုသိတတ်တဲ့ ပညာတရားများ တိုးတက်ကြီးထွားမှုကိုသာ ခေါ်ရတာပါ။ ရုပ်ပိုင်းဆိုင်ရာ အထောက်အကူပြုဖြစ်တဲ့ လောကီအတတ် ပညာတိုးတက်ကြီးထွားမှုဟာလဲ တကယ်နာမ်ခန္ဓာတိုးတက်မှု အစစ်မဟုတ်သေးပါဘူး။ ဒါကလဲ ဒီအတတ်ပညာတွေနဲ့ ရှာဖွေရရှိထားတဲ့ ပစ္စည်းဥစ္စာတွေက အရွယ်သုံးပါးမရွေး ချမ်းသာမှုကို ပေးနိုင်စွမ်းမရှိတာနဲ့ သေရွာအထိယူဆောင်လို့ မရနိုင်တာကို သဘောပေါက်မှ နားလည်လက်ခံနိုင်မှာပါ။

ပထမအရွယ်လို့ခေါ်တဲ့ ရုပ်ခန္ဓာကြီးထွားတိုးတက်မှု အားသာနေတဲ့အရွယ်မှာ နာမ်ခန္ဓာရဲ့တကယ်တိုးတက်မှုအစစ်ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာတို့က များသောအားဖြင့် အင်အားနည်းပါးတာဟာ လူအများစုကြီးရဲ့ယေဘုယျဖြစ်စဉ်ကြီးပါ။

ပထမအရွယ်လွန်လာပြီဆိုရင်တော့ ရုပ်ခန္ဓာရဲ့ သဘာဝကြီးထွားမှုလို့ဆိုရမယ့် မျိုးရိုးဗီဇဆိုင်ရာ ရှိသင့်

http://www.dhammadownload.com



ရှိထိုက်တဲ့ အရပ်အမောင်းကြီးထွားမှုများက ရုပ်ဆိုင်းသွားပါပြီ။ (သဘာဝလွန် ဖြစ်တဲ့ဖြေးတာ၊ မိုက်ရွဲတာမျိုးကတော့ သဘာဝကြီးထွားမှုလို့ မဆိုနိုင်တော့ပါဘူး) ဒီအရွယ်မှာ ရုပ်တရားစုနဲ့အတူ နာမ်တရားစုကလဲ အင်အားအညီအမျှ တိုးတက် ရင့်ကျက်ကြီးထွားလာဖို့ လိုအပ်ပါတယ်။

မင်္ဂလာတရားတော်မှာပါတဲ့ အနုကုလ= အနှောင့်အယှက်ကင်းရမယ်။ အနဝဇ္ဇာ=အပြစ်ကင်းရမယ်ဆိုတာ ဒီအရွယ်မှာ ရုပ်နာမ်နှစ်ပါးအချိုးအစားညီမျှအောင် သတိပြုရမယ်လို့ ဆိုလိုတာပါ။ အနုကုလ ဆိုတာက စီးပွားရှာရာမှာ အပျော်အပါး အသောက်အစားဆိုတဲ့အနှောက်အယှက်တွေကင်းစင်ရမယ်လို့ဆိုတာဖြစ်ပြီး၊ အနဝဇ္ဇ ဆိုတာ မကောင်းမှုဒုစရိုက် ကင်းစင်ပြီး ကိုယ်ကျင့်သီလအခြေခံတဲ့ စိတ်ဓါတ်ခိုင်မာမှုကို တည်ဆောက်ရမယ်။ သဘာဝရဲ့ မတည်မမြဲဖောက်ပြန်ပျက်စီးတတ်တဲ့သဘောကို သတိပြု နားလည်ထားရမယ်လို့ ဆိုလိုပါတယ်။

ဒုတိယအရွယ်ရဲ့ထက်ဝက်ကို ကျော်လွန်လာချိန်မှာတော့ ရုပ်တရားစုတို့ဟာ သိသိသာသာ လျော့နည်းလာပါပြီ။ ပုံမှန်ကြီးထွားမှု လျော့နည်းလာရုံသာမကဘူး ပြင်ပအာရုံခံစားနိုင်မှုတို့လဲ သိသိသာသာ လျော့နည်းသွားလောက်ပါပြီ။ ဒီအခါမှာ ရုပ်တရားစုကျဆင်းလာမှုနဲ့အတူ နာမ်တရားစု (စိတ်ဓါတ်)ပါ ကျဆင်းလာမယ်ဆိုရင်တော့ လူဟာ

http://www.dhammadownload.com



ရာနှုန်း မပြည့်နိုင်တော့ပါဘူး။

အမှန်တကယ်ဖြစ်သင့်တာကတော့ ရုပ်တရားစုကြီး သိသိသာသာ လျော့နည်းသွားတာကို သတိထားအသိပွားပြီး ဒါဟာသဘာဝဖြစ်ရိုးဖြစ်စဉ် (ယထာဘူတ) သဘောပဲဆိုတဲ့ အသိအမှန် (ယထာဘူတဉာဏ်)ဖြစ်ပေါ်လာအောင် ကြိုးစား ကြရမှာပါ။

ဒီအသိဉာဏ်ရဖို့ဆိုတာကလဲ အခြေခံကိုယ်ကျင့်တရားကစပြီး တည်ဆောက်ရပါတယ်။ ကိုယ်ကျင့်တရားကိုကောင်းမွန်မှန်ကန်အောင် မတည်ဆောက်နိုင်ရင် အကျင့်ပါအရှိန်ရနေတဲ့ကိုယ်ကျင့်တရားချွတ်ယွင်းမှုတွေက စိတ်ဓါတ်ကို ယိမ်းယိုင်လှုပ်ရှားနေအောင် ဆင်ခြေပေးဆွဲဆောင်နေတတ်ပါတယ်။ အဲ့ဒီဆင်ခြေတွေနဲ့ စိတ်ဓါတ် မခိုင်မမာ (သမာဓိမရ) ဖြစ်နေသမျှ သဘာဝအမှန်ကို သိမြင်နိုင်ရေး (ယထာဘူတဉာဏ်၊ ဝိပဿနာဉာဏ်)တို့ဟာလဲ အလှမ်းဝေးနေဦးမှာပါ။

ယထာဘူတဉာဏ်နဲ့ ထောက်ကန်ပေးထားနိုင်ပြီဆိုရင်တော့ ရုပ်ခန္ဓာပျက်စီးမှုကပင် နာမ်ခန္ဓာ (သိမှုအစုအဝေး) ရင့်သန်ဖို့ အထောက်အကူ ပေးနေပါလိမ့်မယ်။ ရုပ်ခန္ဓာယိုယွင်းပျက်စီးလာတာနဲ့အမျှ နာမ်ခန္ဓာကို တိုးတက်အောင် ကြိုးစားတည်ဆောက်နိုင်မယ်ဆိုရင်တော့ လူဟာ အမြဲတမ်း ရာနှုန်းပြည့်နေမှာ မလွဲပါဘူး။

http://www.dhammadownload.com



ပိဋကတ်တော်ထဲမှာပါတဲ့ ကျားကိုက်ခံရတဲ့ ရဟန်းငယ်တစ်ပါး ခြေဖျားကစပြီး ကျားစားခံရတဲ့အခါ ဒီခံစားမှု အပေါ်မှာ မပြတ်သတိထားအသိပွားရင်း နောက်ဆုံးရုပ်ခန္ဓာ အဆုံးစွန်ပျက်စီး (သေဆုံး)ချိန်မှာ နာမ်ခန္ဓာက ရာနှုန်းကို ကျော်လွန်ပြီး လောကုတ္တရာအသိရဲ့အမြင့်ဆုံးအဆင့်ဖြစ်တဲ့ အရဟတ္တ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရတာဟာ ရုပ်ခန္ဓာ ပျက်စီးမှုကို နာမ်ခန္ဓာတိုးပွားဖို့အဖြစ်စနစ်တကျ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့အညီအသုံးချသွားတဲ့ သာဓက တစ်ရပ်ပါပဲ။

နကုလပိတာ နကုလမာတာတို့ကို မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ "ခန္ဓာကိုယ်နာသော်လည်း စိတ်မနာစေနဲ့"ဆိုတဲ့ အဆုံးအမ၊ မိုးကုတ်ဆရာတော် ဘုရားကြီး ဟောကြားလေ့ရှိတဲ့ "ရုပ်ခန္ဓာကြီးက သေရွာဘက်သွားနေချိန်မှာ နာမ်ခန္ဓာ(အထူးသဖြင့်ဉာဏ်ပညာ)က မသေရာဘက် သွားနေစေရမယ်" ဆိုတဲ့အဆုံးအမများဟာလဲ ဒီသဘောကို ညွှန်ပြနေတာပါ။

"ရုပ်ခန္ဓာရဲ့ ယိုယွင်းပျက်စီးမှုများကို နာမ်ခန္ဓာ (အသိဉာဏ်)ရဲ့ တိုးတက်မှုအတွက် အသိထား အသိပွားအောင် အသုံးချကြ"လို့ ဆိုလိုရင်းပါပဲ။ ဒီလို ရုပ်ဘက်က လျော့နည်းမှုကို နာမ်တရားရဲ့တိုးတက်မှုနဲ့အစားထိုးနိုင်သမျှ လူဟာ သေသည်အထိအမြဲတမ်း 'ရာနှုန်းပြည့်' ဖြစ်နေမှာ မလွဲပါဘူး။

http://www.dhammadownload.com



ဒီစာရဲ့အစမှာပါတဲ့ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဆုံးမလိုရင်းကတော့ သေသည်အထိသာ မကဘူး။ သံသရာတစ်လျှောက် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်အထိ မပျက်စီးဘူးလို့ဆိုလိုပါတယ်။ မှန်ပါတယ်။ တရားဂုဏ်တော်တွေထဲက "ဩပနေယျိက=အနီးကပ်ဆောင်ယူခြင်း" ဂုဏ်ဆိုတာ ဘဝသံသရာတစ်လျှောက် အခါအခွင့်ကြုံရင် အကျိုးပေးနိုင်ဖို့ ကမ္မသတ္တိများက အနီးကပ်လိုက်နေသလို မပျောက်မပျက် တည်ရှိနေတယ်လို့ ဆိုလိုတာပါ။

ဘဝကို သချ်ာတွက်နဲ့ တွက်လိုသူတို့အဖို့ကတော့ စားလဒ်များကို ဒီအတိုင်းထားရင် တည်ကိန်းထက်လျော့နေမယ်။

စားလဒ်ကို စားကိန်းနဲ့မြှောက်ရင် တည်ကိန်းပဲအလွန်ဆုံးရမယ်။

စားလဒ်(သို့မဟုတ်) စားကိန်းများကို တည်ကိန်းနဲ့မြှောက်ပွားရင်တော့ တည်ကိန်းထက်ပိုလွန်တဲ့အဖြေကို ရနိုင်တယ်လို့ ဆိုရလိမ့်မယ် ထင်ပါတယ်။

ဘဝက တည်ကိန်း၊ အချိန်ကစားကိန်း၊ ရုပ်ခန္ဓာအိုမင်းမှုများကိုစားလဒ်များလို သဘောထားပြီး တွက်ကြည့်ဖို့ပါ။

သာသနာနဲ့ကြုံတုန်းမှာ "ထာဝရရာနှုန်းပြည့်လူ့အဖြစ်ကို ကျော်လွန်အောင်" သတိထား အသိပွားနိုင်ကြပါစေ။

http://www.dhammadownload.com

[redacted]

# စွန့်ဝံ့သူတို့ ပျော်စံရာ

* * *

"တပည့်တော် မိမိရဲ့ စိတ်အလိုဆန္ဒကို ဖယ်ထားပြီး ကျန်အရှင်နှစ်ပါးတို့ရဲ့ အလိုဆန္ဒအတိုင်းအသာ လက်ခံကျင့်သုံးနေထိုင်ပါတယ်ဘုရား ......"

*အရှင်အနုရုဒ္ဓါမထေရ် (ဗုဒ္ဓခေတ်)*

လောကမှာ စွန့်နိုင်ခဲတဲ့ အရာလေးမျိုးရှိတယ်။ အာရုံငါးပါး ကာမဂုဏ်တရားရယ်၊ အယူဝါဒရယ်၊ အကျင့်စရိုက်ရယ်၊ မိမိကိုယ်မိမိရယ်တို့ပါ။ ဒီလေးမျိုးဟာ တစ်ခုထက်တစ်ခု ပိုပြီးစွဲလမ်းမှုပြင်းသလို စွန့်လဲစွန့်နိုင်ခဲတယ်။ အစွဲလမ်းဆုံး အစွန့်နိုင်ခဲဆုံးက "မိမိကိုယ်မိမိ"ဆိုတဲ့ အတ္တဝါဒုပါဒါန်ပါပဲ။

"မိမိကိုယ်မိမိ"ဆိုတာ မိမိရဲ့အသက်ခန္ဓာ၊ရာထူးဂုဏ်သိန်အလိုဆန္ဒစတဲ့ အတွင်းအဈွတ္တဆိုင်ရာ စွဲလမ်းစရာ

http://www.dhammadownload.com



အားလုံးပါပဲ။ ဒီလိုအစွန်နိုင်ခဲဆုံးအရာကို စွန့်ဝံ့သူများ ဟာ မိမိ၊ သူတစ်ပါး နှစ်ဦးသားလုံး ချမ်းသာအေးမြစေတာမို့ ဘုရားအစရှိတဲ့ အရိယာသူတော်စင်တို့ရဲ့ ချီးမွမ်း ထောမနာမှုကိုခံကြရပါတယ်။

လောကရေး၊ သာသနာရေးဖြစ်စဉ်တစ်လျှောက်မှာ မိမိ၊ သူတစ်ပါးနှစ်ဦးသားတို့ရဲ့ ကိုယ်ပန်း စိတ်ပူ ဖြစ်ရပ်တွေကို သုံးသပ်ကြည့်လိုက်ရင် "အတ္တဝါဒုပါဒါန်"ဟာ အခြေခံအကြောင်းရင်းဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။

မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက ဆယ်ဝါမြောက် ဝါကပ်ခါနီးအချိန်လောက်မှာ "ကောသမ္ဗီ"ပြည်က ရဟန်းတွေအချင်းချင်းဘာမှမပြောပလောက်တဲ့ ကုဋီအိမ်ရေကြွင်းရေကျန်ကလေးကို အကြောင်းပြုပြီးခိုက်ရန်ငြင်းခုံဖြစ်ကြရာက ကိုယ့်ဆန္ဒကိုယ်ရှေ့တန်းတင်ပြီး တစ်ဖက်နဲ့တစ်ဖက် အလျှော့မပေးကြဘဲ ပြင်းထန်တဲ့ကွဲပြားမှုကြီးအထိဆိုက်ရောက်သွားတယ်။ ရဟန်းတော်တွေခိုက်ရန် ငြင်းခုံဖြစ်ကြရာကနေ ဘုမသိဘမသိနဲ့ ကြည်ညိုသူဒကာတွေချင်းလဲကွဲ၊ ကိုယ်စောင့်နတ်တွေချင်းလဲကွဲနဲ့ပတ်ဝန်းကျင်တစ်ခုလုံး အုတ်အော်သောင်းတင်းဖြစ်ကုန်ကြတော့တယ်။

မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်ဖျန်ဖြေပေးတာကိုတောင် လက်မခံနိုင်ကြတဲ့အထိ ပြင်းထန်နေကြလို့ ဥပေက္ခာပြုထားခဲ့ရပါတယ်။ ဒါကို အကြောင်းပြုပြီး တချို့

http://www.dhammadownload.com



က "သံဃာအားဘုရားမခံနိုင်"လို့တောင် ပြောစမှတ်ပြုကြတယ်။ အမှန်ကတော့"ဘုရားမခံနိုင်"တာမဟုတ်ပါဘူး။ ဒီလိုငြင်းခုံကွဲပြားနေတဲ့ အင်အားစုမျိုးကို ဘုရားရှင်လက်မခံဘဲ လျစ်လျူရှုခဲ့ခြင်းသာဖြစ်ပါတယ်။ တချို့ကဒီစကားပုံကို အကောင်းထင်ပြီး သုံးစွဲနေကြတာရှိတယ်။ ဘုရားလက်မခံတဲ့ ကိစ္စမှန်သမျှကောင်းတယ်လို့ လုံးဝမရှိနိုင်ဘူးဆိုတာ သတိပြုကြဖို့ပါ။ ကောသမ္ဗီရဟန်းတို့က ဆုံးမဖျန်ဖြေခြင်းကို လက်မခံဘဲ ကိုယ်အတ္တစွဲနဲ့ကိုယ် တင်းခံနေကြတဲ့အခါ မြတ်စွာဘုရားရှင်မှာ ဒီဆယ်ဝါမြောက်ဝါကပ်ချိန်အတွင်း ကိုယ်တော်တိုင်း ဆုံးမချေချွတ်ရမယ့် ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်လဲ မရှိ၊ ကောသမ္ဗီရဟန်းတို့ရဲ့ ငြင်းခုံကွဲပြားမှုဟာ ဥပါယ်တံမျဉ်းနဲ့ ဆုံးမရမယ့်ကိစ္စဖြစ်တယ်ဆိုတာလဲ သိတော်မူတဲ့အတွက် ပလလဲ တောမှာ တစ်ပါးတည်းဧကရီဆောက်တည်နေတဲ့ "အရှင်ပဂု" မထေရ်ကို ချီးမြှောက်ရင်း ဝါကပ်တော်မူဖို့ အတွက် လက်ဝဲရံ၊ လက်ယာရံမထေရ်တို့ကိုလဲ အသိမပေး၊ အရှင်အာနန္ဒာကိုလဲ နောက်ပါအဖြစ်မခေါ်ပဲ "ဗာလကလောဏက" ရွာဘက်ကို ဦးတည်ပြီး ကိုယ်တော်တစ်ပါးတည်း ကြွတော်မူခဲ့တယ်။

ခရီးလမ်းကြောင်းက "အရှေ့ဝါးတော"အရပ်မှာ အရှင်အနုရုဒ္ဓါ၊ အရှင်နိမ္ဗိယ၊ အရှင်ကိမိလ မထေရ်မြတ်သုံးပါးတို့ အလွန်ညီညွတ်အေးချမ်းတဲ့ နေခြင်းမျိုးနဲ့ သီတင်းသုံးနေထိုင်တာကိုလဲ ဘုရားရှင်ကြိုတင်သိရှိပြီးပါ။ ဒါကြောင့် ခရီးလမ်းကြုံတုန်းမှာ ရေဆာမွတ်သိပ်သူက ရေဆိပ်ကို၊ မီး

http://www.dhammadownload.com



လောင်ပြင်ကိုဖြတ်သန်းလာသူက သစ်ရိပ်ကိုတွေ့ရတဲ့အခါ မွေ့လျော်နှစ်သက်မြဲဖြစ်သလို အချင်းချင်း မညီမညွတ် ငြင်းခုံနေကြတဲ့ ကောသမ္ဗီရဟန်းတို့ကို ငြီးငွေ့လာတဲ့ဘုရားရှင်အဖို့ ညီညွတ်အေးချမ်းသူတို့ရဲ့နေရာဟာ မွေ့လျော်နှစ်သက်ဖွယ်ဖြစ်တာမို့ အရှင်မြတ်သုံးပါးတို့နေရာကို ခေတ္တဝင်ရောက် ချီးမြှောက်တော်မူပါတယ်။

အရှင်မြတ်သုံးပါးတို့ရဲ့ ဝတ်ကြီးဝတ်ငယ်ပြုမှုကို ခံယူပြီး နေ့သန့်စင် သီတင်းသုံးရာမှာ ထိုင်နေတော်မူတဲ့ မြတ်စွာဘုရားက အကြီးဆုံးဖြစ်တဲ့ အရှင်အနုရုဒ္ဓါမထေရ်ကို အချင်းချင်းဆက်ဆံနေထိုင်ကြပုံနဲ့ ပတ်သက်ပြီး မေးတော်မူတဲ့အခါ အရှင်အနုရုဒ္ဓါမထေရ်မြတ်က **"အညီအညွတ်၊ ဝမ်းမြောက်၊ ဝမ်းသာ၊ ငြင်းခုံခြင်းမရှိကြဘဲ၊ နို့နှင့် ရေပမာ ရောနှောပြီး အချင်းချင်း ချစ်ကြည်တဲ့ မျက်လုံးများနဲ့ကြည့်ရှုနေထိုင်ကြပါကြောင်း"**လျှောက်ထားပါတယ်။

"ဘယ်ပုံဘယ်နည်း နှလုံးသွင်းပြီး ခုလို နေထိုင်နိုင်ကြပါသလဲ" လို့မေးတော်မူတဲ့အခါမှာတော့ အရှင်အနုရုဒ္ဓါမထေရ်က–

"တပည့်တော်စိတ်ထဲမှာ ဒီလိုသီတင်းသုံးဖော်တို့နဲ့ နေရတာ အရတော်ပါပေတယ်လို့ ဆင်ခြင်ပြီး တစ်ပါးပါးကြောင့် ဖြစ်ပေါ်လာတဲ့ ပြုဖွယ်ကိစ္စကို ကိုယ့်ကိစ္စလို သဘောထားပြီး မတွက်မကပ် ဆောင်ရွက်ပါတယ်။ အချင်းချင်း ချိုသာအေးကြည်ပြောဆိုပါတယ်။ ကျန်းမာချမ်းသာစေကြောင်း နှလုံးကောင်းထားပြီး မေတ္တာပွားပါတယ်။ ဒီလို

http://www.dhammadownload.com



ကံသုံးပါးလုံးနဲ့ယှဉ်တဲ့ မေတ္တာစိတ်ကို မွေးမြူပါတယ်။ တပည့်တော်စိတ်ထဲမှာ "မိမိရဲ့စိတ်အလိုဆန္ဒကို ဖယ်ထားပြီး ကျန်အရှင်နှစ်ပါးရဲ့ စိတ်အလိုဆန္ဒအတိုင်း လက်ခံကျင့်သုံး ရရင်ကောင်းမှာပဲလို့နှလုံးသွင်းပြီး ဒီအတိုင်းပဲကျင့်သုံးနေထိုင် ပါတယ်ဘုရား"လို့ လျှောက်ထားပါတယ်။ ကျန်အရှင်နှစ်ပါး တို့ကိုမေးတော့လဲ အလားတူပဲ ဖြေကြားလျှောက်ထားကြပါ တယ်။

အရှင်သုံးပါးတို့ရဲ့ သာမဂ္ဂီရသအပြည့်ရှိပုံကို သိရ တဲ့အခါ မမေ့မလျော့နေထိုင်ပုံကိုလဲ ဆက်လက်မေးတော် မူပါတယ်။ မထေရ်မြတ်တို့က "နိဗ္ဗာန်ကို စေလွှတ်တဲ့ စိတ်ထားနဲ့ မမေ့မလျော့နေထိုင်ပြီး ငါးရက်တစ်ကြိမ် ညဥ့်သုံးယံပတ်လုံးတရားဟောတရားနာခြင်း၊ပိဋကတ် တော်လာ ပါဠိအနက်အဓိပ္ပါယ်တို့ကို ဆွေးနွေး မေး မြန်းခြင်းကိုပြုပြီး တခြားစကားများကို မပြောမဆို ကြပါကြောင်း" လျှောက်ထားကြတဲ့အခါ သာဓုခေါ် ကောင်းချီးပေးပြီး ညီညွတ်ခြင်းရဲ့ အကျိုးတရားတို့ကို ဟော ကြားဆုံးမတော်မူခဲ့ပါတယ်။ ဒါဟာ မြတ်ဗုဒ္ဓခေတ် မထေရ် မြတ်တို့ရဲ့စကားဝိုင်းနမူနာနဲ့ အအေးချမ်းဆုံးနေထိုင်နည်းပါ။

ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ချီးကျူးရတဲ့ မထေရ်မြတ်တို့ရဲ့ ကိုယ့်ဆန္ဒကိုစွန့်လွှတ်နေထိုင်ပုံကို အားကျ ပြီး ဒီလိုနေထိုင်ခြင်းရဲ့ အဓိကစိတ်ထားကို အတုယူ လိုက်နာ ရင်း တစ်မိသားစုချင်း၊ တစ်ရပ်တစ်ရွာချင်းကစလို့ တစ်ကမ္ဘာ လုံးအထိ အေးချမ်းတဲ့ဘဝ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးဖြစ်အောင် တည်ဆောက် နိုင်ကြပါစေသော်ဝ်။

http://www.dhammadownload.com

# နေ့ချင်းပြန် နိဗ္ဗာန်

"ဒကာဒကာမကြီးတို့က နိဗ္ဗာန်ကို မျက်မှောက်ပြုချင်နေကြတာမဟုတ်ဘူး။ အချိန်မရွေး သွား နိုင် ပြန်နိုင်တဲ့ပါမစ်လက်မှတ်လောက်ပဲ ရချင်ကြတာကိုး"

*(တောင်တွင်းကြီး နတ်မှီတောရဆရာတော်)*

"ရိပ်သာ"နဲ့ ပတ်သက်လို့ ပြောစရာ ရေးစရာ သတိရစရာ အဆိုအမိန့်တွေ တော်တော်များများကို သတိရမိတဲ့ အထဲမှာ တောင်ငူမြို့က "ကြီးမေ"နှစ်ယောက်တို့ သဘောတပန် ဖြစ်ချင်ကြပုံကိုလည်း သတိရမိသေးတယ်။

သူတို့က အပါယ်လေးဘုံကိုတော့ အသေအလဲ ကြောက်ကြတယ်။ လူ့ဘုံကိုတော့ တယ်ပြီး မကြောက်ချင်ကြဘူး။ တစ်နေ့တော့ သူတို့ပူဆာလွန်းတာနဲ့ တောင်တွင်းကြီး နတ်မှီတောရဆရာတော်ကြီးဆီ လိုက်ပို့ပေးလိုက်ပါတယ်။

http://www.dhammadownload.com



ဟိုရောက်တော့ ဆရာတော်ကြီးကို ဝတ်ပြုပြီး သူတို့လိုရင်းကို တန်းလျှောက်တော့တာပဲ။

"ဆရာတော် တပည့်တော်တို့ တရားအားထုတ်တာ ရိပ်သာတွေလဲ စုံလှပြီ။ အခုထိ သောတပန်မဖြစ်သေးဘူး။ ဘုရားတပည့်တော်တို့ကို သောတပန်ဖြစ်အောင် ဟောညွှန်ပေးပါဘုရား" တဲ့။

"ဒကာမကြီး သောတပန်ဖြစ်ရင်ကော ဖြစ်တယ်လို့ သိလိုက်ကြပါ့မလား"

"ဘာဖြစ်လို့ မသိနိုင်ရတာလဲ ဆရာတော်"

"ဒကာမကြီးတို့ ကြည့်ရတာ နိဗ္ဗာန်ဆိုတဲ့ အေးငြိမ်းမှုကို မျက်မှောက်ပြုချင်ကြတာ မဟုတ်ဘူး။ အချိန်မရွေးသွားနိုင် ပြန်နိုင်တဲ့ ပါမစ်(လက်မှတ်)လောက်ပဲ ရချင်နေကြတာကိုး။ သောတပန်ဖြစ်လို့ အပယ်တံခါးကိုပိတ်၊ နိဗ္ဗာန်ကို အချိန်မရွေးသွားနိုင်တဲ့ ပါမစ်လက်မှတ်ရထားပြီးမှ သောတပန်တို့ရဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ သားတွေသမီးတွေကိုလဲ တိုက်တွေ ကားတွေနဲ့ ပြည့်စုံအောင် လုပ်ပေးခဲ့ချင်တယ်။ ကိုယ်ကလဲ အိုမင်းမစွမ်း ဖြစ်ပြီဆိုမှ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အေးအေးဆေးဆေး နေလိုက်မယ်ဆိုတဲ့ ဆန္ဒတွေ ရှိနေသလားမှ မသိဘဲ"

"အပဲ–ဆရာတော်ဘုရားက တပည့်တော်မတို့ရဲ့ စိတ်ထားကို အတတ်သိနေတာပဲ"တဲ့။

http://www.dhammadownload.com



"အင်း ဘယ်သူစိတ်ရယ်လို့ မဟုတ်ဘူး။ ပုထုဇဉ် တိုင်းလိုလို ဒီအတိုင်း ဆန္ဒဖြစ်နေတတ်ကြတာပါပဲ"

"သောတာပန်(အရိယာ)ဖြစ်သွားတယ်ဆိုတာ နတ်တွေ၊ သိကြားတွေလို နားကင်းတွေ၊ မကိုဋ်တွေ ပေါက်လာတာမျိုးလဲ မဟုတ်ဘူး။ နတ်တို့ရဲ့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ လိုရာဖြစ်စေလို့ ဖန်ဆင်းနိုင်တာမျိုးလဲ မဟုတ်ဘူး"

"ဟို ဓမ္မစကြာမှာ အရှင်ကောဏ္ဍညမထေရ် သောတပန်ဖြစ်သွားပုံကို သေသေချာချာ လေ့လာကြည့်စမ်းပါ။ 'ဝိရဇံဝီတမလံဓမ္မစက္ခုံ ဥဒပါဒိ = ကိလေသာမြူကင်းတဲ့ တရားမျက်လုံး ပွင့်သွားပြီ'လို့ ဆိုတယ်။ တရားမျက်လုံးပွင့်သွားပြီဆိုတာ 'မျက်စိလည် ပျောက်သွားပြီ'လို့ ဆိုလိုတာ"

"လောကမှာ ပကတိမျက်စိလည်နေတဲ့သူတွေ၊ အရပ်လေးမျက်နှာ ပြောတဲ့အခါ တောင်ကို မြောက်၊ အရှေ့ကို အနောက်ဆိုပြီး ပြောင်းပြန်တွေ ဖြစ်နေကြတယ် မဟုတ်လား။ အဲဒီလိုပဲ ပုထုဇဉ်တွေမှာ တရားမျက်စိလည်နေတော့ သစ္စာလေးပါးကို ထင်မှတ်တဲ့နေရာမှာ ဒုက္ခကို သုခထင်၊ ဒုက္ခငြိမ်းကြောင်း(မဂ္ဂင်ပွားများအားထုတ်မှု)ကျတော့ ဒုက္ခရောက်ကြောင်းလို့ ထင်နဲ့ ဒီလို ပြောင်းပြန်တွေ ဖြစ်နေကြတာ"

"မျက်စိလည်ပျောက်သွားတော့ အရပ်မျက်နှာတွေ အမြင်တည့်သွားသလိုပဲ ဉာဏ်မျက်စိတည့်သွားတဲ့ ပုဂ္ဂိုလ်ရဲ့

http://www.dhammadownload.com



မြင်ပုံက –"

"ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မံ = ဖြစ်ပေါ်လာတဲ့အရာတိုင်းဟာ ချုပ်ပျောက်ခြင်းသဘောရှိတယ်" လို့ အမှန်အတိုင်း သိသွားတာ။

ကဲ အဲဒီမှာ သေချာစဉ်းစားကြည့်။ ဒကာမကြီးတို့ ဖြစ်ချင်သလို ရှေ့ဖြစ်နောက်ဖြစ်တွေ မြင်တာတို့၊ ဘာလုပ်ရင် ဘယ်လိုအကျိုးတွေရမှာကို ကြိုသိတာတို့ဆိုတဲ့ လောကီစီးပွားရေးအတွက် ကြိုမြင်တာ၊ ကြိုတွက်တက်တာတွေ ပါရဲ့လားဆိုတော့ . . .။ ဒကာမကြီးတစ်ယောက်က "ဆရာတော် ဒီလိုဆိုတော့လဲ သောတာပန်ဖြစ်တာ အလွယ်လေးပါလား ဘုရား"တဲ့။

"ဆရာတော်က "ဟုတ်ရဲ့လား၊ သေသေချာချာ စဉ်း စားကြည့်စမ်းပါဦး။ ဒကာမကြီးတို့က သူပြော လူပြောနဲ့ သံယောင်လိုက်ပြီး ဖြစ်–ပျက်–ဖြစ်–ပျက်နဲ့ ပြောနေကြလို့ အလွယ်လေးထင်နေတာ။ သောတာပန်သိတဲ့ အဖြစ်အပျက် က သူပြော လူပြောမဟုတ်ဘူး။ ကိုယ်တိုင် တကယ်ကို သဘောပေါက်ပြီး အသိဉာဏ်နဲ့ လက်ခံတဲ့ ဖြစ်–ပျက်နော်"

"ကဲ ဒကာမကြီးတို့ကိုယ်တိုင် ဖြစ်ပြီး ပျက်နေကြတာပဲ။ ဒီလို ပျက်တတ်တဲ့သဘောရှိတဲ့အဖြစ်ကို တွယ်တာမနေတော့ဘူးလို့ ငြီးငွေ့ စက်ဆုပ်တဲ့လူ ရှိရဲ့လား။ ဖြစ် –

http://www.dhammadownload.com



ပျက် ဆိုတာကို ဉာဏ်နဲ့ တကယ်သဘောပေါက် လက်ခံတဲ့ ပုဂ္ဂိုလ်က အခု ဒကာမကြီးတို့လို လောကီအကျိုးစီးပွား အတွက် ဒီဉာဏ်ကို အသုံးချပါ့မလား"ဆိုတော့ . . .။

အခြားဒကာမကြီးက "တပည့်တော်တို့ကတော့ အကြားအမြင်တွေများ ရလာရင် ကိုယ့်အတွက်တော့ မဟုတ် ဘူး။ သားသမီးတွေအတွက် စောင့်ရှောက်မစပေးလိုက်ချင် တာပေါ့ ဘုရား"တဲ့။

ဆရာတော်က "လောကကြီးဟာ ဒုက္ခကြီးပါလား လို့ လူတိုင်း ငြီးနေ၊ ပြောနေကြတယ် မဟုတ်လား။ တကယ် တော့ လောကကြီးက ဘယ်သူ့ကိုမှ ဒုက္ခပေးနေတာမဟုတ် ဘူး။ သူ့အလုပ် သူလုပ်နေတာပါ။ သူ့အလုပ်က 'ဖြစ်တယ်၊ ပြီး ပျက်တယ်' ဒါပါပဲ"

"လူတစ်ယောက်က ထင်းလုပ်ဖို့ သစ်သားချောင်း တွေကို ဓါးမကြီးတစ်ချောင်းနဲ့ ဖြတ်နေတယ်၊ ဓါးမကြီးကို မြှောက်လိုက် ပြီး ခုတ်ချလိုက်ပေါ့။ သူ့အလုပ် သူ ပုံမှန်လုပ် နေတာ။ မနေတတ်တဲ့ ကလေးတစ်ယောက်ယောက်က အဲဒီ ဓါးမကြီး အပေါ် မြှောက်လိုက်တုန်း လက်ဝင်လျှိုလိုက်တော့ ဘာဖြစ်သွားလဲ။ လက်ကိုဓါးထိပြီး ဒုက္ခရောက်ရတယ် မဟုတ်လား"

"အခုလဲ အဲဒီဥပမာလိုပဲ၊ သင်္ခါရတရားတွေ ဖြစ် လာရတာက ဓါးမကြီးကို မြှောက်လိုက်တဲ့သဘောမျိုးပေါ့။

http://www.dhammadownload.com



အပျက်ဆိုတာ ဓါးမကြီးနဲ့ အောက်ကို ခုတ်ချလိုက်တဲ့ သဘောပဲ။ ပုထုဇဉ်တွေက ဒါကို တကယ့်အသိနဲ့ လက်မခံကြတော့ ဖြစ်ပေါ်လာတာကိုတော့ ချစ်ခင်စွဲလန်းတယ်။ ပျက်သွားတော့ ဒုက္ခဆိုပြီး ပူဆွေးငိုကြွေးတယ်။ ဒီလိုဖြစ်နေကြတယ်မဟုတ်လား။ 'အဖြစ်'ဆိုတဲ့ ဓါးမကြီးမြှောက်လိုက်ချိန်မှာ ချစ်ခင်စွဲလန်းခြင်းဆိုတဲ့ လက်ကို လျှိုလိုက်မိလို့ 'အပျက်'ဆိုတဲ့ ဓါးမကြီး ခုတ်ချလိုက်ချိန်မှာ ထိခိုက်ပြီး ဒုက္ခရောက်နေကြတာပါ။ 'သူများဓါးခုတ်ရာ လက်ဝင်မလျှိုကြနဲ့'ဆိုတဲ့ ရှေးလူကြီးစကား ကြားဖူးတယ်မဟုတ်လား။ အဲဒါတို့ကို ပြောနေတာပါလားဆိုတာအခုတော့ သဘောပေါက်လောက်ရောပေါ့"

"အရိယာတို့သိတဲ့အသိက အဲဒီလို လက်ဝင်လျှိုရင် ပြတ်လိမ့်မယ်။ အပျက်ဆိုတဲ့ ဓါးမကြီး ခုတ်ချလိုက်မှာ သေချာတယ်လို့၊ ကိုယ်ပိုင်အသိနဲ့ ခံယူနိုင်တာဖြစ်လို့ စွဲလန်းခြင်းဆိုတဲ့ လက်လျှိုတဲ့အလုပ်ကို မလုပ်တော့ဘူး"

"အနိစ္စ(ဖြစ်ပြီးပျက်) = မမြဲ" ကိုသိရင် ဒုက္ခကိုလဲ သိတယ်ဆိုတာ ခုပြောသလို သိတာမျိုး ပြောတာ။ ဓမ္မစကြာမှာ ဒုက္ခသစ္စာရဲ့ လိုရင်းအနှစ်ချုပ်ကို မြတ်စွာဘုရားဟောပြတဲ့ 'သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ' = လိုရင်းအချုပ်ကတော့ အစွဲ ဥပါဒါန်နဲ့ ယှဉ်တွဲနေတဲ့ ဒီခန္ဓာငါးပါးဟာ ဒုက္ခဖြစ်တယ်"ဆိုတဲ့စကားကလဲ ဒါကိုပဲ ပြောတာ။

http://www.dhammadownload.com



"အနိစ္စသဘော၊ ဒုက္ခသဘောကို ကိုယ်ပိုင်အသိနဲ့ လက်မခံနိုင်ကြတဲ့ ပုထုဇဉ်တွေအနေနဲ့ ဒီခန္ဓာကြီးက တောင်းဆိုသမျှ ကိုယ်က လုပ်ဆောင်ပေးရင်း ကိုယ့်အလိုကျ ဖြစ်လာမယ်လို့ ထင်ကြပြီး တောင်းဆိုသမျှ စားမှု၊ ဝတ်မှု၊ နေမှု၊ ကျန်းမာမှုတွေကို အမြဲတမ်း ဖြည့်ဆည်းပေးနေကြတယ် မဟုတ်လား။ တကယ်တမ်းကျတော့ ကိုယ်ကသာ သူ့အလို လိုက်နေရပေမယ့် သူက (ခန္ဓာကိုယ်ကြီးက) ကိုယ့်ဆန္ဒအလိုကို လိုက်တယ်လို့ကို မရှိဘူး။ အဲဒါကို အနတ္တ (အလိုကျမလိုက်)လို့ ပြောတာပေါ့"

"ဒီလို လက္ခဏာရေးသုံးပါးကို ကိုယ်ပိုင်အသိနဲ့ သိတဲ့ အရိယာ တပည့်သားများမှာ ဖြစ်ပျက်၊ ဆင်းရဲ၊ အလိုမလိုက်ဆိုတဲ့ သဘောလက္ခဏာ သုံးမျိုးကလွဲလို့ ဒီခန္ဓာကြီးမှာ ဘာအနှစ်သာရမှမရှိဘူးလို့ လက်ခံဆုံးဖြတ်ပြီးတဲ့အတွက် ဒီခန္ဓာကြီးကို မခင်တွယ်ချင်တော့ဘူး။ "နိဗ္ဗိန္ဒတိ=ငြီးငွေ့လာတယ်တဲ့။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ = ငြီးငွေ့တော့ အစွဲကင်းတယ်။

ဝိရာဂါ ဝိမုစ္စတိ = အစွဲကင်းတော့ လွတ်မြောက်တယ်တဲ့။ လွတ်မြောက်တယ်ဆိုတာ ခန္ဓာကိုယ်ဗန်းပြပြီး တဏှာကချယ်လှယ်ခွင့် မပြုတော့ဘူး။ တဏှာရဲ့ ချယ်လှယ်မှုအောက်က လွတ်မြောက်သွားတယ်လို့ ပြောတာ"

"ကဲ ဒကာမကြီးတွေ သောတာပန်ဖြစ်ချင်လို့ ဘယ်

http://www.dhammadownload.com



လိုလုပ်ရမလဲဆိုတာ သိချင်တယ်ဆို။ အခု သိပြီမဟုတ်လား"

"သူများ ဓါးခုတ်ရာ လက်ဝင်မလျှိုနဲ့။

လက်ဝင်မလျှိုမိအောင် ဓါးမကြီး အထက်မြောက်ပြီးရင် အောက်ကို ပြန်ခုတ်ချလိုက်လိမ့်မယ်ဆိုတာ မုချ လက်ခံနိုင်အောင် ကြိုးစားရမယ်။ ဒုက္ခကို သိရမယ်ဆိုတာ ဒါကို ပြောတာ" ဆိုတော့ ဒကာမကြီးတွေက 'တပည့်တော်တို့လဲ ကြုံဖူးလုပြီဖြစ်လို့ သိတော့ သိနေကြတာပဲဘုရား'တဲ့။

ဆရာတော်က "အရိယာပုဂ္ဂိုလ်တို့ ဒုက္ခကို သိတယ်ဆိုတာ စိန်နဲ့သံပုရာကို ရောသောက်ရင် သေတတ်တယ်၊ အင်ဒလင်းလို ပိုးသတ်ဆေးကိုသောက်ရင် သေတတ်တယ်လို့ သိသလို အသိမျိုးကိုပြောတာ။ ဒကာမကြီးတွေလဲ ဒီလိုသေတတ်တဲ့ပစ္စည်းတွေကို သိတယ်မဟုတ်လား။ သေတတ်မှန်းသိတဲ့အတွက် နည်းနည်းပါးပါးများ မြည်းကြည့်ချင်စိတ် ပေါ်ဖူးရဲ့လား"လို့ မေးတော့ "တစ်ခါမှ မဖြစ်ဖူးပါဘူး ဘုရား"တဲ့။ "ဒါဖြင့် ဒီခန္ဓာကြီးနဲ့သင်္ခါရတရားတွေကို ဒုက္ခလို့ သိတယ်ဆိုတာကရော စိန်နဲ့ သံပုရာရည်ကို သိတဲ့ အသိလို အာလယပြတ်ရဲ့လား"ဆိုတော့ "တင်ပါ့ဘုရား၊ အဲဒါကတော့"ဆိုပြီး ဘာလျှောက်ထားရမှန်းမသိ ဖြစ်သွားပါတယ်။

ဆရာတော်က "ဘုရားရှင်တို့ဆိုတာ နည်းလမ်း

http://www.dhammadownload.com



ညွှန်ပြရုံသာ ညွှန်ပြတာ။ ကာယကံရှင်က ကိုယ့်ကိစ္စ ကိုယ် လုပ်ရတာမျိုး။ ဘုရားတပည့်ဖြစ်တဲ့ ဘုန်းကြီးတို့ကလည်း ဒီလောက်ပဲ ညွှန်ပြနိုင်တော့မှာပေါ့"လို့ မိန့်ကြားပြီး တရား လက်စသတ်လိုက်ပါတယ်။

အဲဒီ တောင်ငူမြို့က "ကြီးမေ"နှစ်ယောက် အကြောင်း စဉ်းစားမိရင်းက တိပိဋကဓရ(ယော)ဆရာတော် မိန့်ကြားတဲ့ 'ကြီးမေ'တစ်ယောက်ကိုလည်း သတိရမိသေးတော့တယ်။ (ယော)ဆရာတော် မိန့်ကြားတာက "တဏှာ၊ သမုဒယက ရန်တိုက်ပေးနေတာကို မသိကြလို့ လူတွေဟာ ကိုယ့်ဟာကိုယ် ရန်ဖြစ်နေကြရတာ။ နိဗ္ဗာန်ကို ဆုတောင်းတာတောင် တပည့်တော်မ ဤကောင်းမှုကြောင့် နိဗ္ဗာန်ကိုကို အမြန်ရလိုပါ၏ဘုရား။ နိဗ္ဗာန်မှ ပြန်ခဲ့သည်ရှိသော် လောကီစည်းစိမ်တွေကို ခံစားရပါလို၏ဘုရား'လို့ တောင်းတယ်။ နိဗ္ဗာန်တောင်းတာတောင် ရန်တိုက်တဲ့နည်းနဲ့ တောင်းမိတတ်တယ်။ သူက နိဗ္ဗာန်ကို နေ့ချင်းပြန်ပဲ သွားချင်တာကိုး" တဲ့။

တော်ပါသေးတယ်။ ဒီကြီးမေတွေက ဆရာထက် ခေါင်ပြောဖူးတဲ့ ဒကာကြီးတစ်ယောက်လောက်တော့ မဆိုးလှသေးဘူး။ အဲဒီ ဒကာကြီးကတော့ သာမန်လောကီ စီးပွားရေးအတွက် သက်သက်သာ နိဗ္ဗာန်ပါမစ် (လက်မှတ်) ရချင်တာမဟုတ်ဘူး။ ဒုစရိုက်ဟူသမျှကို ဒိုင်ခံပြီး ကန်ထရိုက်

http://www.dhammadownload.com



ဆွဲနိုင်အောင်အထိ အပါယ်တံခါးပိတ်၊ (နိဗ္ဗာန်)ပါမစ် (လက်မှတ်)ကို ရချင်တဲ့ ဒကာကြီးပါ။

သူက တရားဓမ္မနဲ့ ပတ်သက်လို့ တော်တော်လေး ဗဟုသုတ ရှိပုံပေါ်တယ်။ ရိပ်သာကိုသွားပြီး တရားအား ထုတ်တဲ့အခါ တရားစစ်တဲ့ ဆရာတော်က မေးစစ်တော့ သင်္ခါရတို့ရဲ့ သဘောလက္ခဏာတွေကို တကယ်ပဲ ထိုးထွင်း သိမြင်ပြီးဖြစ်သယောင်၊ သောတာပန်လေသံမျိုးနဲ့ ဖြေကြား နိုင်ပုံရပါတယ်။ ဒီတော့ တရားစစ်တဲ့ ဆရာတော်ကလည်း "ဒီလိုဆို ဒကာကြီး အပါယ်တံခါးပိတ်ပြီ"လို့ ပြောလိုက်မှာ ပေါ့။ ဒါနဲ့ ဒကာကြီးက အိမ်ပြန်ရောက်တဲ့အခါ သူ့သား သမီးတွေကိုခေါ်ပြီး "ဟေ့ ငါ့ကို ဆရာတော်က အပါယ် တံခါးပိတ်ပြီလို့ ပြောလိုက်တယ်။ ဒီကရှေ့ အိမ်မှာ သားငါး လတ်လတ် ဆတ်ဆတ်လုပ်စရာရှိရင် နင်တို့ မလုပ်ကြနဲ့။ အပါယ်ကျလိမ့်မယ်။ ငါ့ကို ခိုင်းကြ။ ငါက အပါယ်တံခါး ပိတ်ပြီးသားလို့" ပြောဆိုကိုး။

သူ့စကားထဲမှာ သူ့ဇာတိမှန်ကို ဖော်ပြနေပါတယ်။ 'ဆရာတော်က ပြောလိုက်တယ်'ဆိုကတည်းက သူ့ကိုယ်ပိုင် အသိမှ မဟုတ်ဘဲ။ အရိယာတို့ရဲ့ သစ္စာအသိဆိုတာ အငှား သိလို့ မရဘူး။ ကိုယ်ပိုင်သိ အစစ်ဖြစ်မှ၊ တရားဂုဏ်တော်မှာ ပါတဲ့ "ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ=ပညာရှိသူတို့သာ ကိုယ် သိ မျက်မှောက် ခံစားနိုင်တယ်"ဆိုတဲ့ အတိုင်းပေါ့။

http://www.dhammadownload.com



ဘာပဲဖြစ်ဖြစ် ရိပ်သာကိုသွားမယ့် ပုဂ္ဂိုလ်များအတွက် ဓမ္မစကြာမှာ မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ အာဘော်အရ အထူးပြောချင်တာကတော့ –

အသက်ခန္ဓာ၊ စည်းစိမ်ဥစ္စာ၊ ရာထူး၊ ဂုဏ်သိမ်၊ သားရေး သမီးရေး စတဲ့ ဥပါဒါန် အထုပ်အပိုးတွေထမ်းပြီး နိဗ္ဗာန်တံခါးကို ဝင်လို့မရဘူး။

မြတ်စွာဘုရား ဟောကြားတဲ့ နိဗ္ဗာန်လမ်း(သတိပဋ္ဌာန်မဂ္ဂင်လမ်း)ကျင့်စဉ်ဖြစ်တဲ့ 'ဧကာယနော=တစ်ယောက်တည်းသွားရာလမ်း'ဆိုတာ ဒီခန္ဓာကိုယ်ကြီးတစ်ခုတည်းလို့ ပြောလိုတာမဟုတ်ဘူး။ နိဗ္ဗာန်ဆိုတဲ့ ရည်ရွယ်ချက်ကလွဲလို့ တခြားဥပါဒါန် ဝန်ထုပ်တွေမပါတဲ့ တစ်ကိုယ်တည်းကို ပြောတာ ဖြစ်တယ်ဆိုတာ သဘောပေါက် ခံယူကြဖို့ လိုပါတယ်။

ဒါကြောင့် နိဗ္ဗာန်ဆိုတာ အချိန်မရွေး သွား နိုင်ပြန်နိုင်ခွင့်ပါမစ်(လက်မှတ်)သဘောမျိုးလောက် သာရချင်သူအတွက်မဟုတ်ဘူး။ သံသရာဝဋ်ကို ငြီးငွေ့ပြီးတကယ်လွတ်မြောက်မှုကိုလိုလားသူတို့အတွက် ဖြစ်တယ်ဆိုတာပါပဲ။

ရိုးသားတဲ့ ရည်ရွယ်ချက်နဲ့ နိဗ္ဗာန်ကို အစစ်အမှန် မျက်မှောက်ပြုနိုင်ကြပါစေ။

* * *

http://www.dhammadownload.com

# ■

# သေဒွဲနဲ့

# ရှင်ဒွဲ

''နိုင်ငြိဆို ဝင်တကြွကြွနဲ့ ထပြန်ချင်ကြပြီ၊ ရှုံးပြီ ဆိုရင်တော့ ခါးကအဝတ်တောင် အနိုင်နိုင်ကျန် အောင် ဖွဲ့ကောင်းကြတယ်''

နတ်မောက်အရှေ့ လက်ဥယျာဉ်တောင် ကျောင်းဆရာတော်ရဲ့ ဘွဲ့တော်က ဘဒ္ဒန္တဇာဂရလို့ ခေါ်ပါတယ်။ မှတ်မှတ်ရရ ရှေးရိုးအစဉ်အလာ "ကိုးကြောင်းတွက်"ခေါ်တဲ့ "နှောကေနှော" ဆိုတဲ့ သင်္ချာတွက်နည်းစနစ်ကနေ ခေတ်သစ်သင်္ချာစနစ်ဖြစ်တဲ့ အပေါင်း အနုတ် အမြှောက်အစား၊ သုံးချက်တွက်၊ ဘုံသုန်းကိန်းစတဲ့ သင်္ချာစနစ်ကို အဲဒီနယ်မှာ စတင်ပြောင်းလဲလာခဲ့တာဟာ ဒီဆရာတော်ရဲ့ လက်ထက်မှာပါ။ ဒီနယ်မှာ ရှေးကမူလတန်း ကျောင်းဆိုတာတောင် မရှိခဲ့သလို ခေတ်ပညာဆိုတာ ဘာမှမသိတဲ့ဒေသပါပဲ။ အဲဒီဆရာတော်က မူလတန်းကျောင်းရှိတဲ့ ပျော်ဘွယ်နယ် မကျည်းကုန်းဆိုတဲ့ တောရွာစာသင်တိုက်မှာ ပညာသင်ရင်း

http://www.dhammadownload.com



စနစ်သစ်သချ်ာတို့၊ သစ်တန်တွက်တို့၊ သုံးချက်တွက်တို့ သင်ယူပြီး သူ့အရပ်ပြန်ရောက်တော့ ကျောင်းကထွက်နေကြပြီဖြစ်တဲ့ ကာလသားတွေ၊ တချို့ အိမ်ထောင်ကျပြီးသူတွေကိုပါ ညပိုင်းမှာ သချ်ာသင်ပေးတာပါ။ အဓိကကတော့ အဲဒီဒေသမှာ အသုံးဝင်မယ့် "ရောင်းရေးဝယ်တာ တွက်ပုံစာ" ဆိုတဲ့စာအုပ်ကို သင်တာပါပဲ။ သူ့ကျောင်းထွက်တွေက သုံးချက်တွက်နဲ့ သစ်တန်တွက် ကုန်တွက်မှာတော့ အတော်ကျွမ်းကျင်ကြတယ်။

ပြီးတော့ ဒေသရှေးရိုးစွဲတွေထဲက အကျိုးမဲ့ အယူအဆတွေ၊ ဟိုဘက်ကျောင်း ဒီဘက်ကျောင်းပြိုင်ကြတာတွေစတဲ့ မလိုလားအပ်တဲ့ ကိစ္စတွေကိုလည်း သူ့ရွာကနေစပြီး တစ်ဘက်သတ် ရပ်စဲစေခဲ့ရင်း ကျောင်းချင်း ရွာချင်းပြိုင်ကြတဲ့ခေတ်ကို အဆုံးသတ်စေခဲ့လို့ပတ်ဝန်းကျင်တစ်ဝိုက်မှာ အများရဲ့ကျေးဇူးတင်ခြင်းနဲ့ ရိုသေလေးစားခြင်းခံရတဲ့ ဆရာတော်တစ်ပါးပါပဲ။

ဒီနယ်တစ်ဝိုက်က ရွာတစ်ရွာမှာ၊ ရွာက အိမ်ခြေ ခုနှစ်ဆယ်လောက်ပဲ ရှိတယ်။ လူမှုရေး၊ စီးပွားရေး၊ သိပ်မဖွံ့ဖြိုးလှဘူး။ လမ်းပန်းဆက်သွယ်ရေး ညံ့တော့ မြို့ပြနဲ့လည်း အထိအတွေ့ နည်းကြတယ်။ ရှေးရိုးစဉ်လာ လွှမ်းမိုးပြီး ဗဟုသုတခေါင်းပါးတဲ့ ရွာတစ်ရွာလို့ပဲ ဆိုရမှာပါ။ ဒီရွာမှာ ရွာဦးကျောင်းဆရာတော်ပျံတော်မူတော့ ထုံးစံအတိုင်း ဂိုဏ်းဂဏ

http://www.dhammadownload.com



သံဃာကိုပင့်ပြီး သင်္ဂြိုလ်ရေးအတွက် ဩဝါဒခံညှိနှိုင်းတိုင်ပင်ရပါတယ်။

ဆွေးနွေးပွဲမှာ ဒေသအတွင်း သာရေးနာရေး အပြန်အလှန်အပင့် အဖိတ်ရှိကြတဲ့ ကျေးရွာများက ကျောင်းထိုင်ဆရာတော်များလည်း အစုံအညီ ကြွရောက်တော်မူကြပါတယ်။ ညှိနှိုင်းကြတဲ့အခါမှာ ဉယျာဉ်တောင်ကျောင်း ဆရာတော်က မိုးလေဝသမမှန်ကန်လို့ အသီးအနှံလည်း မရကြဘူး၊ လူတွေမှာ စားဝတ်နေရေးလည်း ကြပ်တည်းကြတဲ့အတွက် "မသာကြီးချ"ပဲ လုပ်လိုက်ကြဖို့ ဩဝါဒပေးပါတယ်။

ဘုန်းကြီးတစ်ပါး ပျံတော်မူတဲ့အခါ သီးနှံပေါ်ချိန်အထိအချိန်ဆိုင်းပြီး ပြာသာဒ်တလားတွေ ဓာတ်ပွဲတွေယောဉ် ကျူးတွေနဲ့သင်္ဂြိုလ်တာကို ဘုန်းကြီးပျံပွဲကျင်းပတယ်လို့ ခေါ် ကြပြီး မျက်နှာကြီးအသုဘလို ဆွေမျိုးစုံအောင်ငါးရက်တန်သည်၊ ခုနစ်ရက်တန်သည်ထားပြီး သင်္ဂြိုလ်တာကို "မသာကြီးချ" လို့ခေါ်ကြပါတယ်။

ရွာသားများက မသာကြီးချလောက်နဲ့ သင်္ဂြိုလ်လိုက်ရင် ရပ်ရွာသိမ်ငယ်တယ်၊ ဘုန်းကြီးပျံပွဲပဲ လုပ်ချင်တယ်၊ သီးနှံပေါ်အောင် ဒီအတိုင်း စံကျောင်းချထားဖို့လျှောက်ထားကြပါတယ်။

ဆရာတော်က "သီးနှံပေါ်အောင် ထားကြမယ်ဆို

http://www.dhammadownload.com



ပေမယ့် အသီးအနှံက လူလုပ်တိုင်းရတာမဟုတ်ဘူး။ မိုးက ကူလုပ်ပေးမှရမှာ။ ဒီနှစ်မိုးလေဝသကလည်းအခြေအနေ ကောင်းတာမဟုတ်တဲ့အကြောင်း ရှင်းပြတဲ့အခါ

"သီးနှံပေါ်ချိန်ရောက်လို့ ဘာမှ မရကြရင်လည်း ရှိတဲ့ လယ်ယာ၊ ကျွဲ၊ နွားပြုတ်ချင်ပြုတ်ပါစေ။ ဘုန်းကြီးပျံပွဲ ကတော့ လုပ်ရမှကျေနပ်မယ်ဆိုပြီး တင်းခံနေကြပါတယ်။ အမှန်ကတော့ အဲဒီရွာဆရာတော်ကြီး မကျန်းမမာဖြစ်နေ တုန်းက မန္တလေးသွားပြီး ဆေးကုသဖို့ စရိတ်စက လှူရမယ် ဆိုတုန်းက ရွာသွားတွေက ကတ်သီးကတ်သတ် လုပ်နေကြ လို့ ဥယျာဉ်ဆရာတော်ပဲ သွားရောက်လှူ့ဆော်ပြီး ဆေးရုံပို့နိုင် အောင် မနည်းလုပ်ခဲ့ရတာပါ။ အဲဒီတုန်းကသာ အခုလို စိတ်ပါကြရင် ဆရာတော်ကို အချိန်မီဆေးကုနိုင်ခဲ့လို့ အခြေ အနေတစ်မျိုး ပြောင်းသွားနိုင်တယ်။ ရောဂါနာတာရှည်နဲ့ တစ်နှစ်ကျော်ကျော်ကြာမှ ဆေးကုသွားနိုင်ခဲ့တာ။ ဒါတောင် "အရပ်ကူပါ လူဝိုင်းပါ" ဆိုသလို ဂိုဏ်းအတွင်း ကျောင်းထိုင် ဆရာတော်များကပါဝိုင်းဝန်းကူညီခဲ့လို့ ဆေးကုသခံယူတယ် ဆိုရုံ ခံယူခွင့်ရခဲ့တာ အချိန်တော့ နှောင်းသွားပါပြီ။

ခုတော့ ဘုန်းကြီးပျံပွဲလုပ်ကြဖို့ လယ်ယာ၊ ကျွဲ၊ နွားပြုတ်ချင်ပြုတ်ပါစေဆိုပြီး တင်းခံနေတဲ့အတွက် ဥယျာဉ် ဆရာတော်က "မင်းတို့တလွဲဆံပင်ကောင်းနေကြတာ၊ နိုင်ရင် ဖွဲ့မကောင်းဘူး၊ ရှုံးရင် ဖွဲ့ကောင်းပြီ။ အခုလည်း ရှင်တုန်းက

http://www.dhammadownload.com



ခွဲမကောင်းဘူး။ သေမှ ခွဲကောင်းနေလိုက်ကြတာ။ မင်းတို့ ဒကာတွေပြောတိုင်း တို့ဂိုဏ်းသံဃာက မလိုက်လျောနိုင်ဘူး။ မင်းတို့ စဉ်းစားကြည့်ကြစမ်း။”

ဥပမာကွာ– မင်းတို့ဖဲရိုက်ကြတဲ့အခါမှာဆိုရင်လည်း နိုင်ပြီဆို ဖင်တကြွကြွနဲ့ ထပြန်ချင်ကြပြီ။ ရှုံးပြီဆိုရင်တော့ ခါးက အဝတ်တောင် အနိုင်နိုင်ကျန်တောင် ခွဲကောင်းကြတယ်။ ခုလည်းအသက်ရှင်တုန်းက ကျန်းမာရေးအတွက် ဆေးကုဖို့ဆိုပြီး ရွာကို အလှူခံတော့ ဘယ်သူများ ခုလို ဖွဲ့သန်သန်နဲ့လှူကြတုန်း။ တို့ မနည်းတိုက်တွန်းယူရတယ်။ အခုသေမှ ခွဲကောင်းနေကြတယ်။ ဒကာတွေစဉ်းစားပြီး တို့မေးတာကို ဖြေကြစမ်း။ ‘မင်းတို့ ဘုန်းကြီးကိုကြည်ညိုတာလား၊ အလောင်းကို ကြည်ညိုတာလား’ ဆိုတော့ အချဖွဲ့ချင်းကျိုးကြည့် ကြောင်ကြည့်နဲ့ ဟိုလူ့မေးငေါ့ ဒီလူ့ မေးဆတ်လုပ်ကြပြီး ဘာမှမဖြေတတ်ကြဘူး။

ဆရာတော်က “မင်းတို့စိတ်ကူးတွေ တို့သိတယ်။ မင်းတို့က ပွဲခံမယ်။ ပြီးတော့ အန်ဂလုံဝိုင်း ဂျင်ဝိုင်းတွေလက်ခံမယ်။ အဲဒီကရမယ့် အကောက်တွေနဲ့ ပွဲဖိုးတော့ကာမိတယ်လို့ တွက်နေကြတာမို့လား။ ဒီလို လောင်းကစားဝိုင်းတွေလည်း တို့သံဃာက ခွင့်မပြုနိုင်ဘူး။ လောင်းကစားဝိုင်းဆိုတာ ဟိုကဒိုင်လုပ်မယ့်လူတွေက ငွေထုပ်ကြီးတွေပိုက်ပြီး တို့နယ်ကိုဝေပေးခဲ့ဖို့ လာတာမဟုတ်ဘူးဟ။ ဒီနယ်က ရှိစုမဲ့စုလေးတွေ သိမ်းမလို့လာကြတာ။ လောင်း ကြေးကရမှ

http://www.dhammadownload.com



အကောက်ပေးမှာဆိုတော့ အဲဒီလောင်းကြေးက ဘယ်သူတွေ ပေးရမှာလဲ။ ဒီနယ်က လူတွေဆီကပေါ့။ ခုချိန်မှာ သီးနှံမရလို့ စားစရာမရှိရင် သစ်တိုက် ဝါးတိုက်၊ လှည်းငှားလိုက်နဲ့ထမင်းလေး စားနေရသေးတယ်။ လောင်းကစားဝိုင်းတွေ သောင်းကျန်းလို့ လှည်းပြုတ်နွားပြုတ်ဖြစ်ကုန်ရင် ဒီအတိုင်း ငုတ်တုတ်ငတ်သေကြရမှာ"လို့ ပြောရင်း တခြားဆရာတော်များဘက်ကိုလှည့်ပြီး "ကဲ-ဂိုဏ်းသံဃာအများရဲ့ဆန္ဒက ကော-ပြောကြပါဦး" ဆိုတော့ ဆရာတော်များကလည်း ဥယျာဉ်ဆရာတော်ပြောတာ သဘာဝကျပါတယ်။ ဒီအတိုင်းပဲ ဆုံးဖြတ်ပါလို့ ဆန္ဒတူညီလိုက်ကြပါတယ်။ ဒါနဲ့ အဲဒီဘုန်းကြီးပွဲလည်း ရပ်မနာရွာမနာ မသာကြီးချနဲ့ အပြီးသတ်နိုင်လိုက်ပါတယ်။

ခုအချိန်မှာ နာမှုကူညီရေးအသင်းတွေ ပြည်နယ်၊ တိုင်း၊ မြို့ကြီးတိုင်းလိုလိုမှာ ပေါ်ပေါက်လာကြလို့ ဝမ်းသာရသလို၊ ဆရာတော်ရဲ့စကားများကိုလည်း သတိရမိပါတယ်။ ရန်ကုန်က နာမှုကူညီရေးအသင်းရဲ့ ကြွေးကြော်သံက "သေဆုံးသူ အသက်ရှုရပ်ပေမယ့် ကျန်ရစ်သူတွေ အသက်ရှုကြပ်ရတဲ့အဖြစ်ကို ကူညီကြစို့"တဲ့။ စာနာထောက်ထား သဒ္ဒါပွားလောက်တဲ့ ကြွေးကြော်သံပါပဲ။ သေဆုံးသူအတွက် အသက်ရှုကြပ်ရတဲ့ ကျန်ရစ်သူတွေအတွက်ပဲလား။ မသေဆုံးသေးဘူး။ အနာသိ ဆေးရှိလျှက် အသက်ရှုကြပ်ရသူတွေ အတွက်ကော။

http://www.dhammadownload.com



အနာမသိ၊ ဆေးမရှိလို့ သေကြရတာကတော့ ကံအကြောင်းတရားလို့ပဲ ဆိုရတော့မှာပဲ။

ရန်ကုန်က နာမှုကူညီရေးအသင်းရဲ့ ပြီးခဲ့တဲ့ နှစ်ပတ်လည်စည်းဝေးပွဲမှာ "ဆေးရုံပုံငွေ"ဆိုပြီး တိုးချဲ့စီမံကိန်းတစ်ခု ပေါ်ပေါက်လာတာ ကြားသိရလို့ ဝမ်းမြောက်ဝမ်းသာသာဝမ်းသာ မိပါတယ်။ ပြီးတော့ တို့လူမျိုးတွေ ရှင်ဖွဲ့လည်းကောင်းလာပြီ ဆိုပြီးတော့ပေါ့။ ခရိုင်၊ မြို့နယ်တွေကစပြီး ကျေးလက်တိုက်နယ်တွေ၊ ကျေးရွာတွေအထိ ဒီဖွဲ့မျိုး၊ ဒီသဒ္ဓါတရားမျိုးတွေ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာပါစေလို့လည်း တောင့်တဆုတောင်းမိပါတယ်။

သတ္တဝါတို့ရဲ့အသက်ကိုပေးလှူရတာဟာ အမြတ်ဆုံးဒါန (ဒါနပရမတ္ထပါရမီ)လို့ ခံယူကြတဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ကော လောကရဲ့အကြီးကျယ်ဆုံးနဲ့အမြင့်မြတ်ဆုံး လုပ်ငန်းဆိုတာသတ္တဝါတို့ရဲ့အသက်ကိုကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်တယ်လို့ သိတတ်ခံယူတတ်ကြသူ အားလုံးအနေနဲ့ပါ။ ရှင်ဖွဲ့ နိုင်ဖွဲ့ သန်သန်နဲ့ဘဝရဲ့ အမြင့်မြတ်ဆုံး လုပ်ရပ်ဂုဏ်ကို မိမိတို့ ဘဝသမိုင်းမှတ်တိုင်မှာ ထည်ထည်ဝါဝါ ကမ္ပည်းတင်နိုင်ကြပါစေလို့လည်းတိုက်တွန်း ဆုတောင်းလိုက်ပါတယ်။

ရှင်ဖွဲ့သန် အောင်ဖွဲ့သန်ပြီး မသေရာနိဗ္ဗာန်ထိ
အောင်ပွဲခံနိုင်ကြပါစေ။

* * *

http://www.dhammadownload.com

# ဂုဏ်ရှိန်မြင့်တဲ့ ခြေလှမ်းများ

**"အမှားနဲ့ အမှန်ကို သိပြီးကြတဲ့ ကိုယ်တော်တွေ တခြားကို သွားလိုက သွားကြ၊ ဒီသနားစရာ ကိုယ်တော်လေးကိုတော့ ဒီမှာပဲ ထားရလိမ့် မယ်"**

လူတို့ရဲ့ ဂုဏ်ရှိန် အနိမ့်အမြင့်ဆိုတာ စည်းစိမ် ဥစ္စာတွေ၊ ရာထူးဘွဲ့ထူးတွေနဲ့ တိုင်းတာလို့ ရနိုင်တာမျိုး မဟုတ်ပါဘူး။ ကိုယ်ကျင့်သိက္ခာနဲ့ စိတ်နေစိတ်ထား အနိမ့် အမြင့်ကိုကြည့်ပြီး ဆုံးဖြတ်ရတာမျိုးပါ။

မြတ်ဗုဒ္ဓအလိုအရ အမြင့်ဆုံး စိတ်ထားဆိုတာ (၁) သတ္တဝါအားလုံးကို မိမိနဲ့ထပ်တူထားပြီး ချစ်ခင်တတ်တဲ့ မေတ္တာစိတ်၊ (၂) ဒုက္ခိတ သတ္တဝါကိုစာနာသနားတဲ့ ကရုဏာ စိတ်၊ (၃) သူတစ်ပါးကြီးပွား ချမ်းသာတာကို ဝမ်းသာ ကျေနပ်တဲ့ မုဒိတာစိတ်၊ (၄) သူတစ်ပါးရဲ့ ချို့ယွင်းချက် အပြစ်တို့ကို ခွင့်လွှတ်လျစ်လျူရှုတဲ့ ဥပေက္ခာစိတ်များ ထားရှိ နိုင်တာကို ဆိုတာပါ။ ဒီစိတ်ထားများဟာ ဒေါသ၊ ဣဿာ၊

http://www.dhammadownload.com



မဇ္ဈရိယကင်းစင်တဲ့ ဗြဟ္မာတို့ရဲ့ စိတ်ထားမျိုးဖြစ်လို့ ဗြဟ္မစရိယ (ဗြဟ္မစိုရ်) စိတ်ထားလို့လည်း ခေါ်ဆိုပါတယ်။

ဒီလေးမျိုးထဲမှာ မေတ္တာစိတ်ထားဆိုတာ သူတစ်ပါးတို့ရဲ့ ချမ်းသာနဲ့ ဆင်းရဲကို ထပ်တူဝေမျှခံစားတဲ့ စိတ်ထားဖြစ်တာမို့ ကရုဏာတရားနဲ့ မုဒိတာတရားနှစ်မျိုးလုံးနဲ့ ပြည့်စုံသူများမှာ မေတ္တာစိတ်ထားလည်း ပြည့်စုံပါတယ်။ သူတစ်ပါးရဲ့ ဒုက္ခကို ဝေမျှခံစားပြီး စာနာ သနားတတ်သော်လည်း သူတစ်ပါးချမ်းသာတာကို မိမိကိုယ်တိုင် ချမ်းသာရသလို ဝေမျှခံစားပြီး မုဒိတာမပွားနိုင်သူများကို မေတ္တာရှင်လို့ ခေါ်ဆိုနိုင်စရာ မရှိပါဘူး။

မြတ်ဗုဒ္ဓရဲ့ စိတ်ထားကို ဖော်ပြတဲ့နေရာမှာ မဟာမေတ္တာရှင်လို့ မဆိုဘဲ "မဟာကရုဏာတော်ရှင်"လို့ပဲ ဆိုကြပါတယ်။ ဒါကလည်း လောကမှာ ဒုက္ခိတသတ္တဝါတွေက များတာမို့ များရာလိုက်ပြီးအတိုချုပ် ခေါ်ဆိုတာပါ။

အမှန်ကတော့ ဝေနေယျသတ္တဝါတွေ ဒုက္ခကလွတ်မြောက်တဲ့အခါမှာလည်း မြတ်ဗုဒ္ဓအနေနဲ့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊ ဥဒါန်းကျူးရင့်ခြင်း ပြုတော်မူလေ့ရှိတာမို့ "မဟာမုဒိတာရှင်လည်း ဖြစ်ပါတယ်။ ကရုဏာနဲ့ မုဒိတာနှစ်ပါးတို့ဟာ ဗြဟ္မစိုရ်စိတ်ထား ပြည့်စုံမှုရဲ့ လူအများသိသာမြင်သာတဲ့ စိတ်ထားပဲဖြစ်ပါတယ်။

ပုထုဇဉ်လူအများစုမှာ ဒုက္ခိတ သတ္တဝါအပေါ်

http://www.dhammadownload.com



ကရုဏာစိတ်ထားရှိသူ အတော်အသင့်တွေ့ရတတ်ပေမယ့် သုခိတသတ္တဝါအပေါ် ကျေနပ်ဝမ်းမြောက်တဲ့ မုဒိတာ စိတ်ထားရှိသူကတော့ အတော်ရှားပါး နေတတ်ပါတယ်။ "ပုထုဇန ဥမ္မတ္တကော=ပုထုဇဉ်တွေဟာ အတော်အူကြောင်ကြောင်နိုင်တယ်" ဆိုတာဒီနေရာမှာ အလွန်ထင်ရှားတယ်။ စဉ်းစားကြည့်ရင် ..... ကရုဏာတရားကို အကောင်အထည်ဖော်ဖို့ဆိုတာ ကိုယ့်အိတ်ထဲကစိုက်ပြီး ကုန်တန်ကုန်ရတာ။ မုဒိတာစိတ်ဖြစ်ဖို့ကျတော့ အိတ်ထဲကဘာမှ စိုက်ကုန်စရာမလိုတဲ့အပြင် ကိုယ်ကတောင်ရတတ်သေးတာကလား။

ဒီလောက်ဖြစ်ဖို့လွယ်ကူတဲ့ မုဒိတာတရား ဖြစ်ပေါ်မလာတဲ့အပြင် သူတစ်ပါးချမ်းသာတယ်ဆိုတာကို မကြားမနာလိုတဲ့ "ဣဿာ" တရားနဲ့ ချမ်းသာဟူမျှ ကိုယ်သာရလိုတယ်ဆိုတဲ့ ဝန်တိုမှု "မစ္ဆရိယ"တရားများသာ ဖြစ်ပေါ်လေ့ရှိကြတယ်။ ဒီအတွက် ကိုယ်ကျိုးဘာမျှ မရရုံမက ပဋ္ဌာနန္တရိယကံနီးပါးကြီးမားတဲ့ ဆိုးကျိုးတွေတောင် ရတတ်တယ်ဆိုတာ "လက်သည်းဖျားနဲ့ ခေါင်းလောင်းထိုးတယ်" ဆိုတဲ့လောသ ကတိဿရဟာန်းကြီးအကြောင်း ရေးခဲ့ဖူးပါပြီ။

ကရုဏာနဲ့မုဒိတာကို ဖြစ်ခွင့်ကြုံပါလျက် မဖြစ်နိုင်ကြခြင်းရဲ့ အကြောင်းကိုရှာကြည့်ရင် ဥပေက္ခာဗြဟ္မစိုရ်ချို့တဲ့ခြင်းဟာ အဓိကအကြောင်းတစ်ခု ဖြစ်ပါတယ်။ ဥပေက္ခာဗြဟ္မစိုရ်ဆိုတာ သတ္တဝါအားလုံး ကံအတိုင်းသာဖြစ်ခွင့်ရှိ

http://www.dhammadownload.com



တယ်လို့လက်ခံပြီး ချမ်းသာဆင်းရဲကို ခွင့်ပြုရတာ၊ ချမ်းသာသူအတွက် ဝမ်းသာပြီး ဆင်းရဲသူကို ကူညီရတာ၊ သူတို့ရဲ့ ချို့ယွင်းချက်နဲ့အပြစ်တို့ကို နားလည်ခွင့်လွှတ်ရတာပါ။

ဗြဟ္မစိုရ်မှာ ဥပေက္ခာရဲ့ အရေးပါပုံ ကိုယ်တွေ့လေးတွေကို ပြောပြချင်ပါတယ်။ တစ်ခါက လမ်းဘေးမှာ အင်္ကျီစုတ်အိုအိုလေးကိုခင်းပြီး တောင်းနေတဲ့ မိုက်ပူနံကား ချည့်နဲ့နဲ့လူတစ်ယောက်ကိုတွေ့လို့ အိတ်ထဲက ပိုက်ဆံ (၂၀)တန်တစ်ရွက်ပေးခဲ့လိုက်တယ်။ ရှေ့နားရောက်တော့ နောက်ကနေခပ်သွက်သွက်လိုက်လာသူတစ်ဦးက "အလကား ဒီကောင်မျိုးတွေကို ပေးမနေနဲ့ဘုရား။ ဒီကောင်က ပိုက်ဆံရရင်အရက်ဆိုင်အရင်သွားတာ။ ပြီးမှ ပိုရင်ထမင်းဝယ်စားတဲ့ကောင်" လို့ပြောပါတယ်။

တစ်ခါတုန်းကလည်း အာဇာနည်ကုန်းဘက်ကနေ ရွှေတိဂုံဘုရားဘက်ဖြတ်အသွားမှာ နောက်ကနေ လူတစ်အုပ်ဆူညံပြီး ပြေးလာကြတယ်။ ရှေ့ကတစ်ယောက်ကပြေးနေပြီး နောက်ကလူအုပ်က လိုက်လာကြတာ။ မြောက်မုခ် ဟိန္ဒူဘုရားကျောင်းနားရောက်တော့ လူအုပ်ကမီလာပြီး ဝိုင်းရိုက်ကြ၊ ထိုးကြနဲ့၊ ခါးပိုက်နှိုက်တဲ့။ သက်ဆိုင်ရာကလာရောက်ဖြေရှင်းပြီးချိန်မှာတော့ ဟိုလူမသေရုံတမယ် ခွေလဲနေပြီ။ အနီးမှာရှိတဲ့ဘုရားဖူးတစ်အုပ်က ဒါကိုကြည့်ပြီး "သနားစရာဟယ်၊ တစ်ယောက်ကို တစ်အုပ်ကဝိုင်းရိုက်တာ ကံကောင်း

http://www.dhammadownload.com



လို့မသေတယ်" ဆိုပြီးစုတ်တသပ်သပ်နဲ့။

ပထမလူက အရက်သောက်တတ်တဲ့လူ၊ လောလောဆယ် သောက်နေတာတော့ မဟုတ်ဘူး။ ဒါပေမယ့် သူ့အပြစ်ကိုလျစ်လျူမရှုနိုင်သူက သူ့အပေါ်ကရုဏာမထားနိုင်ဘူး။ နောက်တစ်ယောက်က လောလောဆယ် ခါးပိုက်နှိုက်လာသူပဲ။ ဒါပေမယ့် သူ့အပြစ်ကို လျစ်လျူရှုနိုင်သူတွေက သူခံစားနေရတဲ့ဒုက္ခကိုကြည့်ပြီး ကရုဏာဖြစ်ကြတယ်။

ဂျပန်ဘုန်းတော်ကြီး "ဘန်ကေ"ရဲ့ နှလုံးသွင်းပုံလေးကိုလည်း ပြောချင်ပါသေးတယ်။ သူ့ဆီမှာ ဝါတွင်းကာလရောက်ရင် တပည့်အများ စုဝေးရောက်လာလေ့ရှိကြတယ်။ တစ်ခါတော့ တပည့်တစ်ပါးခိုးတာကို လက်ပူးလက်ကြပ်မိကြတယ်။ ဒီကိစ္စ ဘုန်းတော်ကြီးဘန်ကေကို လျှောက်ထားပြီး နှင်ထုတ်ပေးဖို့တောင်းဆိုပေမယ့် လျစ်လျူရှုလိုက်တယ်။

နောက်တစ်ကြိမ်ခုလိုပဲ မိကြပြန်တဲ့အခါမှာတော့ တပည့်အများက စိတ်ဆိုးပြီး ဆရာတော်ဆီ စာရေးတင်ပြကြတယ်။ သူခိုးကိုမထုတ်ပယ်ရင် သူတို့အားလုံး ထွက်သွားကြမယ်ပေါ့လေ။

ဆရာတော်ဘန်ကေက တပည့်အားလုံးကို မိမိရှေ့ခေါ်ယူပြီး မိန့်ကြားတာကတော့ "ကိုယ်တော်တို့ဟာ ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ ရဟန်းတော်တွေပါ။ အမှားနဲ့ အမှန်ကို

http://www.dhammadownload.com



လည်း သိတတ်ကြပြီ။ အလိုရှိရင် တခြားတစ်နေရာ သွားနိုင်ကြပါတယ်။ ဒီသနားစရာ ကိုယ်တော်ခများ အမှားနဲ့ အမှန်တောင် မခွဲခြားတတ်ရှာသေးဘူး။ ငါ သွန်သင်မပေးရင် ဘယ်သူ သွန်သင်မတုံး။ အားလုံးသွားချင်ရာ သွားကြဦးတော့။ ဒီကိုယ်တော်လေးကို ငါ့ကျောင်းမှာပဲ ထားရလိမ့်မယ်" တဲ့။

ခိုးမှုကျူးလွန်တဲ့ ကိုယ်တော်လေးရဲ့ မျက်နှာမှာ မျက်ရည်တွေ တရဟောစီးဆင်းလာပြီး ခိုးချင်တဲ့ ဝါသနာလည်းလုံးဝ ပပျောက်သွားပါလေရော။

ဘုန်းတော်ကြီး ဘန်ကေဟာ ဥပေက္ခာဗြဟ္မစိုရ်ပေါ်မှာ ခြေစုံရပ်နိုင်ခဲ့လို့ ကြီးမားတဲ့ကရုဏာတရား ထားလိုက်နိုင်တဲ့အတွက် ပြစ်မှုကျူးလွန်သူဟာ အထူးအထွေမဆုံးမလိုက်ရဘဲ ချို့ယွင်းချက်ကို ပြုပြင်သွားတဲ့အထိ အကျိုးသက်ရောက်ခဲ့တယ်။ ကရုဏာစိတ်ထားဟာ ဂုဏ်ရှိန်ဘယ်လောက်ကြီးမားတယ်ဆိုတာ တပည့်အားလုံးလည်း သိသွားကြရတယ်။

ဥပေက္ခာဗြဟ္မစိုရ်တရားကို သိရှိလက်ခံပြီး ပွားသင့်တဲ့ ဗြဟ္မစိုရ်များကို အစစ်အမှန် (ဒေါသ၊ လောဘ၊ မစ္ဆရိယ မဖက်ဘဲ) ပွားများရင်း အမြင့်ဆုံးဆီ တက်လှမ်းနိုင်ကြပါစေသောဝ်။ ။

* * *

http://www.dhammadownload.com

# ဆရာသောက်တဲ့

# ဆေး

**ဒီတရားတွေကို ရှစ်နှစ်သားလောက်ကတည်းက သိထားခဲ့ပေမယ့် အခုအသက်ရှစ်ဆယ်ကျော် အထိ မကျင့်သုံးနိုင်သေးဘူးမဟုတ်လား**

***(ဂျပန်ဗုဒ္ဓဘာသာဂိုဏ်းချုပ်ဆရာတော်ကြီး)***

မထေရ်မြတ်တို့စကားကို တေးမှတ်ထားတဲ့ မှတ်စုစာအုပ်အဟောင်းများကို ပြန်လည်မွှေနှောက်ရင်း လွန်ခဲ့သော (၁၅)နှစ်လောက်က ဂျပန်ဘုန်းတော်ကြီးများရဲ့ အတ္ထုပ္ပတ္တိများထဲက ဆရာဦးသာနိုး ဘာသာပြန်ပေးထားတဲ့ ဂျပန်မထေရ်မြတ်တို့ရဲ့ စကားတချို့ကိုတွေ့လိုက်ရလို့ သတိထားစရာ အသိပွားစရာလေးတွေပါနေတဲ့အတွက် မထေရ်မြတ်တို့စကားဝိုင်းထဲကို ထည့်သွင်းဖော်ပြလိုက်ပါတယ်။

ဂျပန်ပြည်ကိုဗုဒ္ဓဘာသာမရောက်မီမေဂျီခေတ်က ဂျပန်ပြည်မှာ ထင်ရှားတဲ့ ဘာသာရေးဂိုဏ်းကြီးတစ်ခုရှိတယ်။ ဗုဒ္ဓဘာသာရောက်ရှိလာပြီး ဗုဒ္ဓဘာသာ ဘုန်းတော် ကြီးတွေ၊

http://www.dhammadownload.com



ကျောင်းတိုက်တွေပါရှိလာတဲ့အခါမှာ လူတွေက ဗုဒ္ဓတရားတော်တွေနဲ့ ပတ်သက်ပြီး အတော်လေး အုတ်အော်သောင်းတင်းပြောဆိုလာကြတော့ အဲဒီဂိုဏ်း အကြီးအကဲပုဂ္ဂိုလ်များက တယ်ပြီးဘဝင်ကျပုံမရဘူး။ ဒါနဲ့ တစ်နေ့မှာ ဂိုဏ်းအကြီးအကဲပုဂ္ဂိုလ်ကြီးက ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသွားပြီး အကြီးအကဲ(ဂိုဏ်းချုပ်)ဆရာတော်ကြီးကို

"လူတွေက ဗုဒ္ဓတရားတော်ဆိုတာကို သိပ်ပြီး အထင်တကြီးပြောနေကြတယ်။ အရှင်ဘုရားတို့ လက်ခံယုံကြည်နေတဲ့ဗုဒ္ဓတရားတော်ဆိုတာက ဘယ်လောက်များ နက်နဲထူးဆန်းသလဲပြောပြပါဦး"လို့မေးလိုက်တယ်။

"အထူးအဆန်းရယ်လို့တော့ မဟုတ်ပါဘူး

(၁) မကောင်းမှုအားလုံးကို မပြုလုပ်ရ။

(၂) ကုသိုလ်ကောင်းမှုကို ပြည့်စုံအောင် လုပ်ရမယ်။

(၃)မိမိစိတ်ကို သန့်ရှင်းစေရမယ်။ အတိုချုပ်ကတော့ ဒါပါပဲ။

ဒီသုံးပါးဟာ သဗ္ဗညုတဘုရားရှင်တိုင်းရဲ့ အဆုံးအမ သာသနာတော်လို့ ခေါ်ပါတယ်"လို့ ဖြေတဲ့အခါ ဂိုဏ်းချုပ်ကြီးက

"ဒါများ အထူးအဆန်းလုပ်လို့။ ဒီတရားတွေကို တို့ရှစ်နှစ်သားလောက်ကတည်းကသိပြီးသား" လို့ဆိုလိုက်ပါတယ်။ ဒီတော့ ဗုဒ္ဓဘာသာဂိုဏ်းချုပ်ဆရာတော်ကြီးက

http://www.dhammadownload.com



"အေး-ဒီတရားတွေကို ရှစ်နှစ်သားလောက်ကတည်းကသိထားခဲ့ပေမယ့် အခု အသက်ရှစ်ဆယ်ကျော်အထိ မကျင့်သုံးနိုင်သေးဘူး မဟုတ်လား" လို့ပြန်ပြောလိုက်ပါသတဲ့။

ဒါနဲ့တစ်ဆက်တည်းမှာပဲ မြန်မာမထေရ်မြတ်တစ်ပါးရဲ့ စကားကိုလည်း သတိရလိုက်ပါတယ်။

မိမိစာချတန်းအောင်ပြီးစက တောင်ငူမြို့ရောက်တော့ အရှုရာစဉ်ဆက်တော်စပ်တဲ့ လောကုတ္တရာသိမ်ကျောင်းဆရာတော်ဘုရားကြီးကို သွားရောက်ကန်တော့ရင်း "တပည့်ရင်းအဖြစ် သတ်မှတ်ဆုံးမတော်မူပါဘုရား" လို့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက -

"ဦးပဥ္ဇင်းလေး-ခုဆိုရင် စာပေတွေကိုလည်း အထိုက်အလျောက်သင်လာခဲ့ပြီးပြီ။ တပည့်တွေကိုလည်း ပြန်ပြီးပို့ချနေပြီပဲ။ အေး အရေးအကြီးဆုံးက စာချဘုန်းကြီးတို့ တရားဟော တရားပြတို့ဆိုတာ 'စောင်းသမား နားထိုင်းလို' မဖြစ်အောင် ဂရုစိုက်ရမယ်။ ရှေးဆရာတော်ကြီးတွေ ဆုံးမထားတာရှိတယ်။

" **စောင်းသမားနားထိုင်း၊ ပုံနှင့် နှိုင်း၊ ရိုင်းတယ် မထင်ရ။**

**အကြွင်သို့သူတို့ကိုဆုံးမ၊ ထိုသို့ပင် ကိုယ် ပင်ကိုယ့်ဆုံးမ။**

http://www.dhammadownload.com



ဆုံးမဖွယ်ကိုယ်ဝယ်လိုဆုံးပ၊ ကိုယ်ရှင် ထက်ခက်သူမရှိကြ တဲ့။ စောင်းသမားဆိုတော့ သူများ ကိုတော့ နားဝင်ပီယံဖြစ်အောင် တီးခတ်ပြတတ်ပါရဲ့။ သူကိုယ်တိုင်ကတော့ နားထိုင်းဖြစ်နေလို့ ကိုယ့်အသံကိုယ် မကြားနိုင်လို့ ဘာမှ မခံစားနိုင်ဘူးပေါ့။ 'ဟောသမျှတရား၊ ပြောသမျှစကား၊ ကျောကမှ မကြား' ဆိုသလိုဖြစ်နေမှာပေါ့။

နောက် (၂) ကြောင်းကတော့ ဓမ္မပဒဂါထာ (၁၅၉) အတိုင်း အလင်္ကာစီထားတာပဲ နားလည်လောက်ပါတယ်။

ဟိုး ဘုရားအလောင်းတော်နိယတဗျာဒိတ် ခံယူခါနီးမှာ ကြွေးကြော်ခဲ့တဲ့ ကြွေးကြော်သံလည်းရှိသားပဲ။

*ဗုဒ္ဓေါဗောဓေယျံ* — *ကိုယ်တိုင်သိပြီး သူတစ်ပါးတို့ကိုလည်း သိစေမယ်။*

*မုတ္တောမောစေယျံ* — *ကိုယ်တိုင်လွတ်မြောက်ပြီး သူတစ်ပါးတို့ကိုလည်းလွတ်မြောက်စေမယ်။*

*ဒန္တောဒမေယျံ* — *ကိုယ်တိုင်ယဉ်ကျေးပြီး သူတစ်ပါးတို့ကိုလည်းယဉ်ကျေးစေမယ်။*

*သန္တောသမေယျံ* — *ကိုယ်တိုင်ငြိမ်းအေးပြီး သူတစ်ပါးတို့ကို လည်းငြိမ်းအေးစေမယ်ဆိုသလိုပေါ့။*

ဘုရားတပည့်သားပီပီ ကိုယ့်ကိုယ်ကိုယ် အရင်ဆုံးမပြီးမှ သူတစ်ပါးတို့ကိုဆုံးမရမယ်။ ဒါဟာ အရေးလည်း အကြီးဆုံး၊ ခက်လည်းအခက်ဆုံးလို့ဆိုလိုတာပါပဲ။

အဲသိနဲ့ပတ်သက်လို့ ဓမ္မစကြာမှာပါတဲ့ အသိ သုံး

http://www.dhammadownload.com



ဆင့်ကို အလေးအနက်ထားရမယ်။ ကြားသိ(သစ္စဉာဏ်) ဆိုတာက ကျင့်သိ(ကိစ္စဉာဏ်)ကိုမရောက်သမျှ အလိမ္မာ မဖြစ်ဘူး။ အလိမ္မာစာမှာသာရှိပြီး လူမှာမရှိသေးဘူးပေါ့။ ကျင့်သိ အလိမ္မာရှိမှ ပြည်စုံတဲ့အသိ (ကတဉာဏ်) ဖြစ်ပြီး ကိုယ့်မှာ ခိုင်မြဲမယ်မဟုတ်လား။

တပည့်ကို အုပ်ချုပ်ဆုံးမတဲ့နေရာမှာ စည်းကမ်း ချက်တွေ သိပ်ပြီးရှည်ရှည်ဝေးဝေးစာရွက်မှာရေးထားမနေနဲ့။ ငါလို ကြိုးစား၊ ငါလိုကျင့်၊ ငါလိုနေလို့ ပြောနိုင်အောင်သာ လုပ်၊ ဩဇာသက်ရောက်တယ်။ စည်းကမ်းဖောက်သူလည်း နည်းမယ် ကြားလား" လို့မိန့်ကြားဆုံးမတော်မူပါတယ်။

မထေရ်မြတ်နှစ်ပါးလုံးရဲ့ စကားများဟာ အသိ အလိမ္မာ၊ ကိုယ်ကျင့်တရား၊ ယဉ်ကျေးမှုတို့နဲ့ ပတ်သက်ပြီး ပို့ချဟောကြား ရေးသားနေကြတဲ့ ဆရာသမားအားလုံး အတွက် အလေးအနက်ထားစရာစကားမွန်များဖြစ်ပါတယ်။

မိမိငယ်စဉ်က အဘိုးလေးတော်တဲ့ 'ဘိုးစံရှင်' ဆိုတာရှိတယ်။ စကားပြောတဲ့အခါ စိတ်ထဲရှိတာကို ဟော ဟောဒိုင်းဒိုင်း "လူရိုးတုတ်စိုက်" ပြောတတ်လွန်းလို့ လူငယ် တွေကတော့ သဘောကျပြီး လေးစားခင်မင်ကြတယ်။ လူကြီးတွေကတော့ "လူ့ခွစာသမား"လို့ သတ်မှတ်ခံရသူ ပေါ့။ တစ်နေ့မှာ ဘိုးစံရှင်တုပ်ကွေးဖျားလို့ ဆေးဆရာဆီ သွားပြီး ဆေးတောင်းတဲ့အခါ ဆေးဆရာက သူ့ဆေးတွေ

http://www.dhammadownload.com



ဘယ်လောက်ကောင်းကြောင်း၊ ဆေးမယ်တွေကလည်း ဘယ်လောက်ရှားပါးပြီး ဘယ်လိုတန်ဖိုးကြီးမားကြောင်းတွေ ပြောပြနေပါတယ်။ အဲဒီတော့ အဘိုးလေး ဘိုးစံရှင်က–

"ဆရာ ဘယ်ဆေးပြားတွေ ဘယ်လောက်ကောင်းတယ်။ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ကျုပ်ကိုမပြောနဲ့။ ကျုပ်က ဆရာကြော်ငြာတဲ့ဆေးကို နားထောင်ချင်တာ မဟုတ်ဘူး။ ဆရာသောက်တဲ့ဆေးကိုသာ သောက်ချင်တာ။ ဆရာကိုယ်တိုင် အခုကျုပ်ဖျားသလိုဖျားရင် ဘယ်ဆေးသောက်သလဲ။ အဲဒီဆေးကိုသာ ကျုပ်ကိုတိုက်" လို့ပြန်ပြောလိုက်ပါတယ်။

ဘာသာ၊ ယဉ်ကျေးမှုအသိပညာပေးစာပေးတွေ ရေးသားနေကြတဲ့ ဆရာသမားများရော၊ တကယ်လို့ အဘိုးလေးဘိုးစံရှင်လို စာဖတ်ပရိသတ်မျိုးနဲ့တွေ့လို့ "အခုဟောပြောတာ၊ ရေးသားတာတွေဟာ ဆရာကြော်ငြာတဲ့ဆေးတွေလား၊ဆရာသောက်တဲ့ဆေးတွေလား" လို့များ မေးလာခဲ့ရင် ....။

မြတ်စွာဘုရားရှင်ကို ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တွေကတောင် အလေးထားရတဲ့မရိုးနိုင်တဲ့ ဂုဏ်ထူးတစ်ခုက

"ယထာဝါဒီ တထာကာရီ၊ မထာကာရီ တထာဝါဒီ ခလုဘာ ဂေါတမော = ဂေါတမဘုရားရှင်က ပြောသလိုလုပ်ပြီး လုပ်သလိုပြောတယ်"ဆိုတဲ့အချက်ပါပဲ။

**ဆရာအားလုံး ကိုယ့်ဆေးကိုယ်သောက်သုံးပြီး**
**ကိုယ်သောက်တဲ့ဆေး ပေးနိုင်ကြပါစေ။**

* * *

http://www.dhammadownload.com

## ဘဝခန္ဓာရဲ့
# အလှတန်ဆာ

နှုတ်ရဲ့အလှဆိုတာ နှုတ်ခမ်းရဲ့တာ၊ တည့်တာနဲ့ မဆိုင်ဘူး။ သူ့နားမချမ်း၊ ကြမ်းကြမ်း ကြုတ်ကြုတ်၊ အယုတ်တမာ၊ မပြောဆိုဘဲ ချိုသာအေးကြည် ပြောဆိုလေ့ရှိရင် ဒီနှုတ်ဟာ လှတာပဲ။

*(ရွှေရေးဆောင် ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ)*

မိမိတို့ အမရပူရမြို့ တူမောင်းတိုက်ကို ပညာသင်ဖို့ရောက်စလောက်က တိုက်ထဲမှာ ဦးက္ကဏ္ဍကလေးဆိုတဲ့ ဘုန်းကြီးတစ်ပါးရှိတယ်။ သူ့မှာ မွေးတွင်းပါအဖြစ် ပါးစပ်ကရွဲ့နေလို့ လောကအလို ပြောရမယ်ဆိုရင်တော့ နှုတ်မလှဘူးလို့ဘဲ ပြောရမှာပါ။ အဲဒီဘုန်းကြီးက အများသံဃာအသုံးပြုတဲ့ ကုဋီတွေကို နေ့စဉ်ဆေးကျောပြီး ရေစက်မောင်း၊ တံမြက်လှည်းစတဲ့ သံဃာ့ဝေယျာဝစ္စကို အမြဲဆောင်ရွက်တာဖြစ်လို့ သံဃာအများက လေးစားရိုသေ

http://www.dhammadownload.com



ကြပါတယ်။

အဲဒီတုန်းက တူမောင်းတိုက် ညဝါအကျော် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတုန်းဆိုတော့ ဥပုသ်သီတင်း အဖိတ်နေ့ ညနေပိုင်းဆိုရင် မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော်ဘဒ္ဒန္တဥက္ကံသနဲ့ ရွှေရေးဆောင် သဒ္ဒါအကျော်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝတို့ ဦးဆောင်ပြီး ဆရာတော်ကြီး သုံးလေးပါးတို့ ကြွရောက်လေ့ရှိပါတယ်။ အဖိတ်နေ့ညနေပိုင်းမှာ သိမ်သင်တန်းပို့ချပြီး ဥပုသ်နေ့ ညပိုင်းရောက်မှ ပြန်ကြွကြပါတယ်။ ဆရာတော်ကြီးများ ကလည်း သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်နေတဲ့ ဦးဣန္ဒ ကလေးကို သိသိမှတ်မှတ်ရှိကြပါတယ်။

တစ်နေ့ဆွမ်းစားအပြီး ရေနွေးဝိုင်းတွင် နေကြ ရင်း ဦးဣန္ဒကလေးရဲ့အကြောင်း ပြောဆိုနေကြရာ ကျောင်းတိုက်ထဲက ဘုန်းကြီးတစ်ပါးက "ဦးဣန္ဒကလေးက မွေးရာပါပါးစပ်ရွဲ့နေလို့ နှုတ်ကသာ အကျည်းတန်တာ။ စိတ်ကတော့ အလွန်လှတယ်။ သံဃာ့အပေါ်မှာထားတဲ့ သူ့ရဲ့ စေတနာကတော့ ချီးကျူးလောက်ပါတယ်" လို့ မှတ် ချက်ချလိုက်တဲ့အခါ ရွှေရေးဆောင်ဆရာတော်ဘုရားက "ကိုယ်တော့်နှုတ်လှတယ်၊ မလှဘူးဆိုတာ နှုတ်ခမ်းရွဲ့တာ တို့၊ သွားခေါတာတို့ကိုကြည့်ပြီး ဆုံးဖြတ်မယ်ဆိုရင် မြတ်စွာ ဘုရားအလိုကျဘယ်ဖြစ်မလဲ။ နှုတ်ရွဲ့အလှဆိုတာ နှုတ်

http://www.dhammadownload.com



ခမ်းရွှဲ့တာ၊ တည့်တာနဲ့ဘာမှမဆိုင်ဘူး။ လက္ခဏာတော်ကြီးဘုရားရှိခိုးထဲမှာပါသလို သူ့နားမချမ်း၊ ကြမ်းကြမ်းကြုတ်ကြုတ်၊ အယုတ်တမာ၊ မပြောဆိုဘဲ ချိုသာအေးကြည်ပြောဆိုလေ့ရှိရင် ဒီနှုတ်ဟာလှတာပဲ။ ဒါမှ တကယ့်ဘုရားရှင်အလိုကျအလှအစစ်"လို့ မိန့်ကြားလိုက်တယ်။

မှန်ပါတယ်။ လူ့ရဲ့ခန္ဓာကိုယ်ကို လူတို့ရဲ့ အပြုအမူ ကံသုံးပါးနဲ့ ခွဲဝေကြည့်မယ်ဆိုရင် ဇိတ္တဒွါရလို့ခေါ်တဲ့ (နှုတ်-ပါးစပ်)က ဝစီကံရဲ့ ဖြစ်ရာဌာနပါ။ ဟဒယနှလုံးက မနောကံဖြစ်ရာဌာန။ ကျန်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ကာယတို့က ကာယကံရဲ့ဖြစ်ရာဌာနတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဝခန္ဓာရဲ့အကောင်းအဆိုးကို ပြောလိုတဲ့အခါမှာ အကျဉ်းချုပ်စကားအဖြစ်နဲ့ "ကိုယ်,နှုတ်,နှလုံး"လို့ သုံးစွဲပြောဆိုကြတာပါ။

ဒီသုံးမျိုးထဲမှာ နှလုံးလို့ခေါ်တဲ့ မနောကံရဲ့ ဖြစ်ရာဌာနနဲ့ပတ်သက်လို့ အာရုံကို သာမန်သိမှု 'စိတ်'နဲ့ခွဲခြမ်းသိမှု 'ပညာ'လို့ နှစ်မျိုးထပ်ပြီးခွဲခြားနိုင်ပါတယ်။

လောကမှာ လှပတယ်၊ ကျက်သရေရှိတယ်ဆိုတာဟာ သင့်လျော်လျောက်ပတ်တဲ့ အဆင်တန်ဆာကို ဆင်မြန်းတတ်မှု၊ ဆင်မြန်းထားမှုဖြစ်ပါတယ်။ မြတ်ဗုဒ္ဓအလိုအရ ဘဝခန္ဓာကိုအလှဆင်ဖို့အတွက် ဆင်မြန်းစရာအဆင်တန်ဆာသုံးမျိုးသတ်မှတ်ထားပါတယ်။ မဖြစ်မနေ

http://www.dhammadownload.com



လိုက်နာကျင့်သုံး ဆင်မြန်းကြရမှာဖြစ်လို့ သိက္ခာသုံးပါး လို့လည်းခေါ်ပါတယ်။ ဘဝခန္ဓာကို ဂုဏ်သိက္ခာရှိရှိ တည် ဆောက်နိုင်ဖို့အတွက် ချမှတ်ပေးထားတဲ့ စည်းကမ်းချက် များဖြစ်လို့ စည်းကမ်းသုံးမျိုးလို့လည်း ဆိုနိုင်ပါတယ်။ အဲဒါကတော့ သီလ-သမာဓိ-ပညာတို့ပဲဖြစ်ပါတယ်။

ဒီသုံးမျိုးထဲမှာ သီလဆိုတာ ကိုယ်နဲ့နှုတ်တို့ရဲ့ အဆင်တန်ဆာပါ။ ခန္ဓာကိုယ်ဟာ မွေးတွင်းပါအရ ဖြစ် စေ၊ အသက်အရွယ် ကြီးရင့်သွားလို့ပဲဖြစ်စေ၊ ဆံဖြူ၊ နား ထိုင်း၊ ခါးကိုင်း၊ သွားကြွေ၊ အရေတွန့်တွဲနေပါစေ။ သူ့ အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှုဆိုတဲ့ ဒုစရိုက်မှုတွေ ကင်းစင် ပြီး သူ့အကျိုးကို ကာကွယ်ပေးခြင်း၊ စောင့်ရှောက်ပေး ခြင်းဆိုတဲ့ ကာယကံနဲ့ပတ်သက်တဲ့ ဝါရိတ္တ စာရိတ္တသီလနဲ့ ပြည့်စုံအောင် တန်ဆာဆင်ထားမယ်ဆိုရင် ဒီခန္ဓာကိုယ် ဟာ လှပပြီး အမြဲကျက်သရေရှိနေပါတယ်။

နှုတ်ကလည်း လိမ်ညာ ကုန်းချော၊ ကြမ်းကြုတ်၊ အကျိုးမဲ့စကားတွေ ရှောင်ကြည်ပြီး မှန်ကန်မှု၊ သင့်မြတ် ညီညွတ်မှု၊ နာဝင်ချိုသာမှုနဲ့ အကျိုးဖြစ်ထွန်းမှုရှိတဲ့ စကား တွေကိုသာ ပြောဆိုလေ့ရှိရင် ဒီနှုတ်ဟာ အမြဲတမ်းလှပပြီး ကျက်သရေရှိနေတာပါပဲ။ အမှန်ကတော့ အရပ်စကား အရသာ လှပတယ်၊ ကျက်သရေရှိတယ်လို့ ပြောလိုက်ရ တာပါ။ ဓမ္မ ဂုဏ်သိက္ခာအရ အတိအကျပြောရင် ပိုပြီး

http://www.dhammadownload.com



ဂုဏ်မြောက်တဲ့ဝေါဟာရနဲ့ "မြင့်မြတ်တယ်" လို့ပြောရမှာ ဖြစ်ပါတယ်။ "သီလဆိုတာ အရွယ်မရွေးအတင့်တယ်ဆုံး၊ အလှပဆုံးနဲ့ အမြင့်မြတ်ဆုံး အဆင်တန်ဆာဖြစ်တယ်" ဆိုတာမြတ်ဗုဒ္ဓရဲ့ မှတ်ချက်စကားဖြစ်ပါတယ်။

သမာဓိသိက္ခာဆိုတာ စိတ်ရဲ့စည်းကမ်း၊ စိတ်ရဲ့ အဆင်တန်ဆာဖြစ်ပါတယ်။ စိတ်ဟာ ကမ္မဋ္ဌာန်းအာရုံနဲ့ ပွားထုံပြီး သမာဓိရအောင် တည်ဆောက်ထားမှ စည်းကမ်းရှိတဲ့စိတ်၊ ကျက်သရေမင်္ဂလာဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့ မြင့်မြတ်တဲ့စိတ်လို့ ဆိုနိုင်ပါတယ်။ သမာဓိမရှိ လေလွင့်တုန်လှုပ်နေတဲ့စိတ်ဟာ ဘယ်တော့မှ စိတ်ကောင်းမဖြစ်နိုင်ပါဘူး။ စိတ်ကောင်းမဟုတ်တဲ့အတွက် ကျက်သရေမင်္ဂလာဂုဏ်သိက္ခာကင်းမဲ့တဲ့ စိတ်ယုတ်စိတ်ညံ့လို့ပဲ ဆိုရမှာပါ။

ပညာသိက္ခာဆိုတာ အသိဉာဏ်ဗဟုသုတတို့ရဲ့ စည်းကမ်း အဆင်တန်ဆာဖြစ်ပါတယ်။ ဘယ်လောက်ဗဟုသုတတွေ ကြွယ်ဝပြီးလောကရဲ့ သတ်မှတ်ချက်အရ ဘယ်လို ပညာတွေ ပြည့်စုံတတ်ကျွမ်းနေတယ်ပဲဆိုဆို၊ အနည်းဆုံး ဘဝခန္ဓာရဲ့ ပကတိသဘောမှန်ဖြစ်တဲ့ ဖြစ်မှုပျက်မှုကို အဟုတ်အမှန် ထိုးထွင်းသိမြင်တတ်တဲ့ ဝိပဿနာပညာနဲ့ တန်ဆာဆင်မထားဘူးဆိုရင် ဒီအသိ၊ ဒီပညာဟာ မြင့်မြတ်တဲ့ အသိပညာမှန် မဟုတ်နိုင်သေးပါဘူး။

http://www.dhammadownload.com



ပညာသိက္ခာ၊ ပညာတန်ဆာဟာ ဘဝခန္ဓာတစ်ခုလုံးအတွက် အရေးအကြီးဆုံး အဆင်တန်ဆာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က -

"ဘဝခန္ဓာရဲ့ ဖြစ်မှုပျက်မှုကို သိတတ်တဲ့ ဝိပဿနာ ဉာဏ်ပညာမပါဘဲ အနှစ်တစ်ရာ အသက်ရှည် နေရတာထက် ဝိပဿနာဉာဏ်ပညာနဲ့တစ်ရက်တစ်ညဉ့်လောက် အသက်ရှင်ရတာကမြတ်တယ်" လို့ မိန့်ကြားခဲ့တာပါ။

ဒါကို ခြုံပြီးသုံးသပ်ကြည့်လိုက်ရင် ဘဝခန္ဓာရဲ့ လှပတင့်တယ်မှု၊ ကျက်သရေမင်္ဂလာရှိမှု၊ မြင့်မြတ်မှုဆိုတာ မွေးတွင်းပါ ခန္ဓာအချိုးအစားနဲ့ မဆိုင်ဘဲ မိမိကိုယ်တိုင်တည်ဆောက် ကျင့်သုံးဆင်မြန်းထားတဲ့ သိက္ခာသုံးပါးနဲ့သာဆိုင်တယ်ဆိုတာ သဘောပေါက်လောက်ပါတယ်။

ဒါကြောင့်ဘဝခန္ဓာတစ်ခုဟာ အတိတ်ကံ အထောက်အပံ့အရ မွေးရာပါ ရုပ်အဆင်းက ဦးဘိုးစိန်ကြီးရဲ့ သီချင်းထဲကလို "*မညို့ မဖြူ၊ မဆူ မကြုံ၊ မမြင့် မနိမ့်၊ အမူစုံ တစိမ့်စိမ့်နဲ့ ကင်းခြောက်ပြစ်ကွာတဲ့သူ*" ပဲဖြစ်ဖြစ်၊ "*ကောင်းခြင်းငါးဖြာ၊ ကင်းကွာခြောက်ပြစ်၊ နတ်အစစ်လား လူပဲလား*" လို့ခွဲခြားမရလောက်အောင် လှပသူလို့ပဲဆိုဆို၊ "*ပြစ်မျိုးမှည့်မထင်*" လို့ပဲထင်ထင်၊ "*နှုတ်ကြမ်း၊ ကိုယ်ယုတ်၊ စိတ်ထားပုပ်အောင် ဒုစရိုက်တရားတွေ လွှမ်း*

http://www.dhammadownload.com



မိုးနေပြီဆိုရင် ဘယ်လိုမှ အထူးမှည့်ခေါ်စရာမလိုဘဲ ကမ္ဘ သတ္တိသဘောအတိုင်း အပြစ်မျိုးစုံ ထင်ကျန်နေမှာဖြစ်လို့ ဓမ္မသဘောအရ အကျည်းအတန်ဆုံး "ပြစ်မျိုးစုံ 'မှဲ့' လိုထင်" သူသာဖြစ်ပါလိမ့်မယ်"

မြတ်စွာဘုရားဆင်မြန်းစေလိုတဲ့ သိက္ခာသုံးရပ်၊ စည်းကမ်းသုံးဖြာကို ဘဝခန္ဓာမှာ အလှဆင်ထားနိုင်သူ အဖို့တော့ မွေးရာပါ ကံဝဋ်ကြွေးအရ -

စက္ခုပါလ မထေရ်တို့လို မျက်စိနှစ်ကွင်း အလင်း မရကြသူတွေပဲဖြစ်ဖြစ်၊

ခုဇ္ဇုတ္တရာလို ကုန်းကွနေသူတွေပဲဖြစ်ဖြစ်၊

သုပ္ပဗုဒ္ဓသီတင်းသည်လို အရေပြား ရောဂါသည် တွေပဲဖြစ်ဖြစ်၊

မြတ်ဗုဒ္ဓကိုယ်တိုင် နှုတ်မြွတ်ချီးကျူးရလောက် အောင် ဂုဏ်ကျက်သရေအပေါင်းနဲ့ ပြည့်စုံနိုင်ကြတာမို့ မိမိတို့ရဲ့ ဘဝခန္ဓာကို ကိုယ်ပိုင်အလှရတနာတို့နဲ့ ပြည့်စုံ တင့်တယ်အောင် စနစ်တကျ အားထုတ်ဆင်မြန်းနိုင်ကြ ပါစေသော်ဝ် . . . ။

* * *

http://www.dhammadownload.com

# ကျေးဇူး နှင့် တန်ပြန်
# သက်ရောက်မှု

ကျေးဇူးပြုသူနဲ့ ကျေးဇူးရဲ့ အတိုင်းအတာ ပမာဏ တို့ထက် ကျေးဇူးပြုခံရသူရဲ့ ရိုးသားဖြောင့်မတ် ဓာတ်ခံကောင်းမှု (သိတတ်မှု) က အဓိက ကျပါ တယ်။

*(တိပိဋကဓရ–အရှင်သုမင်္ဂလာ လင်္ကာရ)*

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကဓရ မဟာဂန္ဓာရုံ ကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဒေါက်တာအရှင်သုမင်္ဂလာလင်္ကာရနဲ့မိမိတို့ဟာ စာသင်သား ဘဝနဲ့ အမရပူရမြို့မှာ နေကြစဉ်ကတည်းက ရင်းနှီးခဲ့ကြတာ ပါ။

ပထမပြန် စာမေးပွဲမှာ ဂုဏ်ထူးရကြလို့ ဘွဲ့နှင်း သဘင်ကို အတူသွားခဲ့ကြရာကစပြီး အပြန်အလှန် လေးစား ခင်မင်ခဲ့တာ ခုထိလည်း အဆက်အသွယ်မပြတ်ပါဘူး။

http://www.dhammadownload.com



ဒီတစ်ခါ ဆုံမိကြတော့ ဘာသာဋီကာကျမ်းပြု အကျော် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးများနဲ့ ပတ်သက်တဲ့ စကားများထဲက အထက်ပါစကားကို လေးစားစွာ မှတ်သားခဲ့ရပါတယ်။ ဆက်လက်ပြီး –

မြတ်စွာဘုရားလက်ထက်တော်က ရာဓပုဏ္ဏားဆိုတာ မထင်မရှား ပုဂ္ဂိုလ်ပါ။ သူက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ဆွမ်းတစ်ဇွန်း လောင်းခဲ့ဖူးတယ်။ ဒီပုဏ္ဏားကြီး သာသနာ့ဘောင် ဝင်ရောက်လိုကြောင်းကို မြတ်စွာဘုရားရှင် သိတော်မူတော့ ရဟန်းအားလုံးကိုခေါ်ပြီး "သူ့ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်က ရဟန်းပြုပေးပြီး စောင့်ရှောက်ပါ"လို့ မိန့်ကြားတဲ့ အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက "တစ်လုပ်စားဖူး၊ သူ့ကျေးဇူး"ကိုသိပြီး ရဟန်းပြုပေး၊ စောင့်ရှောက်ပေးလိုက်တယ်။

ဒါကိုကြည့်ရင် ကျေးဇူးပြုသူနဲ့ ကျေးဇူးရဲ့ ပမာဏဟာ မကြီးကျယ်ပေမယ့် ကျေးဇူးပြုခံခဲ့ရတဲ့ ပုဂ္ဂိုလ်က ဓာတ်ခံ အလွန်ကောင်းတာကြောင့် ကျေးဇူးပြုသူမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ အကျိုးတရားက သက်ရောက်ခဲ့တယ်။ ဒါက ကျေးဇူးပြုခံရသူ ဓာတ်ခံကောင်းလို့ ကျေးဇူးပြုသူအပေါ် ကောင်းကျိုးသက်ရောက်မှု ကြီးမားပုံရဲ့ သာဓကပါပဲ။

အဲ–ကျေးဇူးပြုခံရသူက မရိုးသား၊ မဖြောင့်မတ်၊

http://www.dhammadownload.com



တတ်ခံမကောင်းလို့ ကျေးဇူးကန်းခဲ့ရင်တော့ ကျေးဇူးပြုသူရဲ့ ဂုဏ်၊ စေတနာနဲ့ ကျေးဇူးရဲ့ ပမာဏတို့အပေါ် မူတည်ပြီး ကျေးဇူးကန်းသူအပေါ် ဆိုးကျိုးသက်ရောက်သွားပါတယ်။

ဇာတ်တော်ထဲမှာ ဘုရားအလောင်းသီလဝဆင်မင်းကြီးက အသက်အရွယ်ကြီးလို့ ဆင်အုပ်နဲ့ခွဲခွာပြီး တစ်ကောင်တည်း ကျက်စားနေချိန်မှာ မျက်စိလည် လမ်းမှားပြီး ငိုကြွေးနေတဲ့ ယောကျ်ားတစ်ယောက်ကို ကျောပေါ်တင်ပြီး ရွာပြန်လမ်းရောက်အောင် ပို့ပေးခဲ့တယ်။

ကျေးဇူးပြုတဲ့ ဆင်မင်းကသာ စေတနာကောင်းနဲ့ လိုက်ပို့နေတာ။ ကျောပေါ်မှာ စီးလိုက်လာတဲ့ ကျေးဇူးခံယောကျ်ားကတော့ မှီရာ သစ်ကိုင်းတွေကို ချိုးချိုးပြီးဆင်ကြီးနေတဲ့ တောလမ်းကို အမှတ်အသားပြုရင်း လိုက်လာခဲ့တယ်။ "မေးသူရှိရင် လမ်းပြနိုင်အောင်"ဆိုတဲ့ ရည်ရွယ်ချက်ဆိုးနဲ့ပေါ့။

မြို့ရွာရောက်လို့ ဆင်စွယ်ပန်းပုထုသူနဲ့တွေ့တဲ့အခါ အသက်ရှင်ဆဲ ဆင်အစွယ်က ပိုပြီး တန်ဖိုးကြီးတယ်ဆိုတာသိရတော့ ဖြတ်စရာ ပစ္စည်းကိရိယာတွေကိုယူပြီး ဆင်ကြီးရှိရာပြန်သွားတယ်။ ဆင်ကြီးနဲ့တွေ့တော့ "ဆင်းရဲလွန်းတဲ့အတွက် အသက်မွေးဝမ်းကြောင်းပြုဖို့ ဆင်စွယ်ကိုပေးပါ" လို့ တောင်းတဲ့အခါ အလောင်းတော်ဆင်ကြီးက အစွယ်ကိုဖြတ်ဖို့ အသာတကြည်ဝပ်ပေးရှာတယ်။

အစွယ်တွေ ပြတ်ကျလာတဲ့အခါ ဆင်မင်းကြီးက နှာမောင်းနဲ့ယူပြီး "ကျွန်ုပ် ဒီအစွယ်တွေကို မချစ်မနှစ်သက်

http://www.dhammadownload.com



လို့ ပေးလှူတာ မဟုတ်ပါ။ ဒီအစွယ်တွေထက် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ပိုပြီး ချစ်မြတ်နိုးလို့ လှူတာပါ။ ဒီအစွယ်ကို လှူဒါန်းရတဲ့ ကုသိုလ်ဟာ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ခြင်းရဲ့ အထောက်အပံ့ဖြစ်ပါစေသား"ဆိုပြီး လှူလိုက်တယ်။

ဒီလိုနဲ့ ပထမတစ်ကြိမ် အစွယ်ရဲ့ အဖျားပိုင်း၊ နောက် အလယ်ပိုင်း၊ နောက်ဆုံး တတိယအကြိမ်မှာဆင်စွယ်ကို အရင်းက ဖြတ်ယူပြီး အပြန်မှာတော့ ဆင်မင်းကြီး မြင်လောက်တဲ့အရပ်ကို လွန်တာနဲ့ တစ်ပြိုင်နက်–မစင်အညစ်အကြေးအမျိုးမျိုးတွေကို ရွက်ထမ်းရလို့လည်း ရွံရ မှန်းမသိ၊ တောင်စဉ်တောင်တန်းတွေကို ထမ်းထားရ လို့လည်း လေးရကောင်းမှန်းမသိတဲ့ မြေကြီးက တောင်ဒီလောက်ကျေးဇူးကန်းတဲ့ လူယုတ်မာကိုကျ တော့ စက်ဆုပ်ရွံရှာတဲ့သဘော၊ အလေးမခံလိုတဲ့ သဘောနဲ့ ထမ်းရွက်မထားလိုတော့ဘဲ ဝါးမျိုပြီး အဝီစိအထိ ပို့ပစ်လိုက်ပါတော့တယ်။

ဒါဟာ ကျေးဇူးခံသူက ဓာတ်ခံယုတ်ညံ့တဲ့အတွက် ကျေးဇူးကန်းလို့ ကျေးဇူးရှင်ရဲ့ စေတနာ၊ ကျေးဇူးရဲ့ ပမာဏအတိုင်း ကျေးဇူးကန်းသူအပေါ် တန်ပြန်သက်ရောက်ပုံပါပဲ။ အခြားသာဓကတွေလည်း အများကြီးပါ။

ဇာတ်တော်ထဲက ဆင်မင်းကြီးဟာ မျက်စိလည်တဲ့ ယောကျ်ားရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်သလိုပဲ မိဘတိုင်းဟာလည်း သားသမီးတို့ရဲ့ အသက်သခင်၊ ဘဝသခင်ဖြစ်ပါ

http://www.dhammadownload.com



တယ်။ အလားတူပဲ မိမိရဲ့ ဘဝရပ်တည်မှု အသက်မွေးဝမ်းကျောင်း အတတ်ပညာ၊ အသိပညာတွေကို သင်ပေးတဲ့ ဆရာသမားတွေ၊ ပါရမီမြောက်အောင် အထောက်အကူဖြစ်တဲ့ ဓမ္မစာပေတွေကို သင်ကြားပြသ ဆိုဆုံးမတတ်တဲ့ ဆရာသမားတွေဟာလည်း အသက်သခင်ထက်ပိုပြီး ကျေးဇူးကြီးတဲ့ ဘဝသခင် ကျေးဇူးရှင်တွေ ဖြစ်ပါတယ်။

ကျေးဇူးရဲ့ ပမာဏကို တိုင်းတာမယ်ဆိုရင် တစ်ဘဝ တစ်သက်စာဖြစ်တဲ့ အသက်သခင်နဲ့ ပစ္စည်းဥစ္စာသခင်တို့ရဲ့ ကျေးဇူးထက် သံသရာရေးကို အဆုံးအဖြတ်ပေးနိုင်တဲ့ တရားဓမ္မနဲ့ ပညာကိုသင်ပြပေးတဲ့ ဆရာသမားတို့ရဲ့ ကျေးဇူးတရားက အတိုင်းအဆမရှိ ပိုပြီးကြီးမားလှပါတယ်။

ဒီကျေးဇူးရှင်တွေကို ကျေးဇူးကန်းကြတဲ့ သားသမီးတွေ၊ တပည့်တွေကို မိဘတွေ ဆရာသမားတွေက ဗွေမယူကြပေမယ့် သူတို့ ကျူးလွန်တဲ့ အပြစ်ကတော့ မနေပါဘူး။ အပြစ်ဟာ အပြစ်ပါပဲ။ အချိန်မီ ဝန်ချကန်တော့ပြီး အပြစ်လွတ်အောင် မတောင်းပန်ကြရင်တော့ သူ့ကျေးဇူးကန်းသူတို့ရဲ့ ထုံးစံအတိုင်း ရရှိခံစားရမယ့် ဆိုးကျိုးပမာဏက မတွေးရဲလောက်စရာပါ။

မြတ်စွာဘုရားရှင်ကတော့ "ပြုဖူးတဲ့ သူ့ကျေးဇူးကို သိတတ်သူ၊ သိပြီး ပေးဆပ်သူများဟာ တောင့်တသမျှ လိုတိုင်း ရနိုင်တယ်။ မသိ မဆပ်သူများဟာ တောင့်တသမျှ ပျက်စီးရတယ်"လို့ ဟောတော်မူပါတယ်။

ဒါကိုကြည့်ပြီး မန်လည်ဆရာတော်ဘုရားကြီးက

http://www.dhammadownload.com



ကတည့္တြ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမာ၊ ထိုများစွာတို့၊ ဥစ္စာစည်းပွား၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိဏ်စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ညှ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏။ (မဃဒေဝ၊ ၁၉၈)လို့ ဆုံးမတော်မူခဲ့ပါတယ်။

ဒီလင်္ကာထဲမှာ ဓမ္မကရိဏ်စစ်ရေဆိုတာ သတ္တုရေဖလားပုံစံ၊ ဖင်ဘက်မှာ အညှာကလေးပါတဲ့ ရေစစ်ကို "ဓမ္မကရိဏ်=(ဝိနည်းဓမ္မနဲ့ ညီအောင် ပြုတတ်တဲ့) ရေစစ်"လို့ ခေါ်ပါတယ်။ မျက်နှာဝ အကျယ်ဘက်မှာ ပိတ်စနဲ့ စီးပြီး အညှာမှာ အပေါက်သေးလေး ဖောက်ထားရတယ်။ ရဟန်းတော်များ ရေသောက်လိုတဲ့အခါ အဝကျယ်ဘက်က ရေထဲနှစ်လိုက်ရင် အထဲကို စစ်ပြီးသားရေ ရောက်လာတယ်။ ပြည့်ရင် အညှာဘက်က အပေါက်ကို လက်နဲ့ပိတ်ပြီး ခဏတော့ သယ်ယူလို့ရတယ်။ ဝေးဝေးသယ်ဖို့ကတော့ အဝတ်စနဲ့ ပိတ်ထားတာဖြစ်လို့ ကြာကြာမခံဘူး။ လေပေါက်ကို ပိတ်ထားတဲ့ လက်ညှိုးကိုဖယ်လိုက်ရင်တော့ အထဲကရေ အကုန်ထွက်ကျလာတယ်။ ထွက်ကျလို့ ကုန်သွားပြီဆိုရင်တော့ တွင်းရေလို အသစ် ထပ်မထွက်ရှိသာမကဘူး။ အိုးရေလို နောက်ထပ် ခပ်စရာလည်း မကျန်တော့ဘူး။ အခုကာလ နားလည်လွယ်အောင်တော့ "ရေသန့်ဘူးနဲ့ သယ်လာတဲ့ရေလို"လို့ ပြောရင်လည်း ရပါတယ်။

ဆိုလိုတာကကျေးဇူးမသိတတ်သူများဟာ အတိတ်ကုသိုလ်ကံ အထောက်အပံ့ကြောင့် ကောင်းကျိုးချမ်းသာကို ရရှိထားပေမယ့် ဓမ္မကရိဏ်းရေစစ်နဲ့ သယ်လာတဲ့ ရေလိုပဲ

http://www.dhammadownload.com



တစ်စက်စက် ယိုကျ ပျက်စီးပြီး နောက်ထပ်မရနိုင်တော့ဘူး။ ဘုန်းကျက်သရေများလည်း နေ့ချင်းညချင်းဆိုသလို "လဆုတ်ရက်လပမာဆုတ်ယုတ်တတ်တယ်" လို့ ဆိုလိုတာပါ။

"အကုသိုလ်အရာမှာတော့ ကျေးဇူးကန်းခြင်းဟာ ပဉ္စာနန္တရိယကံနဲ့ ထပ်တူနီးပါးအပြစ်ကြီးတယ်" ဆိုတာ ဇာတ်တော်သာဓကများကို ကြည့်ရင် သဘောပေါက်နိုင်ပါတယ်။

အထက်မှာ ပြောခဲ့သီလဝဆင်မင်းကြီးကို ကျေးဇူးကန်းပြီး အစွယ်ဖြတ်ယူသူ၊ ချောက်ထဲကျပြီး ပြန်မတက်နိုင်လို့ သေရမယ့်သူကို ကယ်တင်ပြီး ရွာပြန်လမ်းအထိ လိုက်ပို့တဲ့ မျောက်မင်းကို ကျေးဇူးကန်း သတ်ဖြတ်သူတို့ဟာ ချက်ခြင်းမြေမျိုပြီး အဝီစိအထိ ရောက်ခဲ့ ရပုံတွေကိုကြည့်ရင် ပဉ္စနန္တရိယကံ ကျူးလွန်တဲ့ဒေဝဒတ်တို့ ထက်တောင် အကျိုးပေးမြန်တာကိုတွေ့နိုင်ပါတယ်။

"တစ်ဘဝ တစ်နပ်စာအတွက် သံသရာအဆက်ဆက် ပေးဆပ်မကုန်နိုင်တဲ့ ဒီအပြစ်မျိုးကို ပဉ္စနန္တရိယကံနည်းတူ ကြောက်ရွံ့ရှောင်ရှားကြပါလို့ မေတ္တာနဲ့ သတိပေးပါရစေ"

မကြောက်မရွံ့ ကျူးလွန်နေကြသူတွေ အတွေ့ရများနေလို့ သတိပေးရတာပါ။

ကျေးဇူးမကန်းမိပါစေနဲ့၊
ကျေးဇူးသိတတ်ကြပါစေ၊
ကျေးဇူးဆပ်နိုင်ကြပါစေ၊

* * *

http://www.dhammadownload.com

# ဘုရားရှင်နှင့်
# တွေ့နေကြသူများ

**ခုအချိန်မှာ သက်တော်ထင်ရှားဘုရားရှင်နဲ့ တွေ့ဆုံခွင့်မရနိုင်ကြတော့ဘူးလို့ ထင်နေကြတာကိုက ဗုဒ္ဓတရားတော်နဲ့ အတော်အလှမ်းဝေးနေကြလို့ပဲ။**

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဝက္ကလိရဟန်းတော်ဟာ ဘုရားရှင်ကို အလွန်အမင်း ကြည်ညိုပါတယ်။ ရဟန်းပြုခဲ့တဲ့အချိန်ကစပြီး တရားဓမ္မသင်ယူအားထုတ်မှုကို လုံးဝမပြုဘဲ ဆွမ်းဘုဉ်းပေးချိန်ကလွဲရင် ကျန်တဲ့အချိန်တိုင်း မြတ်စွာဘုရားရှင်ကို မြင်နိုင်လောက်တဲ့နေရာမှာ တည်နေပြီး စက္ကဝက်ငှက်များဟာ လမင်းရဲ့အရောင်ကို မျက်တောင်မခတ်ကြည့်နေသလို ဘုရားရှင်မျက်နှာတော်ကိုသာ ကြည့်ရှုဖူးမြော်နေလေ့ရှိပါတယ်။

မြတ်စွာဘုရားက “ချစ်သားဝက္ကလိ၊ ဒီအပုပ်ကိုယ်ကြီးကိုကြည့်နေလို့ ဘာအကျိုးရှိမလဲ။

http://www.dhammadownload.com



တရားကိုမြင်သူသာ ငါဘုရားကို မြင်သူဖြစ်တယ်။

တရားကိုမမြင်သူဟာ ငါဘုရားကို တွေ့နေရပေမယ့် မြင်ရသူမဟုတ်ဘူး။

တရားကိုကြည့်သူဟာ ငါဘုရားကို မြင်အောင်ရှုကြည့်သူဖြစ်ရမယ်" လို့ဆုံးမတော်မူပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားရှင်က မိမိကိုယ်ကို ရည်ညွှန်းပြီး "ဒီကိုယ်ပုပ်ကြီးကို ကြည့်နေလို့ ဘာအကျိုးရှိမလဲ" လို့ မိန့်ကြားတာကိုလဲ အထူးသတိပြုရပါမယ်။ အဆင်းရုပ်ဆိုးတာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အရာဝတ္ထုမဆို ရုပ်တရားသာဖြစ်ပါတယ်။ ရုပ်တရားမှန်သမျှ ဘယ်လိုပုဂ္ဂိုလ်မျိုးရဲ့ အဆင်းအသံစတဲ့ ရုပ်တရားကိုဖြစ်စေ အဓိပတိပစ္စည်းတပ်လောက်အောင် အလေးအနက်အာရုံပြုတဲ့အခါ ကုသိုလ်တရားလုံးဝမဖြစ်တဲ့အပြင် ရာဂနှင့်ဒိဋ္ဌိဆိုတဲ့ အကုသိုလ်တရားဆိုး နှစ်မျိုးသာဖြစ်ရိုးထုံးစံရှိပါတယ်။ ဒါကို သဘောကျ လက်ခံနိုင်ဖို့ဆိုတာကတော့ ပဋ္ဌာန်းဒေသနာ-ကုသလတိက်-ပဥှာဝါရ-အာရမ္မဏာဓိပတိပစ္စည်းကျေးဇူးပြုပုံကို လေ့လာသဘောပေါက်မှ လက်ခံနိုင်မှာပါ။ ပဋ္ဌာန်းဒေသနာတော်မှာ "ရူပေ-သဒ္ဒေ-ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ"တဲ့။ ဘယ်လိုရုပ်အာရုံကိုဖြစ်စေ အလေး

http://www.dhammadownload.com



အနက် အာရုံပြုခဲ့ရင် သာယာနှစ်သက်မှုဖြစ်ပြီး ရာဂနဲ့ ဒိဋ္ဌိသာဖြစ်တယ်လို့ဟောတော်မူတာပါ။ တခြားနာမ်အာရုံ တွေကို အလေးအနက် အာရုံပြုတဲ့အခါ နှလုံးသွင်း အလျောက် ကုသိုလ်၊ အကုသိုလ်နှစ်မျိုးဖြစ်နိုင်ပေမယ့် အကုသိုလ်တရားနှင့် ရုပ်တရားတို့ကို အလေးအနက် အာရုံပြုရာမှာတော့ အကုသိုလ်တစ်မျိုးသာ ဖြစ်ရိုးထုံးစံ ရှိတယ်။ ကုသိုလ်လုံးဝဖြစ်ခွင့်မရှိပါဘူး။ အလေးအနက် မဟုတ်ဘဲသဒ္ဓါတရားဖြစ်ရုံ အာရုံပြုတာကတော့ ကုသိုလ် လည်း ဖြစ်ခွင့်ရှိတယ်။ (ပဋ္ဌာန်း ပဉ္စာဝါရ-အာရမ္မ အဓိ ပတိကို လေ့လာပါ)

မြတ်စွာဘုရားရှင်က ဝက္ကလိရဟန်းကို အထက် ပါ အဆုံးအမနှင့် လွန်ကဲနေတဲ့ သဒ္ဓါတရားကို တားမြစ် ဆုံးမပေမယ့် လိုက်နာခြင်း မပြုလို့ ဝါဆို၊ ဝါကပ်တဲ့နေ့မှာ "ဝက္ကလိ ငါဘုရားနှင့်ဝေးရာကို ဖယ်သွားတော့" လို့ တိုက် ရိုက်နှင်ထုတ်လိုက်တယ်။

ဝက္ကလိရဟန်း စိတ်ဓာတ်ကျပြီး ဂိဇ္ဈကုဋ်ရှ တောင် စောင်းကခုန်ချဖို့ကြံစည်တာကိုသိတော့မှ မြတ်စွာဘုရား ရှင်က ကြွရောက်ပြီး ပူပင်သောက ငြိမ်းအေးအောင် ဆုံးမတော်မူလို့ တရားကိုသိမြင်ပြီး ရဟန္တာဖြစ်တော်မူတဲ့ အခါ ဘုရားရှင်ကို တကယ်တွေ့မြင်တဲ့ ပုဂ္ဂိုလ်ဖြစ်သွားပါ တယ်။ နောက်တော့ သဒ္ဓါတရား ကြီးမားလွန်းကဲတဲ့ ဧတ

http://www.dhammadownload.com



ဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

တကယ်တမ်း ဘုရားရှင်နဲ့ တွေ့ဖို့ဆိုတာ ဘုရားရှင်ရဲ့ ရူပကာယတော်ကို မြင်ရတာကို အဓိကမထားဘဲ ဘုရားရှင် ဟောကြားတော်မူတဲ့အတိုင်း လိုက်နာကျင့်ကြံသူများဟာ မိမိတို့ အကျင့်အသိနဲ့အညီ ဘယ်ခေတ် ဘယ်အခါ ဘယ်အချိန်မှာမဆို ဘုရားရှင်ကို တွေ့မြင်နေရမှာ ဖြစ်ပါတယ်။

ဂုဏ်တော်ကို အာရုံပြုနိုင်ဖို့ သဒ္ဓါတရားကို နှိုးဆော်ဖို့အတွက် ရုပ်ပွားတော်များကို ပူဇော်တဲ့နေရာမှာလည်း ဂုဏ်တော်ကို အဓိကထားဖို့ အရေးကြီးပါတယ်။ ဂုဏ်တော်ကွယ်ပြီး ပုံတော်အပေါ်မှာသာ အာရုံပြုလို့ကတော့ မြတ်စွာဘုရားရဲ့ အဆုံးအမတော်နဲ့ တခြားစီ ဖြစ်နေကြမှာပါပဲ။ ဘုရားရှင်လက်ထက်တော်က ဘုရားရှင်ကို မျက်စိနဲ့ တွေ့မြင်ကြသူတွေဟာလည်း ဘုရားရှင်တို့ရဲ့ ဂုဏ်ကျေးဇူးကို မသိသူ၊ သိပေမယ့် လက်မခံသူတို့ဟာ ဘုရားရှင်ကို 'တွေ့လွဲ လွဲကြသူတွေ'ပဲ ဖြစ်သွားကြတယ်။ တကယ်တွေ့ခွင့်မရကြပါဘူး။ တစ်ချို့ဆို တွေ့လွဲ လွဲရုံမကဘူး။ "တွေ့ကွဲ ကွဲကြပြီး" အဝီစိငရဲအထိ ရောက်ကြသူတွေအကြောင်း ပိဋကစာပေတွေမှာ အထင်အရှား ပါပြီးသားပါ။

ဘုရားရှင်ရဲ့ ပုံတော်တွေကို ဂုဏ်တော်ထိအောင်

http://www.dhammadownload.com



အာရုံပြု ကြည်ညိုတတ်တဲ့အတွက် ဘုရားရှင်နဲ့ တကယ်တွေ့ခွင့်ရသူတွေထဲက ရာဇဝင်မှာ အမှတ်ထင်ထင် သတိထားမိသူ တစ်ဦးကတော့ ပဲခူး၊ ဟံသာဝတီခေတ်က 'တလထော်'ဆိုတဲ့ မွန်အမျိုးသမီးတစ်ဦးပါ။ အဲဒီခေတ်က အုပ်ချုပ်တဲ့ 'တိဿမင်း'ဆိုတာ မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်လို့ ဘုရားရှင်ရဲ့ ဥဒ္ဒိဿရုပ်ပွားစေတီတွေကို ဖျက်ဆီးစေခဲ့ပါတယ်။ တချို့ မီးနဲ့ရှို့၊ တချို့ ရေထဲမျော လုပ်စေတဲ့အခါ ရေထဲမျောနေတဲ့ ရုပ်ပွားတော်တွေကို 'တလထော်'ဆိုတဲ့ အမျိုးသမီးက ကြိုးကြိုးစားစားလိုက်ဆယ်ပြီး အိမ်ပေါ်မှာ ကိုးကွယ်ထားပါတယ်။ သူ့ရဲ့ စိတ်အာရုံထဲမှာ ဆင်းတုတော်တွေကို အရုပ်လို့သဘောမထားဘဲ ဘုရားရှင်လို့ပဲ သဘောထားတဲ့အတွက် အခုလိုလိုက်ဆယ်ပြီး အိမ်ပေါ် ပင့်ထားတာပါ။

ဒီအကြောင်းကို ဘုရင်တိဿမင်းသိတော့ သူ့အာဏာကို ဖီဆန်တယ်ဆိုပြီး 'တလထော်'ကို နည်းအမျိုးမျိုးနဲ့ သတ်စေခဲ့ပါတယ်။ ဆင်နဲ့ တိုက်တဲ့အခါမှာလည်း ဘယ်ဆင်မှ မတိုးဝံ့။ မီးနဲ့တိုက်လည်းမရ။ တွင်းတူးမြှုပ်လို့လည်းအကြောင်းမထူးအောင်ဖြစ်နေပါတယ်။ အကြောင်းကတော့ အဲဒီအချိန်မှာ 'တလထော်'က မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမအတိုင်း သတ်မိန့်ပေးတဲ့ဘုရင်၊ သတ်ဖို့ အားထုတ်တဲ့မင်းမှုထမ်း၊ ဆင်ထိန်း၊ ဆင်စတဲ့ သတ္တဝါအားလုံး

http://www.dhammadownload.com



ကို မေတ္တာပို့သနေတဲ့အတွက် သူ့နှလုံးသားထဲမှာ ဘုရားရှင် ကိန်းဝပ်တည်နေတော်မူလို့ ဖြစ်ပါတယ်။

တလထော်ကို ဆင်နဲ့တိုက်ပြီး အသတ်ခိုင်းရာမှာ ဆင်တွေတစ်ကောင်မှ မတိုးရဲတဲ့အကြောင်း ဖတ်ရတဲ့အခါ သက်တော်ထင်ရှား ဘုရားရှင်ကို နာဠာဂီရိဆင်ကြီးနဲ့တိုက်စဉ်က ဆင်ကြီးကို ချွန်းနဲ့ အတန်တန်ထိုးပြီး အမိန့်ပေးပေမယ့် ချွန်းဒဏ်ကိုသာ အောင့်ခံပြီး မြတ်စွာဘုရားကို ထိုးသတ်ခြင်းမပြုတဲ့နာဠာဂီရိဆင်ကြီးကို မြင်ယောင်မိပါတယ်။

တစ်ဆက်တည်းမှာပဲ အခုအချိန်မှာ တစ်ချို့အမျိုးသမီးများ စည်းစိမ်ဥစ္စာနဲ့ ကာမဂုဏ်ကို အကြောင်းပြုပြီး အမျိုး၊ ဘာသာ၊ သာသနာကို စွန့်လွှတ်ကာ ဇာတ်ပျက်နေကြတဲ့အကြောင်းတွေ ကြားသိရတဲ့အခါ စည်းစိမ်အာရုံကာမဂုဏ်အတွက် မဆိုထားနဲ့ အသက်အတွက်တောင် ငဲ့ကွက်ခြင်းမရှိဘဲ အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်ခဲ့တဲ့ 'တလထော်'ဆိုတဲ့ အမျိုးသမီးငယ်အတွက် ဂုဏ်ယူဝမ်းမြောက် သာဓုခေါ်ပြီး တလေးတစား ဂုဏ်ပြုမိပါတယ်။

ဘုရားရှင်တို့အပေါ်မှာ ပုံတော်ကို ထွင်းဖောက်ပြီး ဂုဏ်တော်ရောက်အောင် ကြည်ညိုတတ်ကြလို့ နှလုံးသားထဲအထိ ဘုရားရှင် ကိန်းဝပ်ပြီး အသက်ကို သတ်

http://www.dhammadownload.com



ဖြတ်လို့မရကြတဲ့ သားကောင်း သမီးကောင်းတို့အကြောင်းကို ပိဋကတ်တော်ထဲမှာလည်း အတော်များများ တွေ့ရပါတယ်။

ပုံတော်ထက် ဂုဏ်တော်ကို လေးစားကြည်ညိုတတ်ကြပြီး လေးစားကြည်ညိုတဲ့ဘုရားရှင်ရဲ့အဆုံးအမကို လိုက်နာကျင့်သုံးသူမှန်သမျှ အခုအချိန်အထိလည်း ဘုရားရှင်နဲ့ တွေ့နေကြဆဲ ဖြစ်တယ်ဆိုတာ -

ယောဟိ သဒ္ဓမ္မံ ပဿတိ၊ သော မံ ပဿတိ ပဏ္ဍိတော။

"တရားတော်ကို မြင်နေသမျှ ငါဘုရားရှင်ကို တွေ့မြင်နေသူဖြစ်တယ်"ဆိုတဲ့ ဘုရားရှင်ရဲ့ အဆုံးအမတော်အရ ထင်ရှားသိသာတဲ့အတွက် အချိန်မနှောင်းမီ ဘုရားရှင်နဲ့ အစစ်အမှန် တွေ့ခွင့်ရအောင် နည်းဟောင်းနည်းကောင်းများအတိုင်း ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ဘုရားရှင်နဲ့ တွေ့ကြုံကြပါစေ။

* * *

http://www.dhammadownload.com

## ခွန်အားနဲ့

# အနိုင်အရှုံး

ဒေါသခွန်အားကြီးသူက တုတ်ဓားလက်နက်ကိုင်ပြီး အနိုင်ယူတတ်ကြတယ်။ မေတ္တာခွန်အားကြီးသူကျတော့ ခန္တီလက်နက်စွဲကိုင်ပြီး အရှုံး ပေးရဲတဲ့သတ္တိရှိရတယ်။

*(အမရပူရ တူမောင်းဆရာတော်)*

အမရပူရမြို့ တူမောင်းတိုက်မှာ ညအခါ ဘုရားဝတ်ပြုပြီးတာနဲ့ တစ်ကျောင်းတစ်ပါး အလှည့်ကျကျောင်းစောင့်ချန်ပြီး ဆရာတော်ကြီးကျောင်းပေါ်မှာ အားလုံးစုပေါင်းစာပြန်စာအံလုပ်ရတယ်။

တစ်နေ့မှာကျောင်းစောင့်ကျန်ခဲ့တဲ့ ကျောင်းနီးချင်းကိုရင်အကြီးနဲ့ အငယ်ရန်ဖြစ်ရာက ခြေလွန်လက်လွန်ဖြစ်ပြီး ငယ်တဲ့ကိုရင် ဆေးရုံ သွားချုပ်လိုက်ရတဲ့အထိဖြစ်သွားတယ်။ ပြဿနာတစ်ခုခုဖြစ်ပြီဆိုရင် သံဃာအားလုံး ဆရာတော်

http://www.dhammadownload.com



ကျောင်းအပေါ်ထပ်မှာ စုဝေးစေရတယ်။ ဖြစ်ပေါ်လာတဲ့ ပြဿနာကိုအကြောင်းပြုပြီး ဆရာတော်က ဆုံးမဩဝါဒပေး တယ်။ ပြီးမှ အပြစ်အလိုက် စာချဘုန်းကြီးများက အရေးယူ ဆောင်ရွက်ရတယ်။ သွေးထွက်သံယို ရန်ဖြစ်တာဆိုရင် ကျောင်းတိုက်က အပြီးနှင်ထုတ်ခံရမယ်လို့ စည်းကမ်း သတ် မှတ်ပြီးသား။ အဲဒီနေ့ကလဲထုံးစံအတိုင်းအပြစ်ကျူးလွန် တဲ့ကိုရင်အပါအဝင် သံဃာ အားလုံးစုံညီနေရာယူပြီးကြတဲ့ အခါ ဆရာတော်က–ငြင်းခုံတယ်၊ ရန်ဖြစ်တယ်ဆိုတာ တကယ်တော့ ကိုယ့်ရှိတဲ့ခွန်အား ကိုယ်ထုတ်ပြီးပြိုင်ကြတာပဲ၊ ခွန်အားဆိုတာ ဒေါသခွန်အားလဲရှိတယ်၊ မေတ္တာခွန်အားလဲ ရှိတယ်။ ဒေါသခွန်အားကြီးသူများကျတော့ တုတ်၊ ဓါး လက်နက်စွဲကိုင်ပြီး လက်ဦးမှုယူကြ အနိုင်ယူတတ်ကြတယ်။ မေတ္တာခွန်အားကြီးသူများကျတော့ ခန္တီလက်နက် စွဲကိုင်ပြီး အရှုံးပေးရဲတဲ့သတ္တိရှိကြတာမျိုး။

အချင်းချင်းပြိုင်ကြတဲ့အခါ သည်းခံရဲဖို့ အရှုံးပေးရဲ ဖို့ဆိုတာ တော်တော့်လူ လုပ်နိုင်ခဲတယ်၊ ဒီလို သူများလုပ်နိုင် ခဲတဲ့အရာကို ကိုယ်ကလုပ်ရဲတာမျိုးမှ သတ္တိအစစ်ခေါ်တယ်။ မကျေနပ်လို့ ရန်ဖြစ်တယ်။ ပုတ်ခတ်တယ် ဆိုတာကတော့ တိရစ္ဆာန်ချင်းတောင် လုပ်ရဲကြတာပဲ လုပ်လဲလုပ်နေကြ တာပဲ။ လူဆိုတာ အကြောင်းနဲ့ အကျိုးဆက်စပ်သိတတ်တဲ့ တိဟိတ်မျိုးနွယ်တွေပဲ။ လုပ်ချင်တိုင်း လုပ်ပစ်ရတာမျိုး

http://www.dhammadownload.com



မဟုတ်ဘူး။ ဆင်ခြင်စဉ်းစားရတယ်။ လုပ်သင့်မှလုပ်ရတာ။ မလုပ်သင့်ရင် ရဲရဲရှောင်၊ လုပ်သင့်တာကိုရဲရဲလုပ်၊ ဒါမျိုးမှ တကယ့်သတ္တိအစစ်ခေါ်တာ။

"ဒီလိုသတ္တိအစစ်မရှိတဲ့ သူတွေမှာ မောဟလှည့်စားတာခံရပြီး ဒေါသကိုသတ္တိလို့ထင်မြင်ပြိုင်ဆိုင်တတ်ကြတယ်။ အခု ဖြစ်ရတာဟာ ဒီသဘောပဲ၊ သီလရဲ့တရားကိုယ်က အဒေါသ (မပြစ်မှားခြင်း)ဆိုတဲ့ မေတ္တာတရားပဲဖြစ်လို့ ဒေါသဟာ သီလရဲ့ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်တယ်ဗျ။ ဒါကြောင့် ဒေါသအလိုလိုက်ရင် သီလပျက်တယ်။ ဒေါသဖြစ်စရာကို သည်းခံလိုက်ရင် ဒေါသရဲ့ ဆန့်ကျင်ဘက် အဒေါသဆိုတဲ့ မေတ္တာတရားဖြစ်ပေါ်လာသလို သီလလဲ လုံခြုံလာတယ်။

"သီလလုံခြုံသူအတွက် မျက်မှောက်ဒိဋ္ဌရနိုင်တဲ့ အကျိုးတရားနဲ့ ပတ်သက်လို့ သာမညဖလသုတ်မှာ မြတ်စွာဘုရားက 'ဘေးရန်အမျိုးမျိုးတို့နဲ့လဲ မတွေ့မကြုံရဘူး။ မိမိသန္တာန်မှာ အပြစ်ကင်းခြင်းဆိုတဲ့ ချမ်းသာကိုလဲခံစားရမယ်' လို့ ဟောထားတယ်။ (ဒီ-၁-၆၆)။ ဒါနဲ့ ဆန့်ကျင်ဘက် အဖြစ် သီလပျက်သူကတော့ ဘေးရန် အမျိုးမျိုးနဲ့လဲ တွေ့ကြုံရတယ်။ အပြစ်မကင်းတဲ့အတွက် စိုးရိမ်ပူပန်ခြင်းကိုလဲ ခံစားနေရမှာ မလွဲဘူး။

"သီလကြောင့်ရရှိတဲ့ 'အပြစ်ကင်းခြင်း' ဆိုတဲ့ ချမ်း

http://www.dhammadownload.com



သာကို ပေါ့ပေါ့လေး မထင်ကြနဲ့၊ အခုပဲကြည့်လိုက်စမ်း၊ ဆရာသမား ခေါ်တယ်ဆိုတဲ့အခါ အပြစ်ရှိတဲ့လူက စိုးရိမ်တုန်လှုပ်နေရတယ်၊ အပြစ်မရှိတဲ့လူက ဘာမှမဖြစ်ဘူး။ အေးအေးဆေးဆေးပဲ၊ ဒါခု ပစ္စုပ္ပန်အတွက်သာ ပြောတာမဟုတ်ဘူး။ တမလွန်မှာလဲ ဒီအတိုင်းပဲ၊ မယုံမရှိကြနဲ့၊ ဒါ မြတ်စွာဘုရားဟောထားတာဗျ" ဆိုပြီး ဆုံးမ ဩဝါဒကိုရပ်လိုက်တယ်။ ပြီးမှ ရန်ဖြစ်ကြတဲ့ ကိုရင်တွေကို စစ်ဆေးပြီး–

"ကဲ ရိုက်တဲ့ကိုရင်က မနက်ဖြန် မနက်မှာ ကိုယ့်အရပ်ကိုပြန်၊ ဒဏ်ရာရတဲ့ ကိုရင်က ဒဏ်ရာဆေးထည့်ပြီးမှပြန်၊ သွေးထွက်သံယို ဖြစ်ကြတယ်ဆိုရင်တော့ နှစ်ဦးလုံး ဒီတိုက်မှာ ဆက်နေခွင့် မရှိတော့ဘူး" လို့ ဆုံးဖြတ် လိုက်ပါတယ်။

ဆရာတော်ဩဝါဒကို အနှစ်ချုပ်လိုက်ရင် လတ်တလော ဆန္ဒကို အလိုလိုက်မိရင် ရေရှည်ပူပန်ရတတ်တယ်။ လတ်တလောဆန္ဒကို ခန္တီလက်နက်နဲ့ ထိန်းချုပ်နိုင်ရင် ရေရှည်စိတ်ချမ်းသာရတယ်လို့ ဆိုလိုရင်းပါ။ ရေရှည်ခံစားရမယ့် ဆင်းရဲကိုကြောက်သူ၊ ချမ်းသာကို လိုလားသူတိုင်းအတွက် လမ်းညွှန်ဩဝါဒတစ်ခုဖြစ်လို့ လက်ဆင့်ကမ်းလိုက်ရတာပါ။

လိုက်နာပြီး ချမ်းသာကြပါစေ။

* * *

http://www.dhammadownload.com

[redacted]

## ငရဲဘုံတံခါးနဲ့

# နတ်ဘုံတံခါး

*ဓားအိမ်ထဲကဓားကို ဆွဲထုတ်လိုက်တာ*
*ငရဲတံခါးတွေ ပွင့်သွားတာ၊*
*ဓားကိုဓားအိမ်ထဲပြန်သွင်းပြီးဦးညွတ်ကန်တော့တာ*
*နတ်ဘုံတံခါးတွေ ပွင့်သွားတာ။*

*(ဂျပန်ဘုန်းတော်ကြီး ဟာကုအင်)*

ထင်ရှားတဲ့ဘာသာတရားတိုင်းမှာ ငရဲဘုံနဲ့ နတ်ဘုံဆိုတာ သူ့နည်းသူ့ဟန်အလျောက် ယုံကြည်ကြတာ ရှိပါတယ်။ ဗုဒ္ဓဘာသာမှာလည်း ငရဲဘုံ နတ်ဘုံဆိုတာရှိတယ်လို့ ယုံကြည်ကြသလို ဘုံအားလုံးကို လွန်မြောက်တဲ့ နိဗ္ဗာန်ကို လည်း ယုံကြည်ပါတယ်။ တစ်ခြား ဘာသာများမှာ နိဗ္ဗာန်ဆိုတာအမြင့်ဆုံးဘုံလို့ ယုံကြည်ကြပြီး ဗုဒ္ဓဘာသာမှာတော့ နိဗ္ဗာန်ဆိုတာ ဘုံတစ်ခုအဖြစ် လက်ခံတာမဟုတ်ဘဲ ဒုက္ခအားလုံးက လွတ်မြောက်တဲ့အခြေအနေတစ်ရပ် အဖြစ်

http://www.dhammadownload.com



လို့ ယုံကြည်ပါတယ်။ ဒီအခြေအနေကို သုဂတိဘုံသားတွေထဲက အသိဉာဏ်မြင့်မားရင့်ကျက်သူတိုင်း မျက်မှောက်ပြုနိုင်ပါတယ်။

ဗုဒ္ဓဘာသာတရားတော်ရဲ့ ထူးခြားချက်က ငရဲဘုံ၊ နတ်ဘုံရောက်ရေးနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးတို့အတွက် တံခါးပေါက်တို့ရဲ့ သော့ကိုင်သဘောမျိုးဖြစ်တဲ့ကြားလူတမန်တော်ဆိုတာမရှိဘူး။ မိမိတို့ပြုလုပ်တဲ့ ကံတရားသည်ပင် မိမိတို့လားရောက်ရမည့်ဌာနရဲ့ သော့များဖြစ်တယ်ဆိုတာပဲ။ ဒါကြောင့်ဗုဒ္ဓဘာသာဆိုတာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိတယ်လို့ ယုံကြည်လက်ခံတဲ့ ဝါဒဖြစ်ပါတယ်။

ခုတလော ဗုဒ္ဓဘာသာလူငယ်အချို့ အချင်းချင်းပြောဆိုငြင်းခုံရာကနေ မိမိနားကိုရောက်လာတဲ့ အကြောင်းအရာတစ်ခုက ငရဲဘုံ၊ နတ်ဘုံဆိုတာ တကယ်မရှိဘူး ရှိတယ်ဆိုတဲ့ကိစ္စပါပဲ။ မရှိဘူးလို့ ဆိုသူများက ငရဲဘုံဆိုတာ ခြောက်ထားတာ၊ နတ်ဘုံဆိုတာလည်း မြှောက်ထားတာ သက်သက်ပဲ။ တကယ်မရှိဘူးလို့ ပြောနေကြတာပါ။ ဒီစကားဖြစ်ပေါ်လာတဲ့ ဇစ်မြစ်ကတော့ ရှင်အဂ္ဂသမာဓိရဲ့ နေမိငရဲခန်းပျို့နဲ့၊ နေမိဘုံခန်းပျို့တို့ ထွက်ပေါ်စခေတ်က ဖတ်ရှုသူတွေပြောဆိုကြတဲ့ "ငရဲကလည်းခြောက်လွန်းတယ်၊ ဘုံခန်းကလည်းမြှောက်လွန်းတယ်"ဆိုတဲ့ စကားကနေ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ပြောဆိုသုံးစွဲပြီး ကျယ်ပြန့်လာတဲ့စကားလို့ မှတ်သားရဖူးပါတယ်။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်တို့အနေနဲ့ ငရဲဘုံ၊ နတ်ဘုံဆိုတာ ယုံကြည်လက်ခံကြပေမဲ့ ငရဲကိုကြောက်လို့ အကုသိုလ်ကို ရှောင်တာ၊ နတ်ပြည်ကိုမျှော်လို့ ကုသိုလ်လုပ်ကြတာမဟုတ်ပါဘူး။ ကလေးငယ်များကိုတော့ အသိဉာဏ် မကျယ်ပြန့်သေးခင်မှာ ပြောဆိုရလွယ်အောင် "အကုသိုလ်လုပ်ရင် ငရဲကြီးတတ်တယ်၊ ကုသိုလ်လုပ်ရင် နတ်ပြည်ရောက်တတ်တယ်" လို့ခပ်လွယ်လွယ်ပြောတတ်ကြပါတယ်။ ဒါကတော့ ကျောင်းနေစအရွယ်မှာ "ကျောင်းသွားရင်မုန့်ဖိုးပေးမယ်။ ကျောင်းပြေးရင် တုတ်နဲ့ရိုက်မယ်" ဆိုတဲ့ ဆုံးမမှုမျိုးပါ။

ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့ အရွယ်ရောက်လာတဲ့အခါမှာတော့ ကျောင်းတတ်တာ ပညာတတ်ဖို့၊ ကျောင်းပြေးရင် ပညာရေးပျက်မယ်၊အကျင့်ပျက်မယ်ဆိုတဲ့ အသိမျိုးရှိရမှာဖြစ်သလို တရားအသိရင့်ကျက်လာတဲ့အခါမှာတော့ "အကုသိုလ်ဆိုတာ သူတစ်ပါးကိုထိခိုက်ပျက်စီး စေတတ်တဲ့အတွက် အပြစ်ရှိတယ်။ လူကောင်းသူကောင်းတို့ လက်ခံရမယ့်အလုပ် မဟုတ်ဘူး။ နောက်ဆက်တွဲအကျိုးဆက်အနေနဲ့ ဆင်းရဲဒုက္ခဖြစ်မယ်။ ယုတ်နိမ့်တဲ့ဘုံဘဝကျရောက်မယ်" ဆိုတဲ့အသိ နဲ့ရှောင်ကြဉ်ကြတာဖြစ်ပြီး၊ ကုသိုလ်ဆိုတာ "သူတစ်ပါး အကျိုးဆောင်ရင်း ကိုယ်ကျိုးရစေတဲ့အလုပ်ဖြစ်တယ်။ လူကောင်း သူကောင်းတို့ ချီးမွမ်းလက်ခံတဲ့အလုပ်လည်းဖြစ်တယ်။ နောက်ဆက်တွဲအနေနဲ့ ချမ်းသာသုခနဲ့ မြင့်မြတ်တဲ့ဘုံဘဝ အမျိုးအနွယ်များမှာ ဖြစ်ရတတ်တယ်" လို့

http://www.dhammadownload.com



ယုံကြည်သိမြင်ပြီး လုပ်ဆောင်ကြရတာဖြစ်ပါတယ်။

အတိုချုပ်ကတော့ ဗုဒ္ဓတရားတော်ဆိုတာအခြောက် အမြောက်တရားမဟုတ်သလို ဗုဒ္ဓဘာသာဝင်များအနေနဲ့ လည်း အကြောက်အမျှော်နဲ့ လက်ခံယုံကြည်ကြတာ မဟုတ် ဘဲ ယုံကြည်တဲ့ သဒ္ဓါတရား၊ ဆင်ခြင်သိမြင်တဲ့ ပညာတရား များနဲ့ လက်ခံကြတာ ဖြစ်တယ်ဆိုတာပါပဲ။

အထက်မှာပြောခဲ့သလို ဗုဒ္ဓဘာသာဆိုတာ ကိုယ့် ကြမ္မာကိုယ် ဖန်တီးရေးဝါဒဖြစ်တဲ့အတွက် ကိုယ်ပြုတဲ့ ကံ သည်ပင် ကိုယ်လားရောက်ရမယ့် ဘုံဘဝရဲ့ တံခါးသော့ သဖွယ်ဖြစ်တာမို့ ဒါနဲ့ပတ်သက်လို့ လူတစ်ယောက်ရဲ့ လက်တွေ့ပြုလုပ်တဲ့ ကံကိုကြည့်ပြီး ပြောဆိုဆုံးမတဲ့ ဂျပန် ဘုန်းတော်ကြီး 'ဟာကုအင်'ရဲ့ ပြောဆိုဆုံးမပုံလေးကိုလည်း ကြည့်ပါဦး။

ဆရာတော် 'ဟာကုအင်'ဆီကို နောဘုရှိဂေဆို တဲ့ စစ်သည်တော်တစ်ဦးရောက်လာပြီး "နတ်ဘုံ ငရဲဘုံဆို တာ တကယ်ရှိပါသလားဘုရား"လို့ မေးပါသတဲ့။ "မင်းက ဘယ်သူတုံး"လို့မေးတော့ "ဆာမူရိုင်းသူရဲကောင်းတစ်ဦးပါ" လို့ပြန်ဖြေတယ်။

ဆရာတော်က သူ့ပုံစံကိုကြည့်ပြီး ရှုးရှုးရှားရှား လုပ်တတ်မယ့်ပုံပေါက်လို့ သူ့ရဲ့အပြုအမူနဲ့ သူ့ကို ပြန်ပြီး ဆုံးမလိုတဲ့အတွက် သူ့စိတ်ဓာတ်ပေါ်လာအောင် ဆွလိုက် မယ်လို့ နှလုံးမူပြီး ...

http://www.dhammadownload.com



"မင်းကသူ့ရဲကောင်းဟုတ်စ၊ မင်းလိုကောင်ကို ဘယ်လိုဘုရင်မင်းမြတ်က သူရဲကောင်းအဖြစ် လက်ခံမှာ လဲကွာ၊ မင်းမျက်နှာက သူရဲကောင်းပုံမှ မပေါက်ဘဲ" လို့ ပြောလိုက်တယ်။

နေဘုရှိဂေက ဒေါသထွက်ပြီး ဓားကိုဆွဲကိုင် လိုက်တယ်။ ဆရာတော်ဟာကုအင်ကတော့ ဆက်လက်ပြီး "မင်းကဓားပါသကိုး၊ မင်းဓားအတုံးကြီးနဲ့ ငါ့ခေါင်းကို ဖြတ် လို့ရမှာမဟုတ်ပါဘူး" လို့ မိန့်ကြားလိုက်တယ်။

နေဘုရှိဂေက ဓားကို ဓားအိမ်ထဲကနေ ဆွဲထုတ် လိုက်တဲ့ အခါမှာတော့ ---

"ဟော ငရဲတံခါးတွေပွင့်သွားပြီ" လို့ မိန့်ကြားလိုက် တယ်။ ဒီစကားကိုကြားတော့ ဆာမူရိုင်းသူရဲကောင်းက ဆရာတော်ရဲ့ တရားသဘောကိုရိပ်မိသွားပြီး ဓားကို ဓားအိမ် ထဲပြန်သွင်းကာ ဦးညွှတ် ကန်တော့ပါလေတော့တယ်။ ဆရာတော်ဟာကုအင်က ---

"ဟော နတ်ဘုံတံခါးတွေပွင့်သွားပြီ" လို့မိန့်ကြား လိုက်ပါသတဲ့။

ဘယ်ကိုသွားမလဲ။ ဘယ်ကိုရောက်မလဲ။ ကိုယ် ပိုင်ဆိုင်ထားတဲ့သော့နဲ့ဖွင့်လို့ရတဲ့ တံခါးအတိုင်းပဲသွားရ မယ်။ ရောက်ရမယ်။ ကိုယ်ဖွင့်လိုတဲ့ တံခါးရဲ့သော့ ကိုယ် ပိုင်ဆိုင်အောင် ကိုယ်ဆောင်ထားနိုင်ကြပါစေ။

* * *

http://www.dhammadownload.com

## လ က် ဆု ပ်

# လက်ဖြန့်တတ်ပါစေ

*လက်ကိုအမြဲတမ်းဆုပ်ထားတာလည်း*
*အင်္ဂါချို့ယွင်းတာပဲ၊*
*လက်ကိုအမြဲဖြန့်ထားတာလည်း*
*အင်္ဂါချို့ယွင်းတာ တစ်မျိုးပဲ၊*

*(ဂျပန်ဘုန်းတော်ကြီး မိုကုဆင်ဟိကိ)*

တမ်ဘာခရိုင်က ကျောင်းတစ်ကျောင်းမှာ "မိုကုဆင်ဟိကိ" ဆိုတဲ့ ဘုန်းတော်ကြီးသီတင်းသုံးနေတယ်။ ဒကာတစ်ယောက်ကသူ့ဇနီးဟာအလွန်ကပ်စေးနဲ့ကြောင်း၊ လှူရေးတန်းရေးမဆိုထားနှင့် အိမ်မှာစားရေး ဝတ်ရေးအတွက်ပါ တမ်းစေ့လမ်းစေ့မသုံးစွဲတဲ့အတွက် စားရ၊ ဝတ်ရ၊ နေရတာချို့တဲ့လှကြောင်း ညည်းညူပြီး သူ့ဇနီးကို တရားဟော ဆုံးမပေးဖို့ ဘုန်းတော်ကြီးမိုကုဆင်ကို အကူအညီတောင်းခံလျှောက်ထားတယ်။

http://www.dhammadownload.com



ဘုန်းတော်ကြီးမိုကုဆင်က အဲဒီဒကာအိမ် ကြွရောက်ပြီး ဒကာမကြီးရဲ့ မျက်နှာရှေ့မှာ လက်သီးဆုပ်ပြီးပြတယ်။ အိမ်ရှင်မအမျိုးသမီးက အံ့အားသင့်သွားပြီး "အရှင်ဘုရား ဘာအဓိပ္ပာယ်လဲ"လို့ မေးတယ်။

"ငါ့လက်ဟာ အမြဲတမ်း ဒီလိုချည်းဖြစ်နေမယ် (ဆုပ်ထားမယ်) ဆိုပါတော့။ ဒကာမကြီးဘယ်လိုပြောမလဲ"

"အင်္ဂါချို့ယွင်းတာပေါ့"လို့ ဒကာမကြီးက ပြန်ပြောတယ်။ ဒီတော့ဘုန်းတော်ကြီးမိုကုဆင်က လက်ကိုဖြန့်ပြီး ဒကာမကြီးရဲ့ မျက်နှာရှေ့မှာပြပြန်တယ်။

"အမြဲတမ်း ဒီလိုချည်း ဖြစ်နေရင်ရော ဘယ်လိုပြောမလဲ"

"ဒါလည်း အင်္ဂါချို့ယွင်းတာ တစ်မျိုးပဲပေါ့"လို့ ဒကာမကြီးက ဆိုတယ်။

"အေး လက်ကိုအမြဲတမ်းဆုပ်ထားတာလည်း အင်္ဂါချို့ယွင်းတာပဲ။ အမြဲတမ်းဖြန့်ထားတာလည်း အင်္ဂါချို့ယွင်းတာတစ်မျိုးပဲမဟုတ်လား။ ဒကာမကြီး ဒီလောက်နားလည်တယ်ဆိုရင် အိမ်ရှင်မကောင်းတစ်ယောက်ပေပဲ"လို့ မိန့်ကြားပြီး ပြန်ကြွသွားပါလေရော။

အဲဒီနောက်မှာတော့ အမျိုးသမီးဟာ စုတန်တာစုသလို၊သုံးတန်တာသုံးစွဲ၊လှူတန်တာလှူဒါန်းပြီး ယောကျ်ားရဲ့ ဘဝကြင်ဖော်ကောင်းတစ်ယောက်ဖြစ်သွားပါလေရောတဲ့။

http://www.dhammadownload.com



ဘုန်းတော်ကြီးမိုကုဆင်က အလှူအတန်း ရက်ရောလွန်းတာကို ချီးကျူးတာမဟုတ်ပါဘူး။ ရှေ့ဖို့ နောက်ဖို့ ချင့်ချိန်ဝေဖန်ပြီး သုံးစွဲတာကို ချီးကျူးတာပါ။ ဒါဟာ သင်္ဂါလောဝါဒသုတ်မှာမြတ်စွာဘုရားဟောတော်မူတဲ့ "နေ့စဉ်ဝင်ငွေရဲ့ လေးဖို့နှစ်ဖို့ကို လည်ပတ်ငွေအဖြစ်သတ်မှတ်၊ တစ်ဖို့ကို အရေးပေါ်လိုအပ်ချက်အတွက် အရန်သင့်ဆောင်ထား၊ ကျန်တစ်ဖို့ကို စားသောက်လှူဒါန်းရေးအတွက် သုံးစွဲသင့်တယ်" ဆိုတဲ့ အဆုံးအမနဲ့အညီပဲဖြစ်ပါတယ်။

မှန်ပါတယ်။ ကောင်းမြတ်တဲ့အလှူတစ်ခုဆိုတာ စေတနာသုံးတန် ညီညွတ်မှုတနေရမှာဖြစ်ပါတယ်။ မလှူမီ (ပုဗ္ဗစေတနာ)ကလည်း ဝမ်းမြောက်နေရမယ်။ လှူဆဲကာလ (မုဥ္စစေတနာ)မှလည်း ဝမ်းမြောက်ရမယ်။ လှူပြီးနောက်မှာလည်း မိမိရဲ့အလှူကိုနှလုံးသွင်းပြီး (ပရစေတနာ) ဝမ်းမြောက်ဝမ်းသာဖြစ်နေရပါမယ်။ ဒီလိုမဟုတ်ဘဲ လှူဒါန်းလှူဆဲမှာ အများကအံ့သြချီးကျူးလောက်အောင် ရှိသမျှပုံအောပြီးလှူတဲ့အလှူမျိုးဟာ မွန်မြတ်တဲ့အလှူမဖြစ်တတ်ဘူးဆိုတာကို အထူးသတိပြုသင့်ပါတယ်။

အညာကရွာတစ်ရွာမှာ သားကြီးလို့ရှင်ပြုချင်သူတစ်ယောက်က သူတတ်နိုင်သလောက်နဲ့ 'သားကြီးရှင်ဖြစ်" အလှူကလေးတစ်ခုလုပ်ဖို့ တိုင်ပင်သင့်တိုင်ပင်ရာ ဆွေမျိုးမိတ်ဆွေများနဲ့ တိုင်ပင်ပါတယ်။

http://www.dhammadownload.com



ကိုယ့်ကံရှိလို့ အလှူထည်သားတစ်ယောက် ထွန်းကားလာတာကို ဒီလိုဖြစ်ကတတန်ဆန်း မလုပ်ပါနဲ့။ သားသားနားနားလေး ဖြစ်အောင်စီစဉ်ပါ။ သူကဆိုင်းထည့်မယ်၊ သူကမဏ္ဍပ်ဆင်ထည့်မယ်နဲ့ ဝိုင်းပြီးမြှောက်ပေးကြတော့ ဟုတ်သလိုလိုထင်ပြီး အလှူကိုသားသား နားနားလေးစီစဉ်လိုက်ပါတယ်။ အများကအကြံပေးတဲ့အတိုင်း ကျွေးရန် မွေးရန်ကိုလည်း အသားဟင်းပါစီစဉ်ပြီး ရွာနီးချုပ်စပ်က ပရိသတ်သုံးလေးရာလောက်ကိုလည်း ဖိတ်စာကမ်းပြီး ဖိတ်ကြားလိုက်ပါတယ်။ အညာရဲ့ဓလေ့က အဲဒီလိုအကျွေးအမွေးကောင်းကောင်းနဲ့ ဧည့်ခံတဲ့အလှူဆိုရင် ရေစက်ဆုံ အလှူငွေများလည်း ခပ်များများလေး ပူးပေါင်းပါဝင်လေ့ရှိတာကိုး။

ဘာလိုလိုနဲ့ အများမြှောက်ပေးတာ နားယောင်ပြီး အလှူကို စီစဉ်လိုက်တာ အိမ်မှာနွားသုံးကောင်ရှိတဲ့အထဲက ခိုင်းနေကျနွားတစ်ရှဉ်းကိုတော့ လောလောဆယ် ရောင်းထုတ်လိုက်ရတယ်။ "လောလောဆယ်"လို့ ပြောရတာက "ဆွေမျိုးမိတ်သင်္ဂဟတွေ အလှူငွေထည့်ဝင်လာတဲ့အခါတော့ ပြန်ဝယ်နိုင်ကောင်းရဲ့" ဆိုတဲ့ တွက်ကိန်းနဲ့ပေါ့။

အလှူနေ့ရောက်တော့ မိုးတွေကရွာလို့ ဖိတ်ထားတဲ့ ဧည့်သည်တွေ ရောက်မလာကြဘူး။ ချက်ထားတဲ့ ထမင်းဟင်းတွေကိုတော့ ရပ်မိရပ်ဖတွေစီမံချက်နဲ့ ထမင်းကို အလကားယူ၊ အသားဟင်းကို တန်ရာ တန်ဖိုးပေးပြီး ကိုယ့်

http://www.dhammadownload.com



ရွာထဲက အိမ်ပေါက်စေ့လိုလို ခွဲဝေရောင်းချပေးလို့ အချိုးနိုး တော့ဖြစ်မသွားပါဘူး။ တွက်ခြေမကိုက်တာတစ်ခုပါဘဲ။

အလှူပြီးနောက်တစ်နေ့ မဏ္ဍပ်တွေဘာတွေ ဖျက်သိမ်းပြီးချိန်မှာတော့ အလှူဒကာမှာ စာရင်းပိတ်လက်ကျန် အဖြစ် နွားတစ်ရှဉ်း ပြုတ်သွားတာရယ်၊ လှူဆဲကာလမှာ ခဲလေသမျှ သဲရေကျသလိုဖြစ်ရလို့ ဝမ်းမသာနိုင်တာရယ်နဲ့ အတော်လေး ဇရက်သုတ်ခနိုင်လိုက်ပါတယ်။

ဒါနဲ့ အလှူဒကာခမျာ အိမ်ရှေ့ကတလင်းပြင်မှာ ထိုင်ရင်း "ကိုင်းကွ ဘယ်သူများမြှောက်ပေးချင်ကြသေးသလဲ၊ အိမ်မှာနကွက် (နွားကွက်) ကလေးတစ်ကောင်ကျန်သေး တယ်။ လာကြဦး"လို့ မချိတင်ကဲ့ကြိမ်းဝါးလိုက်ပါသတဲ့။

အလှူဆိုတာကုသိုလ်ရဖို့၊ သာသနာကြဲ့ကျိုးနပ်ဖို့ လုပ်ရတဲ့ မွန်မြတ်တဲ့အလုပ်တစ်ခုပါ။ လှူပြီးလို့ဝမ်းမမြောက် နိုင်တဲ့အလှူဟာ စေတနာသုံးတန်မညီညွတ်လို့ မွန်မြတ်တဲ့ အလှူမျိုးမဖြစ်နိုင်ပါဘူး

*ချင့်ချင့်ချိန်ချိန်နဲ့*
*လက်ဆုပ်၊ လက်ဖြန့်တတ်ကြပါစေ။*

* * *

# အိပ်ရာနှင့်ရိပ်သာ

## (သို့မဟုတ်)

# ဘဝနာနှင့်ဘာဝနာ

အတွေးသစ်ဂျာနယ်မှာ ထက်ခေါင်ရဲ့ 'ရိပ်သာ' ခေါင်းကြီးပိုင်းကိုဖတ်ပြီး တရားဓမ္မနဲ့ပတ်သက်ကြတဲ့ ရဟန်းတော်များရော လူပုဂ္ဂိုလ်များပါ အတော်လေးစိတ်ဝင်တစား လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။ အစဉ်အလာမှာ ရေစုန်မျောရင်း အမှတ်တမဲ့ငိုက်နေကြသူတွေကို လှုပ်နှိုးလိုက်သလိုဖြစ်သွားလို့ ဒီခေါင်းကြီးပိုင်းကို ဖတ်ပြီး ကျေးဇူးတင်ကြသလို ဆင့်ပွားအနေနဲ့ပြောဆိုဆွေးနွေးဖြည့်စွက်ကြတဲ့ စကားဝိုင်းလေးတွေလည်းကြုံတွေ့ရပါတယ်။ ခေါင်းကြီးပိုင်းကို ရေးတဲ့ ထက်ခေါင်တစ်ယောက်တော့ တော်တော်လေး ထိရောက်တဲ့ နိဗ္ဗာန်ဆော်အလုပ်ကို လုပ်လိုက်မိသွားတယ်လို့ ဆိုရပါလိမ့်မယ်။

ရန်ကုန်ရောက်တိုင်း မိမိအမြဲတည်းခိုတဲ့ ပုဇွန်တောင် မဟာညောင်တုန်းတိုက်ထဲက ကန်ဦးကျောင်းမှာ

http://www.dhammadownload.com



ကျောင်းထိုင်ဆရာတော်ရယ်၊ ဆရာတော်ကြီးနှစ်ပါးရယ်၊ ကမ္မဋ္ဌာန်းဆရာတော်တစ်ပါးရယ် 'ရိပ်သာ'နဲ့ ပတ်သက်တဲ့ စကားဝိုင်းလေးတစ်ခု ကျယ်ကျယ်ပြန့်ပြန့် ပြောဆို ဆွေးနွေး မိကြပါတယ်။

ဆရာတော်တစ်ပါးက –

သူ့စာထဲမှာ ရိပ်သာကိုသွားတယ်ဆိုတာ 'ကိုယ့်ကိုယ်ကိုရှာဖွေဖို့'ဆိုတာလေးပါတယ်။ ဒီစကားက ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ကို မြတ်စွာဘုရားမိန့်ကြားတဲ့စကားပဲ။ အလွန်အရေးပါတဲ့စကား။ ဒီစကားကိုနားထောင်လို့ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ မင်းသားဘဝနဲ့ စည်းစိမ်တွေစွန့်လွှတ်ပြီး သာသနာ့ဘောင် ဝင်ရောက်သွားကြတာ။ အရဟတ္တဖိုလ် ပေါက် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တဲ့အထိ အကျိုးများသွား ကြတာပေါ့။

အဲ–ဒီနေရာမှာ 'ရှာဖွေ'ဆိုတဲ့ စကားကို လူတွေ သဘောပေါက်ကြဖို့အရေးကြီးတယ်။ 'ရှာတယ်–ဆိုတာ တစ်ခုခု–ဖုံးကွယ်နေတာကို တွေ့မြင်အောင် ကြိုးစားရတဲ့ သဘောပဲ။ အဖုံးအကွယ်ကို ဖယ်ရှားဖွင့်လှစ်ရတဲ့ သဘောမျိုး လို့ဆိုရမှာပေါ့။ ဒီနေရာမှာ ဟိုး– ဓမ္မစကြာမှာပါတဲ့ နိရောဓ သစ္စာထဲက စာဂေါ–ပဋိနိဿဂ္ဂေါ–မုတ္တိ၊ အနာလယောဆိုတဲ့ စကားလေးပိုဒ်ကို သတိထားကြည့်သင့်တယ်။

စာဂေါ=စွန့်တယ်၊ ပဋိနိဿဂ္ဂေါ=ချွာတယ်။ ဒီ

http://www.dhammadownload.com



နှစ်ပိုဒ်က အဓိပ္ပာယ်တူနေသလိုလိုထင်ရတယ်။ ဒါပေမယ့် မတူဘူး။ ထူးခြားပုံကို ဥပမာနဲ့ပြောရရင်– စာဂ=စွန့်တယ် ဆိုတာက ဝါးမျှစ်တစ်ခုကို အသားပေါ်လာအောင် အခွံတွေ တစ်ခုချင်းဖယ်ရှားသလို တဖြည်းဖြည်း စွန့်စွန့်လာတဲ့ သဘော၊ အလောင်းတော်ကြီးများ ပါရမီဖြည့်ရာကာလတွေ ကနေ ရင့်ကျက်ချိန်ရောက်သည်အထိ စွန့်လွှတ်မှုတွေ လေ့ ကျင့်ပြီး နောက်ဆုံး အပြီးအပြတ်စွန့်နိုင်အောင် လေ့ကျင့် ယူတဲ့သဘောမျိုးပေါ့။ ညင်သာတယ်။ ဒါပေမယ့်ဖြည်းတယ်၊ နှေးတယ်။

ပဋိနိဿဂ္ဂေါ=ခွာတယ်ဆိုတာတော့ မျှစ်စိမ်းချိုး ချိုးပြီးဖယ်ပစ်လိုက်သလို ဖွတ်အတင်းစွန့်ပစ်တာ–သိဒ္ဓတ္ထတို့၊ ယသသူဌေးသားတို့လို တစ်ခါတည်းစွန့်ပြီး အလွတ်ရုန်း ထွက်တာမျိုးပေါ့။ သိပ်တော့ မသက်သာလှဘူး။ မြန်တယ်။ ပြတ်တယ်။

မုတ္တိ=ဆိုတာကတော့ ရုန်းထွက်လို့ လွတ်မြောက် လာတာ။

အနာလယော=ဆိုတာ နောက်ပြန်မကြည့်တော့ တာ၊ နောက်ဆံမတင်းတော့တာ။ မြန်မာတွေပြောနေကြတဲ့ အာလယ ပြတ်တယ်ဆိုတာ ဒီစကားလုံးကိုယူသုံးတာပဲ။ အနာလယ=နအာလယ=တွယ်တာမှုကင်းပြီး လို့အဓိပ္ပာယ်ရ တယ်။

http://www.dhammadownload.com



သူ့စာထဲက 'ကြီးမေ'ဆိုတာ အဲဒီလို အာလယ မပြတ်နိုင်ဘဲ နောက်ဆံတင်းနေတဲ့ယောဂီကြီးမို့လား။ ဒီလို ယောဂီမျိုးတွေလည်း ပေါမှပေါပဲ့ကွာ။ တို့ပတ်ဝန်းကျင် မှာလည်းရှိပဲ့။ အဲ–အဲဒီလေးမျိုး တစ်မျိုးမျိုးနဲ့ လေ့ကျင့်ပြီး အဖုံးအကွယ်ကို ဖယ်ရှားနိုင်မှ ကိုယ့်ကိုယ်ကိုယ် ရှာတွေ့ နိုင်မှာ။ ဒါကိုသဘောပေါက်ကြဖို့ အရေးကြီးတယ်လို့ မိန့် ကြားပါတယ်။

ကန်ဦးကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသာဂရ ကတော့ ရိပ်သာသွားမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ရိပ်သာ သွားမယ်ဆိုတဲ့ အသိရှိဖို့က အရေးကြီးတယ်။ ဒီလိုသိနေဖို့ ဆိုတာကလည်း စိတ်ကိုသတိနဲ့ အမြဲတွဲထားနိုင်မှဖြစ်မှာ။ ဒီနေရာမှာ တိပိဋကဓရ(ယော)ဆရာတော် ဆုံးမထားတာရှိ တယ်။ ဘယ်နေရာရောက်ရောက် ဘာအလုပ်ပဲ လုပ်လုပ် မိမိလုပ်မယ်လို့ ဦးတည်ထားတဲ့ အာရုံပေါ်စိတ်ကို ကျရောက် နေစေဖို့ သတိနဲ့အမြဲထိန်းပေးရမယ်။

စိတ်ကို သတိနဲ့အမြဲထိန်းပေးရင် ဘာဝနာဖြစ် တယ်။

စိတ်မှာသတိကင်းလွတ်နေရင် ဘဝနာမယ်။

သတိလွတ်ရင် ယောဂီမဖြစ်ဘဲ ရောဂီဖြစ်မယ်။ (ယောဂီ=တရားအားထုတ်သူ၊ ရောဂီ=ကိလေသာရောဂါ ထူပြောသူ)

http://www.dhammadownload.com



သတိပါရင်တွေကြုံသမျှအရာတိုင်းဟာ ရတနာပဲ။

သတိလွှတ်ရင်တွေ့သမျှရှိသမျှ ရတာ နာတွေပဲတဲ့။

ဟိုဒကာရဲ့စာ(ရိပ်သာ)ထဲက 'ကြီးမေ'ဆိုတဲ့ ဒကာမကြီးက ဘဝနာ+ရောဂ+ရတာ နာ ဖြစ်နေပြီး၊ သတိရှိတဲ့ ဘကြီးဖြိုးက ဘာဝနာ–ယောဂီ–ရတနာဖြစ်နေတဲ့သဘောပေါ့။ ဒါဟာ မဟာသတိပဋ္ဌာနသုတ်မှာ ဘုရားဟောထားတဲ့ သတိသာအဓိက၊ "သတိထားတရားရှိ"ဆိုတာနဲ့ အကိုက်ပဲလို့ ဖြည့်စွက်ဆွေးနွေးပါတယ်။

မဟာစည်နယ်လှည့် ဓမ္မကထိကက မြဝတီမြို့ ဇောတိရတနာကျောင်း ကမ္မဋ္ဌာနစရိယဖြစ်တဲ့ အရှင်ဇာဂရကတော့–

ရှေးဆရာတော်ကြီးတွေမိန့်ကြားထားတဲ့ စကားရှိတယ်။ **စိတ်ပါရင်အိပ်ရာက ရိပ်သာဖြစ်တယ်။ စိတ် မပါရင် ရိပ်သာက အိပ်ရာဖြစ်တယ်တဲ့။**

ခုလည်းသူ့စာထဲမှာပါတဲ့ "ဘကြီးဖြိုး"က အိပ်ရာမှာနေပြီး ရိပ်သာဖြစ်နေပြီး "ကြီးမေ"ကတော့ ရိပ်သာမှာ အိပ်ရာတင်မကဘူး၊ အိမ်ရာပါဖြစ်လာတာပေါ့လေ။ ဆိုတော့

ဆရာတော်တစ်ပါးကပ ဒီလိုဆိုတော့ –

**"စိတ်ပါရင်အိမ်ရာကရိပ်သာဖြစ်တယ်။ စိတ်မပါရင် ရိပ်သာက အိမ်ရာဖြစ်တယ်"**လို့တောင် ဆိုရလိမ့်မယ်။ ဟုတ်တယ်လေ။ မြတ်စွာဘုရားရှင်က တရားတွေ

http://www.dhammadownload.com



ဖို့အတွက် သီးခြားအချိန်၊ သီးခြားနေရာ လိုအပ်တယ်လို့ ပြောခဲ့တာ မဟုတ်ဘူး။ အချိန်တိုင်း အလုပ်တိုင်းမှာ သတိရှိရမယ်လို့ ပြောခဲ့တာပဲ။ တစ်ချို့က "မအားဘူး"လို့ ဆင်ခြေပေးတတ်ကြတယ်။ အဲဒီ "မအားဘူး"ဆိုတဲ့ အချိန်တွေက အိပ်နေချိန်တွေမဟုတ်ဘူး။ နိုးကြားနေ၊ လုပ်ကိုင်နေတဲ့ အချိန်တွေပဲ။ ဒီအချိန်တွေမှာ သတိထားတတ်ရင် သိစရာတွေချည်းပဲ။ သတိပဋ္ဌာန်အလုပ်ဆိုတာ အဲဒီ သိစရာတွေကို သိနေအောင် သတိထားရတာပဲမို့လား။ လူဆိုတာ နတ်များလို ကမ္မဇနှ ဇီဝိတ=ကံရဲ့ အကျိုးကိုမှီပြီး ထိုင်စားနေတဲ့အမျိုးမှ မဟုတ်ဘဲ။ ဥဋ္ဌာနဇီဝိတ=ထကြွလုံ့လ လုပ်ကိုင်စားရတဲ့အမျိုးဆိုတော့ သီးသန့်အားလပ်ချိန်ရယ်လို့ ဘယ်ရှိမလဲ။ ပင်ပန်းလို့ အိပ်ရာဝင်ကြတာတောင် စိတ်က အားနေရတာမဟုတ်ဘူး။ နောက်ဆုံး မနေနိုင်လို့သာ အိပ်ပျော်ကြရတာ။ ကြံ့တုန်းစည်တုန်းနဲ့ အိပ်ပျော်ရတာချည်းပါပဲ။ တရားအသိရဖို့ တရားအားထုတ်ရမယ့်လမ်းစဉ် (မဂ္ဂင်) ထဲမှာ သမ္မာအာဇီဝဆိုတာ ပါနေတာကိုက အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရင်း တရားအသိရအောင်ရှာနိုင်ရမယ်လို့ ရည်ညွှန်းနေတာ။ ဒါကိုသဘောပေါက်ကြရင် တရားအတွက် အားချိန်သီးသန့်မလိုဘူးဆိုတာ သဘောပေါက်ကြမှာပါလို့ ဆွေးနွေးပါတယ်။

အမရပူရတူမောင်းတိုက်စာချဆရာတော် ဘဒ္ဒန္တ

http://www.dhammadownload.com



ဃောသိတ ကတော့ -

အေးကွ တစ်ချို့ဆုပေးတဲ့ပုဂ္ဂိုလ်တွေက "စိတ်သွားတိုင်း ကိုယ်ပါပြီး လိုရာရောက်နိုင်ကြပါစေ"ဆိုတာ ကြားရတိုင်းစဉ်းစားကြည့် မိတယ်။ စိတ်ဆိုတာ အငြိမ်လည်း မနေတတ်ဘူး။ သွားပြန်တော့လည်း ကောင်းတဲ့နေရာက နည်းနည်း။ ဒီလူတွေ စိတ်သွားတိုင်းသာ ကိုယ်က ပါပါသွားမယ်ဆိုရင် လူကြားထဲ ပြန်ဝင်ရဲပါ့မလား။ မစင်တော၊ ဗွက်တောထဲလူးပြီး လူကြားထဲဝင်လာတဲ့ဝက်တစ်ကောင်လို ဖြစ်မလာလောက်ပေဘူးလားလို့ အောက်မေ့မိတယ်။ အမှန်ကကိုယ်သွားချင်တဲ့နေရာ စိတ်ပါလာဖို့ အရေးကြီးတာ။ တို့ စာအံစာဖတ်လုပ်ကြတဲ့အခါ တစ်ခါတလေစာထဲမှာ စိတ်ကမရှိကြလို့ ဆရာသမားဘာတွေ ပြောသွားတယ်ဆိုတာ မသိလိုက်တဲ့ အကြိမ်တွေအများကြီးပဲတဲ့။

တစ်ခြားဆရာတော်တစ်ပါးကလည်း ဟုတ်တယ်ဟေ့။ တို့ကျောင်းနားက ဒါယိကာမကြီးတစ်ယောက်ဆိုရင် အိမ်မှာစိတ်စဉ် ညွှန်ကြားစရာတွေရှိသမျှ ဘုရားဝတ်တက်တုန်းမှာ အကုန်ပြီးတာပဲ။ ပါးစပ်က အစိန္တေယျ-နှစ်ခွန်းလောက်စလိုက်ပြီဆိုကတည်းက "ဟဲ့ အငယ်မ ဟိုစားပွဲပေါ်က နင့်အဖေအတွက်ချန်ထားတဲ့ ဟင်းပန်းကန် အုပ်ထားရဲ့လား။ "အပ္ပမေယျ-အပ္ပမေယျ-ဟိုကောင် မနက်ဈေးလိုက်မယ့်ပိုက်ဆံသေသေချာချာထည့်နော်။ စာရင်းစာရွက်လည်းမေ့နေ

http://www.dhammadownload.com



ဦးမယ်။ ဩကာသ–ဩကာသနဲ့ ဒါနဲ့ပဲ ဘုရားဝတ်တတ် လဲဆုံးရော စီစဉ်ညွှန်ကြားစရာတွေလဲ ဆုံးတော့တာပဲတဲ့။ ဒါဟာ ကိုယ်တစ်ခြား စိတ်တစ်ခြားဖြစ်နေတဲ့ သဘောပေါ့" လို့ ဖြည့်စွက်ပြောပါတယ်။

ဒီစကားဝိုင်းမှာပြောသမျှတွေက ဦးတည်ချက် တစ်ခုအတွက် ဖြည့်စွက်ဆွေးနွေးတဲ့စကားတွေဖြစ်လို့ မှတ်လောက်သားလောက်တွေချည်းပါပဲ။ အချိန်လည်း အတော်ကြာပါတယ်။ အပြည့်အစုံသာ ရေးပြမယ်ဆိုရင် "ရိပ်သာ နိကာကျမ်း"တစ်စောင် ဖြစ်သွားမလားပဲ။

မိမိကတော့ ဘကြီးဖြိုးလုပ်ဆောင်ချက်များကို ပါဝင် ဆွေးနွေးမိပါတယ်။ လောကနယ်–ဓမ္မနယ်ဆိုတာ အတ္တနယ်နဲ့အနတ္တနယ်ပါပဲ။ အတ္တဆိုတာ ကိုယ့်အတွက်သာ သိတတ်ကြည့်တတ်တဲ့သဘော။ အနတ္တဆိုတာက ကိုယ်လို့ တောင်မသတ်မှတ်တော့တဲ့ သဘောဆိုတော့ လွတ်ကနဲ ကူးပြောင်းဖို့ ခဲယဉ်းလှပါတယ်။ အဘိဓမ္မာ တရားတော်များမှာ သောမနဿ ဒေါမနဿဆိုတာမျိုးလို ဖြောင့်ဖြောင့် ဆန့်ကျင်တဲ့တရားနှစ်ခု တစ်ဆက်တည်း မဖြစ် နိုင်တဲ့အခါ မှာ ဥပေက္ခာဆိုတဲ့ ကြားခံတစ်ခု ဖြစ်ပေးရပါတယ်။ အာဂန္တုကဘွင်လို့ခေါ်တယ်။

အတ္တနဲ့ အနတ္တကလည်း ဖြောင့်ဖြောင့်ဆန့်ကျင် ဘက် ဖြစ်နေပါတယ်။ ကြားခံတစ်ခုမရှိဘဲ ကူးနိုင်ဖို့ခဲယဉ်း

http://www.dhammadownload.com



တယ်။ ဒီအတွက် ကြားခံတစ်ခုလိုအပ်တယ်။ အဲဒါကတော့ 'ပရ'ဆိုတာပါပဲ။ အလောင်းတော်ကြီးများ ပါရမီဖြည့်ကြရတယ်ဆိုတာဟာ 'ပရ'နယ်ပယ်မှာ ကျင့်သားရအောင် လေ့ကျင့်နေရတဲ့သဘောပါ။ ဒါကြောင့်လည်း ပါရမီဖြည့်ရာကာလအကြောင်း ဇာတ်ဝတ္ထုများကို လေ့လာကြည့်ရင် ပရဟိတတွေ ဆောင်ရွက်နေတာကို ထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်။ "ဘကြီးဖြိုး"ရဲ့ လုပ်ရပ်တွေကိုကြည့်ရင် အနတ္တကို မကူးနိုင်သေးလို့ ကြားခံဖြစ်တဲ့ 'ပရ' အပေါ်မှာ ခြေဟန်ချိန်ရဲ့လက်ကိုင်ထားပြီး ကျင့်သားရအောင်လုပ်နေတဲ့ သဘောဖြစ်လို့ အနတ္တကို ဦးတည်နေပါတယ်။ 'ပရ'တို့ 'ပရဟိတ'တို့ဆိုတာ မာခဲနေသလိုဖြစ်နေတဲ့ အတ္တစွဲအတုံးအခဲကို ပါးကျဲသွားအောင် လေ့ကျင့်ပေးနေတာလို့ သဘောရကြောင်း ပြောဆိုမိပါတယ်။ စကားဝိုင်းမှာပါဝင်တဲ့ အရှင်မြတ်များကလည်း သဘောညီမျှကြပါတယ်။

ပြီးတော့ 'စိတ်ပါရင်' ဆိုတဲ့စကားကိုလည်း ဆန်းထုတ်ကြည့်မိပါတယ်။ စိတ်–ဘယ်ကိုပါရမလဲ။ မိမိဦးတည်ရည်ရွယ်တဲ့ အာရုံဆီပါရမယ်။ ဦးတည်ထားတဲ့ အာရုံပေါ်မှာသာ ကျရောက်ပြီး တခြားအာရုံဆီလွင့်မသွားအောင် ပါနေရမှာပါ။ ဒီလိုပါဖို့အတွက် သဒ္ဓါတရားနဲ့ စည်းရုံး၊ ဝီရိယတရားနဲ့ ဆုတ်နစ်မသွားအောင်ခုခံ၊ ပညာတရားနဲ့ အကြောင်းအကျိုးကိုမျှော်မြင်ကြည့်ပြီး ဆွဲခေါ်ရမယ်လို့သဘောပိုက်မိပါတယ်။

http://www.dhammadownload.com



ဒီလို စိတ်ကိုလိုရာပါအောင် ဆွဲခေါ်တဲ့အခါမှာ အရေးကြီးဆုံးက 'သတိ'တရားဖြစ်ပါတယ်။ သတိနဲ့ ပတ်သက်လို့ ယောဆရာတော် မိန့်ကြားတာကတော့ 'သတိ' ဆိုတာ–

၁။ ဘာလုပ်မယ်၊ ဘာကိုအာရုံပြုမယ်ဆိုတဲ့ အာရုံကို ပုံဖော်ပေးတယ်။

၂။ ဒီအာရုံနဲ့စိတ်ကို တွဲကပ်ပေးတယ်။

၃။ ရည်ရွယ်ချက်မပြီးမြောက်သမျှ အာရုံမပျောက်အောင် အသိနဲ့အာရုံကိုလည်း တွဲစပ်ပေးထားတယ်။

၄။ အလုပ်လုပ်နေစဉ်မှာတခြားအာရုံတွေ လက်မခံမိအောင်လည်း ကာကွယ်ပေးတယ်။

၅။ သိစရာကို သိနေတဲ့ အသိဉာဏ်လေး အဆက်မပြတ်မသွားအောင်လည်း'သတိ'က ဆက်စပ်ပေးထားတယ်။

၆။ အလုပ်တိုင်း အရေးကြီးတယ်လို့ သဘောထားတယ်။

အတိုချုပ်ကတော့ အာရုံကိုပုံဖော်၊ အသိစိတ် ပေါ်အောင်လုပ်ပေးပြီး တခြားမလိုအပ်တဲ့အာရုံဆီ ပျံ့လွင့် မပြေးအောင်၊ မလိုအပ်တဲ့ အတွေးတွေဝင်မလာအောင် အစောင့်အရှောက်ပေးနေတာဟာ 'သတိ' ရဲ့ အလုပ်ပါပဲ။ ဒီလို စိတ်ကိုသတိနဲ့ကပ်ထိန်းပေးထားရင် စိတ်က တခြားအာရုံတွေဆီ ပျံ့လွင့်မသွားတော့ဘဲ ကိုယ်စူးစိုက် လုပ်ကိုင်ရမယ့် အာရုံဆီကိုသာ ကိုယ့်ဆန္ဒနဲ့အညီ ပါလာတာကို စိတ်ပါတယ်လို့ ခေါ်ရပါလိမ့်မယ်။

http://www.dhammadownload.com



အဲဒီလိုမိမိစိတ်က မိမိစေရာ အာရုံဆီပါလာပြီဆိုရင် သိစရာ အာရုံတိုင်းရဲ့သဘောအမှန်ကို သိနေမှာဖြစ်ပါတယ်။ အာရုံရဲ့သဘော အမှန်ကိုသိနေတာကိုလည်း ဝိပဿနာလို့ ခေါ်တာဖြစ်လို့ စိတ်ပါရင် အိပ်ရာကလည်းရိပ်သာဖြစ်တယ်လို့ ဆိုတာဖြစ်မှာပါ။ အမှန်ကတော့ အိပ်ရာက သာမက ပါဘူး။ နေရာတိုင်း အလုပ်တိုင်း ဣရိယာပုထ်တိုင်းမှာ ရိပ်သာဖြစ်နေမှာပါ။

အာရုံရဲ့ပင်ကိုယ်သဘောအမှန်မှာ ချစ်စရာ၊ မုန်းစရာရယ်လို့ သီးခြားမရှိဘဲ။ ခဏဖြစ်၊ ခဏပျက်တဲ့ သဘောမျှသာရှိလို့ ဒါကိုအမှန် အတိုင်းသိနေသူမှာလည်း အချစ်၊ အမုန်းဆိုတဲ့ လောဘ–ဒေါသက စပြီး မနာလိုဝန်တိုမှု၊ ကိုယ့်အတွက်သာသိမ်းထားလိုမှုစတဲ့ကိလေသာအပူတွေဝေးနေမှာဖြစ်လို့ အေးမြတဲ့အရိပ်မှာ နေရသလို ဖြစ်နေမှာသေချာပါတယ်။ ဒီလိုနေနိုင်သူဟာဘဝမနာဘဲ ဘာဝနာသာဖြစ်နေမှာဖြစ်သလို တရားနဲ့ယှဉ်တွဲနေတဲ့ ယောဂီ၊ တရား အသိကို ရနေတဲ့ ရတနာအစစ်ရသူ ကေန်ဖြစ်နေမယ်လို့ သဘောပိုက်မိပါတယ်။

**ဘဝမနာဘဲ ဘာဝနာဖြစ်နေစေဖို့နေရာတိုင်း အချိန်တိုင်း အလုပ်တိုင်းမှာ သတိထားပြီး တရားရှိအောင် နေတတ်ကြပါစေ။**

* * *

# သဟမ္ပတိ

## နှင့်

# မာရ်နတ်

‘‘အဆိုးလောကဓံဆိုတာ ဇွဲလုံ့လနဲ့သတ္တိ
ဗျတ္တိကိုစမ်းသပ်ဖို့လွှတ်လိုက်တဲ့
သဟမ္ပတိ(ဗြဟ္မာ)ရဲ့ ကိုယ်စားလှယ်ဖြစ်တယ်။
အကောင်းလောကဓံဆိုတာ
ကိုယ်ကျင့်တရားနဲ့ သမာဓိကိုစမ်းသပ်ဖို့
မာရ်နတ်က လွှတ်လိုက်တဲ့
ကိုယ်စားလှယ်တွေပဲ’’

*(အဘိဓဇမဟာရဋ္ဌဂုရု–မစိုးရိမ်ဆရာတော်)*

တိပိဋကစာမေးပွဲအောင်အရှင်မြတ်များ ဂုဏ်ပြုပွဲမှာ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တသုရိယာဘိဝံသ) မိန့်ကြားတဲ့ဩဝါဒစကားပါ။

http://www.dhammadownload.com



ဆရာတော်ကြီးရဲ့ဩဝါဒဟာ လောကဓံ အတက် အဆင်းမှာ အကောင်းဆုံးဂီယာ၊ အကောင်းဆုံးဘရိတ်ကြီး တွေဖြစ်လို့ လောကသားတိုင်းရဲ့ သဗ္ဗသိဒ္ဓိ(အလုံးစုံပြီးနိုင်တဲ့) မန္တာန်ကြီးလို့ပဲ ဆိုချင်ပါတယ်။

အဆိုးလောကဓံဆိုတာ ရုန်းကန်တက်လှမ်းရမှာ ဖြစ်လို့ တောင်တက် ခရီးကြမ်းတစ်ခုပါ။ ဒီအခါမျိုးမှာ 'သဟမ္မတိရဲ့ကိုယ်စားလှယ်'ဆိုတဲ့ ဆရာတော်ရဲ့သတိပေး စကားဟာ အလွန်အားကောင်းတဲ့ ဂီယာနဲ့တွန်းပို့လိုက်တဲ့ ကားတစ်စီးလို လောကဓံကို အရှုံးမပေးဘဲ အောင်မြင်တဲ့ အထိ ရုန်းကန်ကြိုးစားလိုတဲ့ ခွန်အားတွေပေးစွမ်းခဲ့ပါတယ်။

ဘဝမှာ သာတောင့်သာယာ အဆင်ပြေပြေလေးနဲ့ အသာကလေး လိမ့်ဆင်းနေရတဲ့ လောကဓံကောင်းနဲ့ ကြုံရတဲ့ အခါမှာလည်း 'မာရ်နတ်ရဲ့ကိုယ်စားလှယ်'ဆိုတဲ့ ဆရာတော် သတိပေးစကားက ဘရိတ်ကောင်းတဲ့ကားလို အရှိန်မပြင်း ချောက်မကျအောင် ထိန်းထားနိုင်စွမ်းရှိလှပါ တယ်။

တောထဲမှာ တရားအားထုတ်ခဲ့တာ နှစ်ပေါင်း (၃၀) လောက်ရှိပေမယ့် လိုရာခရီးမပေါက်ခဲ့လို့ စိတ်ပျက်ဝမ်းနည်း ပြီး မျက်ရည်ကျနေတဲ့ ရဟန်းတော်ကြီးတစ်ပါးနားကို သတိ ပေးလိုတဲ့နတ်သမီးတစ်ပါးက အသံထွက်အောင်ငိုပြတဲ့အခါ ဒါဘယ်သူလဲလို့မေးလိုက်ပါတယ်။ ဘာကြောင့် ငိုရတာလဲ

http://www.dhammadownload.com



ဆိုတော့ "ငိုရင်တစ်မဂ်တစ်ဖိုလ်များရမလားလို့"လို့ ပြန်ဖြေသံကြားတဲ့အခါ ဒါဟာတမင်သက်သက်ငါ့ကို သရော်သလိုပြုပြီး သတိပေးလိုက်တာပဲလို့ သဘောပေါက်တဲ့အတွက် 'ငါလို အာဏာနည်ယောက်ျားကောင်းဖြစ်တဲ့ ရဟန်းတစ်ပါးဟာ ဘာမဟုတ်တဲ့ နတ်သမီးတစ်ယောက်ရဲ့ အလှောင်အပြောင်ခံနေရမှာလား'လို့ အားတင်းပြီး ကမ္မဋ္ဌာန်းတရားကို ဆက်လက်ကြိုးစားလိုက်လို့ ရဟန္တာအဖြစ် လိုရာခရီး ပေါက်ရောက်သွားခဲ့တာ။

တောကျောင်းတိုက်မှာပဲ အဖော်ရဟန်းများနှင့်အတူ မနီးမဝေးတစ်နေရာစီမှာ ကမ္မဋ္ဌာန်းအားထုတ်နေကြတဲ့ ရဟန်းတော်တွေထဲက ရဟန်းငယ်တစ်ပါး ကျားအဆွဲခံရတဲ့အခါ အဖော်ရဟန်းတွေသိလို့ ဝိုင်းဝန်းခြောက်လှန့်ဖို့ ဝိုင်းလိုက်ကြတော့ ကျားကဘယ်သူမှလိုက်ဖို့ မလွယ်တော့တဲ့ တောင် ခါးပန်းကျောက်ဆောင်တွေကြားရောက်နေပြီ။ ဒီတော့ အဖော်ရဟန်းတွေက "ငါ့ရှင် ဒီလိုအချိန်မျိုးမှာ သင့်ကိုသင်ကလွဲလို့ ဘယ်သူ့ကိုမှအားကိုးရာမရှိတော့ဘူး။ သင့်အစွမ်းအစကိုသာအသုံးချပေရော့"လို့ သတိပေးလိုက်တဲ့အတိုင်း ရန်းမလွတ်နိုင်တော့တဲ့ ကျားပါးစပ်က ရုန်းထွက်ဖို့ မကြိုးစားတော့ဘဲ ကိုယ့်စွမ်းကိုယ်စနဲ့ ရုန်းထွက်နိုင်မယ့် သံသရာဝဋ်က ရုန်းထွက်ဖို့ ကြိုးစားပြီး ကျားကိုက်လို့ ခံစားနေရတဲ့ဝေဒနာကို သတိနဲ့မပြတ်ရှုမှတ်ပွားများရင်း ခြေဖျား

http://www.dhammadownload.com



ကုန်အောင် ကျားစားခံရတဲ့အချိန်မှာ သောတာပန်၊ ဒုံးအထိ ရောက်ချိန်မှာ နောက်တစ်ဆင့်၊ ပေါင်ရင်းရောက်ချိန်မှာ နောက်တစ်ဆင့်နဲ့ အဆက် မပြတ်သတိမလပ်ကြိုးစားလိုက်တာ ချက်နားအရောက်မှာ နောက်ဆုံးအဆင့်ဖြစ်တဲ့ ရဟန္တာအဖြစ်ကိုရောက်ရှိပြီး ခန္ဓာဝန်နဲ့အတူ ကိလေသာ ပန်ထုပ်တွေအကုန်ပယ်ချပြီး သံသရာဝဋ်မှ လွတ်မြောက်သွားကြတာတွေကို စဉ်းစားကြည့်လိုက် တိုင်း "ခွဲလုံ့လနဲ့ သတ္တိ ဗျတ္တိကို အထွတ်အထိပ် မြန်မြန်ရောက်အောင် အဆိုးလောကခံက တွန်းပို့လိုက်ပုံက ပိုမိုသဘောပေါက်လာတဲ့အတွက် သဟမ္ပတိ=မိမိစိတ်ကိုအစိုးတရနဲ့ လိုရာရောက်အောင် စေနိုင်းနိုင်စွမ်းတဲ့ဗြဟ္မာရဲ့ ကိုယ်စားလှယ်ဆိုတဲ့ ဆရာတော်ကြီးစကားကိုလည်း ပိုပြီးတန်ဖိုးထားတတ်လာပါတယ်။

"အကောင်းလောကခံဟာ မာရ်နတ်ရဲ့ ကိုယ်စားလှယ်ဖြစ်တယ်" ဆိုတဲ့ ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ကတော့ လောကထဲက လောဘသားတွေအတွက် အလွယ်တကူသဘောပေါက်လက်ခံနိုင်ဖို့ ခဲယဉ်းကောင်း ခဲယဉ်းလိမ့်မယ်။ "ဒီလိုဆို တို့ကတော့ မာရ်နတ်ကိုယ်စားလှယ်များနဲ့ပဲ မိတ်ဆွေဖွဲ့လိုက်ချင်သေးတယ်" လို့တောင် တွေးကောင်း တွေးကြလေမလားပဲ။

မြတ်စွာဘုရားရှင် စေတီယတိုင်းအတွင်းက ဇနပုဒ်တွေကို ဒေသစာရီခရီးရှည် လှည့်လည်တော်မူစဉ်က "ဘဒ္ဒ

http://www.dhammadownload.com



ဝတိက ”ဆိုတဲ့ ရွာအနီးရောက်တော့ နွားကျောင်းသား၊ ဆိတ်ကျောင်းသားတွေက “အရှင် ဘုရား အဲဒီဘက်ကိုမကြွပါနှင့်။ ဘဒ္ဒဝတိက ရွာအနီးမှာရှိတဲ့ သရက်ပင်ဆိပ်အရပ်က ရသေ့ရဲ့ ကျောင်းသခ်မ်းမှာ နဂါးကြီးတစ်ကောင် သောင်းကျန်းနေပါတယ်။ အရှင်ဘုရားတို့ ဒုက္ခရောက်ကုန်ပါမယ့်” လို့ သုံးကြိမ်သုံးခါ လျှောက်ထားကြပေမယ့် မြတ်စွာဘုရားရှင်က ဘာမှပြန်ပြီး မမိန့်ကြားဘဲ နောက်ပါရဟန်းများနှင့်အတူ ခရီးစဉ်မပျက် ဆက်လက်ကြွတော်မူတယ်။

ဘဒ္ဒဝတိကရွာကိုရောက်တဲ့အခါ မြတ်ဘုရားရှင်ရဲ့ နောက်ပါ ရဟန်းတော်တွေထဲက အရှင်သာဂတဆိုတဲ့ လောကီအဘိညာဉ်ရမထေရ်က နွားကျောင်းသားများပြောတဲ့ နဂါး ကြီး သောင်းကျန်းတယ်ဆိုတဲ့ နေရာကိုကြွတော်မူပြီး ရသေ့ရဲ့ သခ်မ်းကျောင်းဝိုင်းထဲက နဂါးကြီးနေတဲ့ မီးတင်းကုပ်ထဲမှာ ကမ္မဋ္ဌာန်းတရား ရှုမှတ်ပွားများနေပါတယ်။ နဂါးကြီးက အရှင်သာဂတမထေရ်ကိုတွေ့တော့ ဒေါသထွက်ပြီး အခိုးအလျှံတွေလွှတ်တယ်။ အရှင်သာဂတမထေရ်ကလည်း တေဇောဓာတ်ကမ္မဋ္ဌာန်းကို စီးဖြန်းပြီး အခိုးတွေပြန်လွှတ်ဆုံးမလိုက်တဲ့အခါ နဂါးကြီး ဦးကျိုးအရှုံးပေးသွားပါတော့တယ်။

ခရီးစဉ်အတိုင်း ဆက်လက်ကြွချီတော်မူလို့ ကောသမ္ဗီပြည်ကိုရောက်တဲ့အခါမှာတော့ နဂါးနိုင်ဆရာတော်

http://www.dhammadownload.com



အရှင်သာဂတရဲ့ဂုဏ်သတင်းက တစ်မြို့လုံးပျံ့နှံ့ပြီး အံ့သြမဆုံး ပြောမဆုံးဖြစ်နေကြပြီ။

လူတွေဆိုတာကလည်း ဓမ္မစစ်ထက် ဂုဏ်သတင်းကြီးတာကို ပိုပြီးစိတ်ဝင်စားကြတဲ့အတိုင်း မြတ်စွာဘုရားရှင်ကို ခရီးဦးကြိုဆိုပြုပြီးတာနဲ့တစ်ပြိုင်နက် နဂါးနိုင် မထေရ်မြတ်ရှိရာကို စုရုံးရောက်ရှိလာကြပြီး"တစ်နယ်လုံး ကြောက်ရွံ့နေရတဲ့ နဂါးကြီးကို နှိမ်နင်းပေးတဲ့ ဆရာတော်ကို သီးခြားဂုဏ်ပြုလိုပါတယ်။ အရှင်ဘုရားအတွက် ရလည်း ရခဲ၊ နှစ်လည်း နှစ်သက်မည့်အစားအသောက်ကို အမိန့်ရှိပါဘုရား" လို့ လျှောက်ထားကြတာပေါ့။

အဲဒီမှာ ရွှတ်နောက်နောက် ရဟန်းအုပ်စုဖြစ်တဲ့ ဆဗ္ဗဂ္ဂီ(၆-ပါးအုပ်စု)ရဟန်းတွေက "ခိုခြေနီအဆင်းရှိတဲ့ စိမ်ရည်"ကို ညွှန်ပြလိုက်တော့ အိမ်တိုင်းဈေးလိုလို စီစဉ်ကြပြီး နောက်နေ့ အရှင်သာဂတမထေရ် ဆွမ်းခံကြွတဲ့အခါ ဂုဏ်ပြုကြပါရော။ အရှင်သာဂတမထေရ်ကလည်း အိမ်ပေါက်ဈေးဆိုသလို ဂုဏ်ယူသောက်စားပြခဲ့လေတော့ မြတ်စွာဘုရားရှင်နဲ့ မထေရ်မြတ်ကြီးများ မြို့ထဲကဆွမ်းခံအပြန်မှာ အရှင်သာဂတမထေရ်ဟာ ဘုရားရှင်ဖက်ကို ခြေနှစ်ချောင်းပစ်ပြီး လဲနေပါလေရော။

ဒီအချိန်မှာတော့ နဂါးနိုင်မထေရ်မြတ်ဟာ သူ့ကိုယ်ပေါ်တက်နေတဲ့ တီကောင်ကိုတောင် ဖယ်မချနိုင်တော့ပါ

http://www.dhammadownload.com



ဘူး။ ဘုရားရှင်ကို ရှိသေလေးစားတဲ့ ဂါရဝတရားများလည်း ခိုခြေနီ စိမ်ရည်တန်ခိုးနဲ့ အငွေ့ပျံသွားပြီပေါ့။

မြတ်စွာဘုရားရှင်က သာဂတမထေရ်ကို ကျောင်းဝိုင်းရောက်အောင် တွဲခေါ်စေခဲ့ပြီးနောက် မူးယစ်သေစာရဲ့ မေ့လျော့ခြင်းအပြစ်များကို ဟောကြားဆုံးမပြီး "ရဟန်းတော်များ မူးယစ်သေစာမသုံးစွဲရ၊ သုံးစွဲလျှင် ပါစိတ်အာပတ်သင့်စေ"လို့ သိက္ခာပုဒ်ပညတ်ရပါတယ်။

အရှင်သာဂတရဲ့ သမာဓိဟာ လောကီအဘိညာဉ်လောက်ပဲ ရှိသေးတာမို့ မာရ်နတ်ရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ အကောင်းလောကခံရဲ့ စမ်းသပ်မှုကို မခံနိုင်ဘဲ သတိဘရိတ်ပြုတ်ပြီး ချောက်ကျခဲ့ရတာပါပဲ။

"ကောင်းကျိုးလေး ပေးမယ်ကြံ မာရ်နတ်ကဖျက်" ဆိုတာ အကောင်းလောကခံအတွက် မာန်တက်ပြီး မေ့လျော့ပျက်စီးတတ်တာကိုများ ဆိုလေရော့သလားလို့ ထင်မိတယ်။

မာရ်နတ်ကိုယ်စားလှယ်များကို ရှောင်ကွင်းပြီး သဟာမွတိရဲ့ အားပေးမှုကို ခံယူနိုင်ကြပါစေ။

* * *

http://www.dhammadownload.com

# ကောင်းချီး
# မင်္ဂလာ

*“ဘာကြောင့်ဒါက ကျေးဇူးတင်ရမှာလဲ*
*ကျေးဇူးတင်ရမှာက အလှူရှင်က တင်ရမှာကွ”*
*(ဂျပန်ဘုန်းတော်ကြီး ဆေဆက်စု)*

ကောင်းတဲ့ဂုဏ်သတင်း ကျော်စောထင်ရှားခြင်းဟာ လောကအမြင်မှာ ထင်ရှားတဲ့ “လောကပကာသန”နဲ့ ဓမ္မအမြင်အရ ထင်ရှားတဲ့ “ဓမ္မပကာသန”လို့ နှစ်မျိုး နှစ်စား ရှိပါတယ်။

လောက ပကာသနဆိုတာ တောင့်တခြင်း၊ မော်ကြွားခြင်း၊ အမြင်မှားခြင်းဆိုတဲ့ (တဏှာမာနဒိဋ္ဌိ) တရားတွေ မကင်းတဲ့အတွက် သံသရာဝဋ်ဒုက္ခတွေပိုပြီး ရှည်လျားစေတတ်ပါတယ်။ ဓမ္မပကာသနဆိုတာကတော့ သာသနာတော်လို့ခေါ်တဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမနဲ့အညီ ထင်ရှားတာဖြစ်လို့ သာသနာစံမှီတဲ့ ထင်ရှားကျော်ကြားမှုပါ။ တစ်နည်းပြောရရင်

http://www.dhammadownload.com



သာသနာတွင်းသားတိုင်း အလေးထားရမည့် ကျော်ကြားမှုမျိုး ဖြစ်ပါတယ်။

လောကနဲ့ဓမ္မ သို့မဟုတ်(သာသနာ) ဒီနှစ်မျိုး ယှဉ်လိုက်ရင် သာသနာ့စံ၊ ဓမ္မစံဆိုတာ ဆင်းရဲအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်အထိ အထောက်အကူပြုနိုင်တာဖြစ်လို့ သာသနာနဲ့ ကြုံကျိုးနပ်လိုသူတိုင်း အလေးထားခံယူရမည့် ပကာသနလည်းဖြစ်ပါတယ်။ ဒါပေမယ့်လောကနဲ့သာ ရင်းနှီးကျွမ်းဝင်ကြတဲ့ ပုထုဇဉ်များဟာ သာသနာနဲ့ ကြုံတုန်းမှာ စွမ်းနိုင်ရာရာ သာသနာပြု၊ ကုသိုလ်ကောင်းမှုတစ်ခုခုကို လုပ်ပြီးတိုင်း ဓမ္မစံ ဓမ္မပကာသနကို အလေးမထားကြဘဲ တစ်ဘဝစာတောင် ပြည့်အောင် မခံတတ်တဲ့ လောကပကာသနကိုပဲ လိုလားတောင်းတနေတတ်ကြပါတယ်။ တစ်သိန်းတန်ရွှေခွက်ထက် ရက်တက်(စိမ်ရည်)ကို ပိုပြီးအလေးထားတတ်တဲ့ သဘောပေါ့။

ဂျပန်ဘုန်းတော်ကြီးများရဲ့ အတ္ထုပ္ပတ္တိများထဲက ဟောဒီ အဖြစ်အပျက်ကလေးကို ကြည့်ကြည့်ပါဦး။

'ကံမကူရ' မှာရှိတဲ့ "အင်ဂါကု" ကျောင်းမှာ ကျောင်းထိုင်ဆရာတော် "ဆေဆက်စု"ကျောင်းထိုင်စဉ်က စာသင်သားတွေများလွန်းလို့ ကျောင်းဆောင်အသစ်ဆောက်ဖို့လိုနေတယ်။ အဲဒီမြို့က ကုန်သည်ကြီးတစ်ဦးဖြစ်တဲ့ "အူမေဇူဆေဘော"က ကျောင်းဆောက်လုပ်ရေးအတွက်

http://www.dhammadownload.com



'ရယော' လို့ခေါ်တဲ့ ရွှေဒင်္ဂါးငါးရာလှူဖို့ ဆုံးဖြတ်လိုက်ပါသတဲ့။ အဲဒီအသပြာကိုဆရာတော်ဆီယူလာတယ်။ ဆရာတော်ဆေဆက်စုက "ကောင်းပြီထားခဲ့ပေါ့"လို့မိန့်တယ်။ အူမေရူက ရွှေဒင်္ဂါးထုပ်ကို ဆရာတော်ဆီဆက်ကပ်တယ်။ ဒါပေမယ့် ဆရာတော်ရဲ့ အမူအရာသဘောထားကိုတော့ တယ်ဘဝင်မကျဘူး။ 'ရယော'ဆိုတဲ့ ရွှေဒင်္ဂါးသုံးပြားလောက်ရှိရင်တောင် သာမန်လူတစ်ယောက်ဖို့ အရင်းအနှီးပြုပြီး တစ်သက်လုံးအသက်မွေးနိုင်တာ။ အခုသူကရွှေဒင်္ဂါးငါးရာကြီးများတောင်လှူတာကို ဆရာတော်က ကျေးဇူးတင်စကားလေး တစ်ခွန်းတစ်လေမျှ မဟာဘဲကိုး။

"အိတ်ထဲမှာ ရွှေဒင်္ဂါးငါးရာပါဘုရား"လို့ အူမေရူက ဆရာတော် ရိပ်မိအောင်လျှောက်လိုက်တယ်။

"ဒကာကြီးခုနကပြောပြီးသားပဲ"လို့ ဆရာတော်က မိန့်တယ်။

"တပည့်တော်ဟာ ချမ်းသာတဲ့ကုန်သည်ကြီးတစ်ဦးဆိုတာတောင်မှ ရွှေဒင်္ဂါးငါးရာဆိုတာ နည်းတာမဟုတ်ဘူးဘုရား"လို့ အူမေရူက ဆိုပြန်တယ်။ "ဒီလိုလှူတဲ့အတွက် ဒကာကြီးကို ကျုပ်ကကျေးဇူးတင်စကား ဆိုစေချင်တာလား" လို့ ဆရာတော်ကမေးတော့ -

" ဆိုဖို့ကောင်းတာပေါ့ဘုရား"လို့ ပြန်လျှောက်တယ်။

"ဘာကြောင့်ငါကကျေးဇူးတင်ရမှာလဲဟဲ့။ ကျေးဇူး

http://www.dhammadownload.com



တင်ရမှာက အလှူရှင်ကတင်ရမှာကွ"လို့ မိန့်ကြားလိုက်ပါသတဲ့။

ကဲ ဖြစ်ရပ်ကလေးကတော့ ဒါပါပဲ။ စဉ်းစားကြည့်စမ်းပါ။ ဆရာတော်ဆေဆက်စုရဲ့စကားထဲက "ငါက" ဆိုတဲ့ နာမ်စားလေးဟာ သူ့ကိုယ်သူကိုယ်စားပြုပြီး ပြောတာဆိုရင်တော့ သာမန်လူတစ်ယောက်အတွက် "လှူမိတာမှားပေါ့"လို့များ ထင်မှားမိလေမလားဘဲ။ နဘေးက ကြားရသူဆိုရင်လည်း"ဘုန်းကြီးကဂျစ်ကပ်ကပ်နဲ့လှူတဲ့လူစေတနာပျက်အောင်လုပ်တယ်"လို့ ပြစ်မှားမိမယ်ထင်တယ်။

သေသေချာချာစဉ်းစားကြည့်ရင်တော့ ဆရာတော်ပြောတဲ့ "ငါက"ဆိုတာ သူ့ကိုယ်သူ ကိုယ်စားပြုပြောတာမဟုတ်ပါဘူး။ သူ ထမ်းဆောင်နေတဲ့သာသနာတော်ကိုကိုယ်စားပြုပြောတာပါ။

ပြောလိုရင်းကတော့ သာသနာတော်နဲ့ ကြုံတုန်းကြုံခိုက် သာသနာပြုအလှူတစ်ခုပြုလုပ်တဲ့အခါမှာ "သာသနာတော်က ဒါယကာရဲ့ ကျေးဇူးကိုသိရမှာလား။ ဒါယကာက သာသနာတော်ရဲ့ ကျေးဇူးကိုသိသင့်တာလား" လို့ မေးလိုရင်းဖြစ်ပါတယ်။ တကယ်လို့ သာသနာက ဒါယကာအပေါ် ကျေးဇူးတင်သင့်တယ်လို့ထင်မှား တောင့်တနေတယ်ဆိုရင် သူ့အလှူဟာစေတနာမမှန်တဲ့ အလှူဖြစ်သွားမှာပေါ့။ ဒီလိုမေးလိုက်တာကို သဘောပေါက်သွားလို့ "ဟုတ်ပေသားပဲ။ ဒါယကာက သာသနာကျေးဇူးကိုသိပြီး

http://www.dhammadownload.com



လှူရမှာပါကလား" ဆိုတဲ့ အသိရသွားခဲ့ရင် "လှူတာလည်း မှန်သွားမယ်။ ပျက်နေတဲ့စေတနာလည်း ကောင်းမွန်သွားမယ်" ဒီလိုရည်ရွယ်ချက်နဲ့ ဆရာတော်က မေးခွန်းထုတ်ခဲ့တာဖြစ်သလို ဒကာကလည်း သဘောပေါက်သွားပုံရပါတယ်။ ဘာမှထပ်မလျှောက်တော့ဘဲ ကျေနပ်သွားပါတယ်။

ဒီလို ကျေနပ်ပြီးလှူဒါန်းမှလည်း လောကပကာသနကင်းဝေးပြီး ဓမ္မပကာသန ပေါ်လွင်ထင်ရှားတဲ့ အလှူစစ်စစ်ကြီးဖြစ်သွားမှာပါ။

ဓမ္မပကာသနသမားရဲ့အလှူဟာ လှူသူအတွက်ရော သာသနာအတွက်ပါ ဘယ်လောက်အရေးပါသလဲဆိုတာ သဘောပေါက်ဖို့ မြတ်စွာဘုရားရှင်ရဲ့ ကျောင်းဒကာ အနာထပိဏ်သူဌေးရဲ့စိတ်ထားကိုလည်း အကဲခတ်ကြည့်စေချင်ပါတယ်။

အနာထပိဏ်သူဌေးကြီးက ဘုရားရှင်နဲ့ သံဃာတော်များအတွက် ကျောင်းတော်ကြီးဆောက်လုပ်ဖို့ ဇေတမင်းသားရဲ့ဥယျာဉ်မြေကို ရွှေဒင်္ဂါးတွေ အပြည့်ခင်းပြီး ပေးချေတဲ့အခါ (၁၈)ကုဋေခင်းပြီးတဲ့အချိန်မှာ မုခ်ဦးနေရာလေးပဲ ကျန်တော့တယ်။ ဒီအတွက်ပေးချေဖို့ ဘဏ္ဍာတွေ ထပ်အယူခိုင်းတဲ့အခါမှာတော့ ဇေတမင်းသားက လက်ကာပြီး တားတယ်။ မပေးပါနဲ့တော့။ ဒီနေရာလေးကိုတော့ သူ့အလှူပါဝင် ပါရစေပေါ့။ ဒါပေမယ့် ဒီအတိုင်းတော့မဟုတ်ဘူး။ ဒီနေရာလေးမှာ မုခ်ဦးတပ်ပြီး ကျောင်းအမည်ကိုလည်း

http://www.dhammadownload.com



"ဓေတဝန"လို့ သူ့နာမည်နဲ့ ကမ္ပည်းထိုးပေးရမယ်လို့ တောင်းဆိုပါတယ်။ အနာထပိဏ်သူဌေးက ကျေကျေနပ်နပ်ခွင့်ပြုတယ်။ ဒါကြောင့်ဘုရားရှင်ရဲ့ ကျောင်းတော်ကြီးဟာ အားလုံး ပေါင်း (၅၄)ကုဋေ အကုန်အကျခံတဲ့ ကျောင်းဒကာ အနာထပိဏ်ရဲ့အမည်မပေါက်ဘဲမုန်ဦးဒကာ ဓေတမင်းသား အမည်ပဲပေါက်တယ်။

ဒါက လောကပကာသနအရ ထင်ရှားတဲ့အမည်ပါ။ ဓမ္မပကာသနအရတော့ အနာထပိဏ်ရဲ့ ရည်ရွယ်ချက်၊ သူ့ရဲ့နာခံမှုတို့ကြောင့် သာဝတ္ထိပြည်မှာ မြတ်ဘုရားရှင်ရဲ့ သာသနာဟာ နေအထောင်၊ လအထောင်ပမာ ထွန်းလင်းခဲ့သလို ဓေတမင်းသားတို့လို ထင်ရှားတဲ့ အမျိုးအနွယ်တွေက စပြီး ဘုရားရှင်မကြွရောက်မီ သာသနာကို ကြိုတင် ကြည်ညိုကြသူတွေဖြစ်လာကြတယ်။

ဒီနေ့အထိ မြတ်ဗုဒ္ဓရဲ့ဒေသနာတွေကို နာယူဖတ်ရှုလေတိုင်း "အနာထပိဏ်ဆောက်လုပ်တဲ့ ဓေတဝန်ကျောင်း" ဆိုပြီး ကျောင်းဒကာကြီးရဲ့ ဂုဏ်သတင်းက ပျံ့နှံ့နေဆဲ၊ ကြားရသူတိုင်း သာဓုခေါ်နေကြဆဲဖြစ်သလို နောင်ဘုရား အဆူဆူတို့ရဲ့ သာသနာအဆက်ဆက်အထိလည်း ထင်ရှားနေဦးမှာ မလွဲပါဘူး။

တကယ့်ပကာသနအစစ်ကို စိစစ်ရွေးချယ်နိုင်ကြပါစေသော်။

* * *

http://www.dhammadownload.com

## စာ တစ် အုပ်

# နှုတ်တစ်ခွန်း

"နားမလည်(မသိ)ရင် တစ်တောလုံးလိုက်ရှာလို့
ဆေးတစ်ပင်တွေ့ချင်မှတွေ့မယ်။
နားလည်သူကျတော့ တစ်ထိုင်တည်းနဲ့
ဆေးတစ်ဖိုးစာမက ရနိုင်တယ်"

*(တူမောင်းဆရာတော် ဘဒ္ဒန္တမေဓိယ)*

မိမိတို့ ကိုရင်ဘဝက အမရပူရမြို့ တူမောင်းတိုက် လက်ဦးဆရာ ဘဒ္ဒန္တမေဓိယထံမှာ စာသင်စက အသက်လွန်မှ သာသနာ့ဘောင်ရောက်လာတဲ့ ဦးပဥ္စင်းခပ်ကြီးကြီး တစ်ပါးလည်း စာသင်သားအဖြစ် ရောက်လာပါတယ်။ သူ့ ရဟန်းဒကာများက ပစ္စည်းဝတ္ထု အတော်အသင့် ပြည့်စုံပုံ ရပါတယ်။ စာအုပ်တွေကိုတော့ "ဘယ်စာအုပ်ကောင်းတယ်"ဆိုရင် ဝယ်လိုက်တာပဲ။ ပါဠိစာအုပ်တွေရဲ့ နိဿယျ (ပါဠိမြန်မာတွဲ) စာအုပ်တွေ အဓိပ္ပာယ်ဖွင့်ဆိုချက်စာအုပ်တွေ

http://www.dhammadownload.com



ဆိုလည်း စုံအောင်ဝယ်ထားတာ။

ဆရာတော်ကသူတို့လို ပုဂ္ဂိုလ်တွေကျတော့ အသက်အရွယ်ငဲ့ပြီး အလွန် တင်းတင်းကျပ်ကျပ် မပြောလှဘူး။ ဒါကို အခွင့်ကောင်းယူပြီး အဲဒီဦးပဥ္စင်းကြီးက စာဝါတက်ချိန် ခဏခဏပျက်တယ်။ ပျက်ကွက်တဲ့ အကြိမ်များလာတော့မှ –

“ကိုယ်တော်ကြီး စာဝါမပျက်စေနဲ့။ စာဆိုတာ တစ်နေ့ပြောတဲ့အဓိပ္ပာယ် လွတ်သွားရင် နောက်တစ်နေ့မှာ အဓိပ္ပာယ်အဆက်အစပ် မမိဘဲ ဖြစ်သွားမယ်။ အခုဆို စာဝါပျက်တဲ့ရက်တွေမှာ ပြောတဲ့ အဓိပ္ပာယ်တွေ ဘယ်လိုလုပ်နားလည်နိုင်တော့မလဲ”လို့ မိန့်ကြားပါတယ်။

အဲဒီဦးပဥ္စင်းကြီးက “ဆရာတော်ကြည့်တဲ့ စာအုပ်တွေ တပည့်တော် ဝယ်ထားပါတယ်ဘုရား။ စာဝါပျက်လို့ မလိုက်ရတဲ့နေရာတွေမှာ အဲဒီစာအုပ်တွေ ကြည့်ပါတယ်ဘုရား”လို့ ဆင်ခြေတက်ပါတော့တယ်။ ဆရာတော်က “စာအုပ်ထဲမှာ အဓိပ္ပာယ်ကြည့်တယ်ဆိုတာ တောထဲမှာ ဆေးပင်ရှာသလိုပဲ။ နားမလည်ရင် တစ်တောလုံး လိုက်ရှာလို့ ဆေးတစ်ပင်တွေ့ချင်မှတွေ့မည်။ နားလည်တဲ့သူကျတော့ တစ်ထိုင်တည်းနဲ့ ဆေးတစ်ဖုံစာမက ရနိုင်တယ်။ စာလည်း ဒီလိုပဲ။ နားမလည် (သဘောမပေါက်)ရင် တစ်အုပ်လုံးသာဆုံးရော ဘာဆိုလိုမှန်းသိလိုက်မှာမဟုတ်ဘူး။ စာအုပ်

http://www.dhammadownload.com



ကြည့်ရုံနဲ့ နားလည်တာမျိုးဆိုရင် ဒီခေတ်မှာ ဆရာတွေဆို တာ ဘာလိုတော့မလဲ။ နားလည်ကျွမ်းကျင်ပြီးသားပုဂ္ဂိုလ် အမိပ္ပာယ်ရှင်းပြတာ တစ်ခွန်းက စာတစ်အုပ် ဖတ်ရတာထက် ခရီး ရောက်တယ်ဗျ။ ဆရာဆိုတာ စာတစ်အုပ်လုံးထဲက လိုရင်းကိုထုတ်ပြီး တပည့်နားထဲ ဆုပ်သွင်းပေးနေတာ။ စာဝါမပျက်စေနဲ့"လို့ မိန့်ကြားပါတယ်။

မြန်မာစကားပုံမှာ "နှုတ်တစ်ရာ စာတစ်လုံး"လို့ လူတိုင်းလိုလို ကြားဖူးကြမှာပါ။ ဒီစကားက ချေးငှားပေါင်နှံ တဲ့နေရာမှာ အခိုင်အမာဖြစ်တာကို ဆိုလိုပုံရပါတယ်။ "လူ ချင်းချစ် သက္ကရာဇ်နာနာကန်" ဆိုတဲ့ စကားပုံနဲ့လည်း ခပ် ဆင်ဆင်ပဲ ထင်တယ်။ ကိုယ့်ခြေရာ လက်ရာ အခိုင်အမာ ကျန်ရစ်စေလိုသူအတွက်လည်း နှုတ်တစ်ရာ စာတစ်လုံး ဆိုတာ ဖြစ်နိုင်ကောင်းပါတယ်။

အဲ လေ့လာသင်ယူသူများဘက်က ကြည့်ရင်တော့ ဆရာတော်ပြောတဲ့ "စာတစ်အုပ်နှုတ်တစ်ခွန်း"ဆိုတာ တယ် မှန်တာပဲ။ ကိုယ်တိုင် စာတစ်အုပ်လုံးကြည့်လို့ အဓိပ္ပာယ် မပေါက်တာကို ဆရာသမားများ မေးလျှောက်လိုက်တဲ့အခါ တစ်ခွန်းတည်းနဲ့ နားထဲဆုပ်သွင်းလိုက်သလို ရှင်းလည်းရှင်း၊ မေ့လည်း မမေ့တော့ဘူး။ တိုရှင်းပြည့်စုံရုံ မကဘူး။ ခိုင် လည်း ခိုင်မာသွားတယ်။ မိမိအနေနဲ့ကတော့ မထေရ်မြတ်တို့ ရဲ့ စကားတစ်ခွန်းဟာ စာတစ်အုပ်ထက် လက်တွေ့အသုံးချ ရာမှ ထိရောက်ခဲ့တာ ကိုယ်တွေ့ပါပဲ။

မကြာသေးခင်က ခင်မင်တဲ့ စာပေညီအစ်ကို တစ်

http://www.dhammadownload.com



ယောက်က သူ့စာအုပ်တိုက်ကထုတ်ဝေတဲ့ဆရာအောင်သင်းရဲ့ “လှလိုက်တာနော်”စာတစ်အုပ်ကို လက် ဆောင်ပေးလို့ ဖတ်ကြည့်တဲ့အခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မှတ်လောက်သားလောက် စကားတစ်ခွန်းကို တစ်ဆင့်ကြားသိခွင့်ရလိုက်တယ်။

အင်္ဂလိပ်ကိုလိုနီခေတ်က ငါးထောင်စားဆိုတဲ့ (ဝန်ကြီးခေါ်မလား ဘာလားတော့ မသိဘူး)ပုဂ္ဂိုလ်ကြီးက ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် ပတ်သက်ပြီး –

“ဦးအောင်ဇေယျသာ အခုအချိန်မှာရှိရင် သူပုန်လောက်ပဲ ဖြစ်နေမှာပဲ”လို့ ပြောပါသတဲ့။ သူ့သဘောကတော့ ဦးအောင်ဇေယျဟာ မျိုးချစ်စိတ် ဘယ်လောက်ပြင်းထန်နေနေ၊ ဘုန်းလက်ရုံး ဘယ်လောက်ကြီးမားတယ်ဆိုဆို သူ့အရှင်သခင် ကိုလိုနီနယ်ချဲ့တွေကိုတော့ အန်တုနိုင်မှာ မဟုတ်ဘူး။ မကျေနပ်ရင် သူပုန်ထနေရုံပဲရှိမယ်” ဆိုတဲ့ သဘောမျိုးနဲ့ ပြောတာထင်ပါတယ်။

အဲဒီတော့ ဆရာကြီးက“ဟ မင်းလိုကောင်တောင်မှ ခုချိန်မှာ ငါးထောင်စားဖြစ်နေသေးရင် အလောင်းမင်းတရားကြီးသာရှိရင် စကြဝတေးမန္တာတ်မင်းကြီး ဖြစ်နေမှာပေါ့ကွ” လို့ ပြန်ပြောလိုက်သတဲ့။

အမျိုးသားရေးကို ဘေးချိတ်ပြီး ကိုယ့်ရာထူးအတွက် တိုင်းတစ်ပါးသားကို အရှင်သခင်လို့ မှတ်ယူနေသူနဲ့ အမျိုးသားရေးအတွက် တတိယမြန်မာနိုင်ငံတော်ကြီးကို

http://www.dhammadownload.com



တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီးတို့ရဲ့ ကွာခြားပုံကို ဆရာကြီး နှိုင်းယှဉ်ပြောလိုက်ပုံကတော့ အလွန့်ကို ဩဇာဂုဏ်မြောက်တဲ့စကားဖြစ်လို့ စိတ်ထဲမှာ တစ်ခါတည်းစွဲ ကျန်ရစ်တယ်။

လာပြောတဲ့ ကိုလိုနီအရာရှိကြီးဆိုတာ သူ့ရာထူးက သက်တမ်းဘယ်လောက်ရှည်တယ်တော့ မပြောတတ်ဘူး။ သူရတဲ့ စည်းစိမ်ကတော့ ငါးထောင်စားတဲ့။ စကြဝတေးမန္ဓာတ်(မန္ဓာတုစကြာဝတေး) မင်းကြီးဆိုတာ သက်တမ်းက သိကြားမင်းသုံးဆက် အသက်ရှည်ပြီး သူ့ဘုန်းကံ ကြီးမားလွန်းလို့ သိကြားမင်းကတောင် တာဝတိံသာ နတ်ပြည်ရဲ့ စည်းစိမ်တစ်ဝက်ကိုခွဲပြီး ပူဇော်ခြင်းခံထားရတဲ့ မင်းကြီးဖြစ်ပါတယ်။

ဆရာကြီးပြောလိုက်တဲ့ စကားက တစ်ခွန်းတစ်ပါဒလို့ ဆိုရမည့် တစ်ပိုဒ်သာဖြစ်ပေမယ့် အဓိပ္ပာယ်က ကျယ်ဝန်းနက်နဲသလောက် အလွန်ထိမိလွန်းလို့ ဩဇာဂုဏ်မြောက်တယ်လို့ ဆိုရတာပါ။ အလောင်းမင်းတရားကြီးရဲ့ ဘုန်းကံနဲ့ စိတ်ဓာတ်ကို စကြဝတေးမန္ဓာတ်မင်းနဲ့ နှိုင်းယှဉ်ပြလိုက်တဲ့ အတွက် ဟိုငါးထောင်စားဆိုတဲ့ တစ်ပါးကျွန် အရာရှိ ပုဂ္ဂိုလ်ကြီးရဲ့ စည်းစိမ်နဲ့ အခြေအနေက "သခင်ကျေနပ်အောင် ရှိခိုး လက်ပေးလုပ်တတ်လို့ သခင်က ထန်းလျက်တစ်ခဲကျွေးတာကို စားနေရတဲ့ ခွေးလိမ္မာတစ်ကောင်လောက် အဆင့်ပဲရှိပါတယ်"ဆိုတာလဲ အဝုတ္တသိဒ္ဓိ(မဆိုဘဲနဲ့ပြီးတဲ့) နည်းနဲ့ဖော်ပြနေတာမို့ဆရာကြီးရေးတဲ့"ခွေးဋီကာ""ခွေးဂဏ္ဌိ"

http://www.dhammadownload.com



ဆိုတဲ့ စာအုပ်နှစ်အုပ်မှာ ဆိုလိုတဲ့အဓိပ္ပာယ်ကို ဒီစကား တစ်ခွန်းက ဖော်ညွှန်းနေတယ်လို့ ထင်ပါတယ်။

ဆရာကြီးရဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ မျိုးချစ် စိတ်ဓာတ်တို့ကို ဖော်ညွှန်းပြီး နာမည်ကြီး စာရေးဆရာများ ရေးတဲ့ အတ္ထုပ္ပတ္တိစာအုပ်ခပ်ကြီးကြီးသုံးအုပ်ကို မိမိဖတ်ဖူး တယ်။ အဲဒီစာအုပ်တွေထဲမှာ ဖော်ပြခဲ့တဲ့ ဆရာကြီးရဲ့ ဓာတ်မာန်တွေဟာ ဆရာကြီးကိုယ်တိုင် ပြောလိုက်တဲ့ ဒီ စကားတစ်ခွန်းလောက် မိမိစိတ်ထဲမှာ စွဲကျန်မနေရစ်ဘူး။

မိမိအနေနဲ့ တိုက်တွန်းလိုရင်းကတော့ လောကရေး၊ ဓမ္မရေးနဲ့ပတ်သက်ပြီး သင်ယူလေ့လာကြတဲ့နေရာမှာ စာအုပ် တွေကိုချည်း အားကိုးမနေဘဲ သက်ရှိဟောပြောသင်ပြသူ ဆရာသမားတို့ရဲ့ နှုတ်ထွက်စကားကို အလေးအနက်ထား နာယူနားထောင်မှတ်သားကြဖို့ ဖြစ်ပါတယ်။ သူတို့စကားကို ခုကာလ တိတ်ခွေတွေလိုဟာကတစ်ဆင့် နားထောင်ရတာ ထက်လည်း သက်ရှိ မျက်မှောက်နာယူရတာဟာ (သူတို့ရဲ့ မေတ္တာဓာတ်လတ်လတ်ဆတ်ဆတ်ကိုပါ ခံယူနေရလို့ပဲလား တော့ မသိဘူး)ပိုပြီး စွဲငြိမှတ်မိစေတာ အမှန်ပါပဲ။

**"သောတံ သုတေနေဝ၊ န ကုဏ္ဍလေန = နား ဆိုတာ စိန်နားကပ်ကြီးကြောင့် မတင့်တယ်နိုင်ဘူး။ အသိ ပညာကို နားထောင်နာယူခြင်းနဲ့သာ တင့်တယ်နိုင်ပါ တယ်"** ဆိုတဲ့ နီတိ စကားလေးကိုလည်း လက်ဆောင် ပါး လိုက်ပါရစေ။

* * *

http://www.dhammadownload.com

[redacted]

# အောင်နိုင်သူ

"ကျေနပ်စရာကြောင့်ဖြစ်စေ၊
မကျေနပ်စရာကြောင့်ဖြစ်စေ၊
လောကဓံကြောင့် တုန်လှုပ်နေသူမှန်သမျှ
လောကကို အရှုံးပေးနေရသူချည်းပါပဲ"

*(မထေရ်မြတ်တစ်ပါး)*

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်
အားထုတ်ပြီးမှ သင့်ဘဝပြည့်စုံမည်။
Life attains perfection only by
Maha Satipatthana vipassana.

*(လှိုင်မဟာစည်ဆရာတော်)*

လှိုင်မဟာစည်ရိပ်သာထဲကို ဝင်သွားရင် သို့မဟုတ် လှိုင်မဟာစည်က ရိုက်ထုတ်တဲ့ စာအုပ်၊ စာရွက်၊ လက်ကမ်းစာ၊ ဖိတ်စာများကို ကြည့်လိုက်ရင် အမြဲတမ်းတွေ့ရမယ့် ကြွေးကြော်သံတစ်ခုကတော့ "မဟာသတိပဋ္ဌာန်ဝိပဿနာ

http://www.dhammadownload.com



အလုပ် အားထုတ်ပြီးမှ သင့်ဘဝပြည့်စုံမည်"ဆိုတာပဲ ဖြစ်ပါတယ်။

တစ်ချို့ကတော့ ဒီကြွေးကြော်သံကိုကြည့်ပြီး တယ်ဘဝင် ကျချင်ပုံ မရဘူး။ ဟုတ်တယ်။ သူတို့ထင်ထားတာက လူဆိုတာ ဒုစရိုက်တရားတွေ ကင်းရှင်းပြီး ကောင်းမွန်တဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ကို လုပ်ကိုင်ရင်း လောကအကျိုးအတွက် စွမ်းနိုင်သမျှ ဆောင်ရွက်နေရင် "လူ့တာဝန်ကျေသူ လူရာဝင်သူ"လို့ မှတ်ထင်ထားကြတာကိုး။

တကယ်တော့ ဒီထင်မြင်ချက်ဟာ လောကကို ဗြဟ္မစိုရ်အမြင်လောက်နဲ့သာကြည့်ပြီး သီလသိက္ခာလောက်ကိုသာ ဖြည့်ကျင့်နိုင်သေးတဲ့ သူတို့ရဲ့ အမြင်ဖြစ်ပါတယ်။ သီလ သိက္ခာဆိုတာ သာသနာနဲ့ တွေ့ကြုံရသူတွေအတွက် အခြေခံ(မူလတန်း)အဆင့်ပဲ ရှိသေးတယ် ဆိုတာကိုတော့ သာသနာတော်နဲ့ အတော်လေး ထဲထဲဝင်ဝင်ရှိနေသူများသာ သဘောပေါက် လက်ခံနိုင်ကြမှာပါ။ သီလအဆင့်ဆိုတာ ပစ္စုပ္ပန်မှာ အပြစ်ကင်းသူလို့ ခေါ်ဆိုနိုင်ရုံနဲ့ အသက်ရှည်ရာ အနာမဲ့ရေးအတွက် အထောက်အကူပြုနိုင်ရုံပဲ အကျိုးပေးနိုင်စွမ်းရှိပါတယ်။ ဒုက္ခအားလုံးက လွတ်မြောက်ရေးနဲ့ အတော်အလှမ်းဝေးသေးရုံမကလောကခံကို ခံနိုင်ရေးအတွက်တောင် လုံလုံလောက်လောက် မရှိသေးဘူးဆိုတာ ကိုယ်တွေ့ကြုံဖူးသူတိုင်း သဘောပေါက်ကြမှာပါ။

သာသနာတော်နဲ့ ရင်းနှီးကျွမ်းဝင်မှု မရှိတဲ့ အနိမ့်ဆုံး ပုထုဇဉ်တို့ဟာ အရာရာကို ကိုယ်ကျိုးကိုယ့်အတွက်သာ

http://www.dhammadownload.com



ကြည့်လေ့ရှိတဲ့အတွက် မြင်မြင်သမျှ သက်ရှိသက်မဲ့အရာတိုင်းဟာ ကျေနပ်စရာနဲ့ မကျေနပ်စရာများအဖြစ်နဲ့သာ လက်ခံဆုံးဖြတ်လေ့ရှိပါတယ်။ ငါနဲ့သူ တစ်ပါးအပေါ်မှာ မျှတတဲ့ အမြင်မရှိတတ်ပါဘူး။ ဒီပုဂ္ဂိုလ်မျိုးကို အန္ဓပုထုဇဉ် (ပုထုဇဉ်အကန်း)လို့ ခေါ်ပါတယ်။

ဗြဟ္မစိုရ်စိတ်ထားရှိသူတို့ကတော့ ငါနဲ့ သူတစ်ပါးကို မျှမျှတတ ကြည့်တတ်လာပြီဖြစ်လို့ ကိုယ်မကြိုက်မနှစ်သက်တဲ့ အပြောအဆိုအပြုအမူမျိုးနဲ့ သူတစ်ပါးကို မပြောမပြုမိအောင် စောင့်ရှောက်ကြပါတယ်။ ဒီအပြောမှား၊ အပြုမှား နှစ်မျိုးကင်းအောင် ရှောင်ရှားနိုင်တာကို သာသနာတော်ရဲ့ အခြေခံသီလသိက္ခာလို့ခေါ်တာပါ။ အထက်မှာ ပြောခဲ့သလိုပဲ ဒီအမြင်ဟာ အခြေခံအဆင့်သာဖြစ်လို့ လူကောင်းသူကောင်း(ကလျာဏပုထုဇဉ်)ဆိုနိုင်ရုံမျှပဲ ရှိပါတယ်။ ခိုင်မာတဲ့ ဘဝအာမခံချက်မဟုတ်သေးလို့ လူဖြစ်ရကျိုးနပ်ပြီလို့လည်း မဆိုနိုင်သေးပါဘူး။

မြတ်စွာဘုရားရှင်ရဲ့ ဟောညွှန်သတ်မှတ်ချက်က–

"အဖြစ်အပျက်ကို သိမြင်တဲ့ ဝိပဿနာ အသိမရှိဘဲ အနှစ်တစ်ရာ အသက်ရှည်ရခြင်းထက် အဖြစ်အပျက်ကို သိမြင်တဲ့ ဝိပဿနာဉာဏ်အမြင်ရှိပြီး တစ်ညဉ့်တစ်ရက် အသက်ရှည်ရခြင်းက မြတ်တယ်"လို့ ဆုံးဖြတ်တော်မူပါတယ်။

ဗြဟ္မစိုရ်အမြင်ရှိသူရဲ့ အမြင်မှာ ငါနဲ့သူတစ်ပါးကို မျှမျှတတ မြင်တတ်သော်လည်း "ငါ၊ သူတစ်ပါး"ဆိုတဲ့ အစွဲမကင်းတာကြောင့် လောကခံ အဆိုးအကောင်းအလိုက်

http://www.dhammadownload.com



ဝမ်းနည်းဝမ်းသာဖြစ်ပြီးတုန်လှုပ်တတ်ပါတယ်။ ကျေနပ်စရာကြောင့်ပဲဖြစ်စေ မကျေနပ်စရာကြောင့်ပဲ ဖြစ်စေ လောကဓံကြောင့် တုန်လှုပ်နေသူမှန်သမျှ လောကကို အရှုံး ပေးနေရသူချည်းဖြစ်လို့ လောကကို အနိုင်ရသူ၊ မြင့်မြတ်သူလို့ မဆိုနိုင်ပါဘူး။

ဝိပဿနာဉာဏ်အမြင်နဲ့ ကြည့်တတ်သူများကျတော့ ငါ၊ သူတစ်ပါးဆိုတဲ့ အစွဲမရှိသလို သမထအမြင်ရှိသူတို့ သိမြင်တတ်တဲ့ "သင်္ခါရ"ဆိုတဲ့အမြင်ကိုပါကျော်လွန်ပြီး အရာအားလုံးဟာဖြစ်တတ်၊ ပျက်တတ်တဲ့သဘော အမှန်သာရှိတယ်လို့ သိရှိလက်ခံနိုင်ပြီဖြစ်လို့ ကြုံလာသမျှ လောကဓံ အကောင်း အဆိုး နှစ်မျိုးလုံးကိုလျစ်လျူရှုနိုင်လာပါတယ်။ ဒီလိုအမြင်ရှိသူဟာ လောကဓံကြောင့် တုန်လှုပ်မှုမရှိတဲ့အတွက် လောကကို အောင်နိုင်သူ၊ တစ်နည်းအားဖြင့် ပုထုဇဉ်ထဲမှာ အမြင့်ဆုံးလူဖြစ်တယ်လို့ မြတ်စွာဘုရားရှင်ဆုံးဖြတ်တော်မူတာပါ။

ဒါကိုကြည့်ပြီး လှိုင်မဟာစည်ဆရာတော်က "မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ သင့်ဘဝပြည့် စုံမည်"လို့ ကြွေးကျော်လိုက်တယ်လို့ သဘောပေါက်မိပါတယ်။

ဝိပဿနာဉာဏ်ရဲ့ အမြင့်ဆုံးအဆင့်က "သင်္ခါရုပေက္ခာ"လို့ခေါ်တဲ့ သင်္ခါရအာရုံအားလုံးကို အကောင်း အဆိုး အချစ်အမုန်းမရှိ လျစ်လျူရှုနိုင်တဲ့ ဉာဏ်အမြင်ဖြစ်ပါတယ်။ ဒီဉာဏ်အမြင်ရှိသူများဟာ လောကဓံကို ဘယ်လိုရင်ဆိုင် ကြသလဲဆိုတာ ဂျပန်ဘုန်းတော်ကြီး (ဟာကုအင်)

http://www.dhammadownload.com



ရဲ့ တွေ့ကြုံ ဖြစ်ပျက်ပုံကလေးကို လေ့လာကြည့်ပါဦး။

ဘုန်းတော်ကြီး (ဟာကုအင်)ဆိုတာ ငရဲဘုံနဲ့ နတ်ဘုံ တံခါးကိုပြခဲ့တဲ့ ဆရာတော်ပေါ့။ အကျင့်သီလမှာလည်း အထူး စံနမူနာပြ ထင်ရှားတဲ့ဆရာတော်တစ်ပါးပါ။ ဆရာတော်ကျောင်းနားက ထမင်းဆိုင်ရှင်ရဲ့ သမီးပျိုလေးဟာ ရုပ်ရည်သားသားနားနားရှိတဲ့ ဂျပန်မလေး တစ်ဦးပေါ့။ တစ်နေ့တော့ ဒီကလေးမလေး ကိုယ်ဝန်ရှိတာကို မိဘများ သိသွားကြပါလေရော။

မိဘများကအကြီးအကျယ် ဒေါသပွပြီး ကလေးအဖေ ဘယ်သူလဲဆိုတာကို မေးပေမယ့် မိန်းကလေးက ထုတ်ဖော်မပြောဘူး။ မာန်မဲ ခြိမ်းခြောက်ပြီး မေးလွန်းမက မေးကြတော့ နောက်ဆုံးမှာ ဆရာတော် (ဟာကုအင်)ပါလို့ ပြောလိုက်ပါတော့သတဲ့။

ဒေါသအမျက်ခြောင်းခြောင်းထွက်နေတဲ့ မိဘများက ဆရာတော်ကိုသွားပြီး ဆဲရေးပုတ်ခတ်လုပ်ကြတဲ့အခါ ဆရာတော် မိန့်ကြားတာကတော့ "ဪ ဟုတ်လား"ဆိုတဲ့ စကားတစ်ခွန်းပါပဲ။

ကလေးမွေးဖွားတဲ့အခါမှာ ကလေးကို ဆရာတော် (ဟာကုအင်)ဆီယူလာကြတယ်။ ဒီသတင်းဂယက်ကြောင့် ဆရာတော်ဟာ အကြီးအကျယ် နာမည်ပျက်နေပြီ။ ဆရာတော်ကတော့ မမှုဘူး။ သူ့ကို ကြည်ညိုသေးသူ ဒကာအချို့ရဲ့အကူအညီနဲ့ ကလေးကို ကျွေးမွေးစောင့်ရှောက်ခဲ့တယ်။

တစ်နှစ်လောက် ကြာသွားပြီးတဲ့အခါမှာတော့ ကလေးအမေ မိန်းကလေးဟာ မအောင့်အည်းနိုင်တော့ဘူး။

http://www.dhammadownload.com



ကလေးအဖေအစစ်ဟာ ငါးဈေးမှာ အလုပ်လုပ်တဲ့ လူငယ် တစ်ဦးဖြစ်တဲ့အကြောင်း အမှန်အတိုင်းဖွင့်ပြောပြတော့တယ်။ မိန်းကလေးရဲ့ မိဘများဟာ ချက်ချင်းပဲ ဆရာတော် ကျောင်း ကိုသွားပြီး ခွင့်လွှတ်တော်မူပါရန် အကျယ်တဝင့် လျှောက် ထားတောင်းပန်ကြတယ်။ ကလေးကိုလည်း ပြန်ခေါ်သွားပါ ရစေလို့ တောင်းကြတယ်။ ဆရာတော်က လိုလိုလားလားပဲ ကလေးကို ပြန်ပေးရင်း မိန့်ကြားတော်မူတာကတော့ "ဩော် ဟုတ်လား" ဆိုတဲ့ စကားတစ်ခွန်းပါပဲတဲ့။

ဒါဟာ ဂျပန်ဗုဒ္ဓဘာသာ လောကမှာ ထင်ရှားတဲ့ ဆရာတော်များရဲ့ အတ္ထုပ္ပတ္တိများထဲက တကယ့်ဖြစ်ရပ် မှတ် တမ်းတစ်ခုပါ။

မင်္ဂလာတရားတော်မှာ မြတ်စွာဘုရားရှင် ဟော ကြားတော်မူတဲ့ အမြင့်မြတ်ဆုံး မင်္ဂလာတရားတော်က ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿ နကမ္ပတိ=ကောင်းဆိုး နှစ်တန် လောကဓံကြုံတွေ့ရာမှာ မတုန်မလှုပ် စိတ်ခေတ် ခိုင်မာခြင်းဖြစ်ပါတယ်။

ဒီလို စိတ်ထားနိုင်သူဟာ လောကကို အနိုင်ရတဲ့ အမြင့်ဆုံး ပုဂ္ဂိုလ်အစစ်ဖြစ်ပါတယ်။

စွပ်စွဲနှိပ်စက်ခံရသူ၊ စွပ်စွဲနှိပ်စက်ပြုလိုသူတို့ သတိမူစရာ သာဓကတစ်ခုပါ။

လောကဓံအပေါ်မှာ သဘောအမှန် ထားနိုင်ကြ ပါစေ။ ။

* * *

http://www.dhammadownload.com

## လမ်းကြိုတ်

# စက်ကလေး

''အယောင်ဆောင်ပညာရှိက အပြစ်ကိုသာရှာပြီး ထောက်ပြတတ်တယ်၊ ပညာရှိအစစ်က အမှန်ကို ချီးကျူးပြီး အမှားကို ပြုပြင်ပေးတယ်''

*(အရှင်မဟာဗုဒ္ဓဃောသ-ဒီ-၁-၅-၁၄၄)*

အဋ္ဌကထာဆရာတော်ရဲ့ ဒီစကားကတော့ ဒီဃနိကာယ် သာမညဖလသုတ်ရဲ့ အဖွင့်မှာ မိန့်ဆိုခဲ့ ပဏ္ဍိတပတိရူပက(အယောင်ဆောင်ပညာရှိ)နဲ့ ဧကန္တပဏ္ဍိတ (ပညာရှိအစစ်)တို့ရဲ့ သဘောထားကွာခြားပုံ မှတ်ချက်ဖြစ်ပါတယ်။

သာမညဖလသုတ်လို့ခေါ်တဲ့ တရားဓမ္မ ကျင့်သုံးခြင်းနဲ့ မျက်မှောက်အကျိုးကို ဟောကြားရာသုတ်ကို တောင်းပန်လျှောက်ထားတဲ့ အဇာတသတ်မင်းတရားကို မြတ်စွာဘုရားရှင်က "မင်းကြီး ဒီပြဿနာကို အခြား သာမဏဗြာဟ္မဏတွေထံမှာလည်း မေးခဲ့ဖူးပြီမဟုတ်လား။ သင့်အတွက် ဝန်မလေးဘူးဆိုရင် တခြားသာမဏဗြာဟ္မဏတွေက

http://www.dhammadownload.com



ဘယ်လိုဖြေကြားတယ်ဆိုတာ ပြန်ပြောပြပါဦး”လို့ မိန့်ကြားတဲ့အခါ အဇာတသတ်မင်းကြီးက . . .

“မြတ်စွာဘုရားရှင်နဲ့ မြတ်စွာဘုရားရှင်လို ပုဂ္ဂိုလ်တစ်ပါးရဲ့ ရှေ့မှောက်မှာ တပည့်တော်အဖို့ ဝန်မလေးပါဘုရား”လို့ လျှောက်ထားပြီး တခြားဂိုဏ်းဆရာတော်ကြီးခြောက်ယောက်နဲ့ တွေ့ဆုံမေးမြန်း ဖြေဆိုကြပုံ အလုံးစုံကိုပြန်လည်လျှောက်ထားခဲ့ပါတယ်။

အဇာတသတ်မင်းကြီး လျှောက်ထားတဲ့ “မြတ်စွာဘုရားနဲ့မြတ်စွာဘုရားရှင်တို့လိုပုဂ္ဂိုလ်”ဆိုတာကို အဋ္ဌကထာဆရာဖွင့်ပြပုံက –

လောကမှာ အယောင်ဆောင်ပညာရှိတွေရှေ့မှာ စကားပြောရတာ ဝန်လေးတယ်။ သူတို့က အမှားကိုသာရှာကြံပြီး အပြစ်ပြောတတ်ကြတယ်။ ပညာရှိအစစ်များကတော့ ပြောတဲ့စကားထဲက မှန်ကန်တဲ့အချက်တွေကို ထုတ်ဖော်ချီးကျူးပြီး မှားယွင်းတဲ့အချက်တွေကို မေတ္တာနဲ့ ပြုပြင်ပေးလေ့ရှိတယ်။ မြတ်စွာဘုရားနဲ့ အလားတူ ပုဂ္ဂိုလ်များဟာ ပညာရှိစစ်စစ်များဖြစ်လို့ “အရှင်ဘုရားတို့လို ပုဂ္ဂိုလ်ရှေ့မှာ စကားပြောရတာ ဝန်မလေးပါဘူးဘုရား”လို့ အဇာတသတ်မင်းကြီးက ဝန်ခံလိုက်တာဖြစ်ကြောင်း ဖွင့်ပြတာပါ။

မိမိအနေနဲ့ စာပေလောကထဲမှာ ဖတ်သူအဖြစ်နဲ့ ရောက်လာတဲ့အချိန်ကစပြီး ဒီနယ်ပယ်ထဲက “အမှားထောက်

http://www.dhammadownload.com



အပုပ်ချ"စကားတွေ မကြာခဏ ကြားခဲ့ရဖူးပါတယ်။ သူတို့ ကတော့ ဝေဖန်တာလို့ ပြောတတ်ကြပါတယ်။ မြတ်စွာဘုရား အလိုအရ ဝေဖန်ရေးသမားဆိုတာ"အမှားကိုထောက်ပြခြင်းနဲ့ အမှန်ကို အစားထိုးပေးခြင်း"ဆိုတဲ့ မျက်လုံးနှစ်လုံးနဲ့ ပြည့်စုံသူ ဖြစ်ရပါမယ်။ အမှားကို မြင်တတ်တဲ့ မျက်လုံးသာ ပါပြီး အမှန်ကို မြင်တတ်တဲ့ မျက်လုံးချို့တဲ့နေရင် ဒီပုဂ္ဂိုလ်မျိုးကို တစ်ဖက်ကန်း ဝေဖန်ရေးသမားလို့ပဲ ဆိုရမှာပါ။ ဒီလို တစ်ဖက်ကန်းဝေဖန်ရေးသမားကို အဋ္ဌကထာဆရာတော်က "ပဏ္ဍိတ ပတိရူပက = အယောင်ဆောင်ပညာရှိ"လို့ မှတ်ချက်ချခဲ့တာ ဖြစ်ပါတယ်။

ဂျာနယ်-မဂ္ဂဇင်း ထုတ်ဝေကြသူတွေကတော့ စာဖတ်သူတွေကို လှုပ်လှုပ်ရွရွဖြစ်သွားစေတဲ့ ဒီလို တစ်ဖက်ကန်းဝေဖန်ရေးစာတွေကို အတော်လေး သဘောကျပုံ ရပါတယ်။ သူတို့အတွက်ကတော့ အပြန်အလှန် ဆော်ကြ ခတ်ကြနဲ့ လှုပ်လှုပ်ရွရွဖြစ်သွားမှ စာဖတ်သူတွေက သူတို့ထုတ်ဝေတဲ့ ဂျာနယ်-မဂ္ဂဇင်းတွေအပေါ် စိတ်ဝင်စားပြီး ဝယ်ကြ ဖတ်ကြမယ်လို့ တွက်ကြပုံရပါတယ်။ ဖတ်သူရဲ့ နှလုံးသားထဲ အထိ စူးဝင်သွားလောက်တဲ့ စာမျိုးကျတော့ စာလေးကြီးတွေလို့များ ထင်မှတ်ကြလေသလား မပြောတတ်ပါဘူး။ စာပေတာဝန် စာပေသစ္စာဆိုတာ "အပြင်မှာ လှုပ်သွားစေမယ့် စာမျိုးလား၊ စာဖတ်သူရဲ့ နှလုံးသားအထိ မြုတ်ဝင်သွားရမယ့်

http://www.dhammadownload.com



စာမျိုးလား"ဆိုတာ စာပေတာဝန်ရှိ ပညာရှင်များသာ ခံစားသိရှိနိုင်မှာဖြစ်လို့ သူတို့ရဲ့ အဆိုအမိန့်ကိုလည်း ကြားနာချင်စမ်းပါဘိ။

မိမိအနေနဲ့ တောင့်တောင့်တတ ဖြစ်လာရတာကတော့ အခုလတ်တလောမှာ ကြားသိရတဲ့ သတင်းနှစ်ခုကြောင့်ပါ။

တစ်ခုက ဆရာအောင်သင်းရဲ့ "ကံကူလက်လှည့်" ဆိုတဲ့ဆောင်းပါးနဲ့ ပတ်သက်တဲ့ ဝေဖန်ရေး မှတ်ချက်တစ်ခု ရေးပြီး နာမည်ကြီးဝေဖန်ရေးဆရာတစ်ဦးက ထည့်နေကျ မဂ္ဂဇင်းတိုက်ကို ပေးလိုက်တယ်။ မဂ္ဂဇင်းတိုက်ကလည်း ဝမ်းပန်းတသာ လက်ခံထားလိုက်တယ်။ နောက်တော့ ဒီဆောင်းပါးက ဆရာအောင်သင်း ကောင်း ကြောင်း ရေးထားတာဖြစ်လို့ မဂ္ဂဇင်းက မသုံးတော့ဘူးတဲ့။ အဲဒီဆရာကတော့ "ကိုအောင်သင်းရေ ခင်ဗျားနဲ့ ကျွန်တော်ကတော့ တစ်သက်လုံး ရန်တွေ့နေမှ မဂ္ဂဇင်းတွေက ကြိုက်မယ်ထင်တယ်" လို့ ပြောသတဲ့။

နောက်တစ်ခုကတော့ "အခုအချိန်မှာ ဓမ္မရေးရာစာဖတ်ပရိသတ်က အတော်လေး စိတ်ဝင်တစား ဖတ်ရှုနေတဲ့ ရွှေပါရမီဓမ္မစာစဉ်တွေထဲက စာအုပ်တစ်အုပ် (အလင်းစေတမန်)နဲ့ ပတ်သက်ပြီး ကလောင်ရှင်တစ်ဦးက ဝေဖန်လိုက်တဲ့အချက်ပါပဲ။ အထက်မှာ ပြောခဲ့သလိုပဲ "ထောက်ပြ

http://www.dhammadownload.com



ပြုပြင်”ဆိုတဲ့ အမြင်နှစ်ဖက်နဲ့ ဝေဖန်တယ်ဆိုရင်တော့ ဒါဟာ ရေးသူကို ကူညီတာဖြစ်လို့ မိတ်ဆွေကောင်းပီသတဲ့ သဘော လို့ပဲ ဆိုရမှာပါ။ အဲ “အပြစ်ရှာပုတ်ခတ်”ဆိုတဲ့ တစ်ဖက်မြင် ဝေဖန်ရေးဆိုရင်တော့ ဝေဖန်သူရဲ့ စေတနာဟာ စဉ်းစားစရာ ဖြစ်လာ ပါပြီ။

ဗုဒ္ဓဘာသာဝင်တို့ရဲ့ ယုံကြည်ချက်ကကိုယ့်စေတနာ အတိုင်း ကိုယ့်ကို အကျိုးပေးမှာဖြစ်လို့ စေတနာကိုပဲ ပြန်ပြီးသုံးသပ်ပါလို့ ပြောလိုပါတယ်။ စာပေလေ့လာသူတွေ အတွက် ပိဋကတ်ပညာရှင်တို့က သင်ပြပေးတာကတော့ စာတစ်ပုဒ်ကို ဝေဖန်ရာမှာ–

စာပိုဒ်က တိုက်ရိုက်ဖော်ပြတဲ့ ဆိုလိုချက် (သဒ္ဒတ္ထ)

စာပိုဒ်ကို ရေးသားသူရဲ့ ထားရှိတဲ့ သဘောထား (အဓိပ္ပါယတ္ထ)

စာဖတ်သူ ခံယူရမည့် အဓိပ္ပာယ် (ဘာဝတ္ထ)ဆိုပြီး အနက်သုံးဆင့်ကို သိရှိရမယ်လို့ ဆိုပါတယ်။ အဲဒီ အနက် သုံးမျိုးလုံးကို သိရှိပြီးမှ ဘယ်အချက်မှာ ချို့ယွင်းတိမ်းစောင်း နေသလဲဆိုတာ ဝေဖန်ရမှာ ဖြစ်ပါတယ်။

ပြောလိုသူရဲ့ စေတနာက မှန်ကန်ပေမယ့် သုံးစွဲတဲ့ စကားလုံးက အဓိပ္ပာယ် တိမ်းစောင်းနေတယ်ဆိုရင် သဒ္ဒတ္ထ ချို့ယွင်းတာပေါ့။

စကားလုံးလှလှကလေးတွေ သုံးထားပေမယ့် ပြော

http://www.dhammadownload.com



သူရဲ့ စေတနာမမှန်ရင် အဓိပ္ပာယ်တွေလွဲမှားတာပါ (ဒါက အရေးအကြီးဆုံး အချက်ဖြစ်ပါတယ်) ဖတ်သူက အကောက် အယူ လွဲရင်တော့ ဘာဝတွေ တိမ်းစောင်းတာဖြစ်လို့ ရေးသူနဲ့ ပြောသူ အကျေအလည် ဆွေးနွေးယူသင့်ပါတယ်။

စကားအသုံးအနှုန်းနဲ့ ပတ်သက်လို့တော့ နည်းနည်း ပြောချင်ပါတယ်။ ဘာသာစကားတွေထဲမှာ မာဂဓ ဘာသာခေါ်တဲ့ ပါဠိ စကားတွေက အခုအခါမှာ စာပေသုံး စကား(ရေးရုံသက်သက်အတွက်သာ သုံးတဲ့ အရေးဘာသာ စကား)ဖြစ်လို့ စကားသေ ဘာသာစကား ဖြစ်နေပါပြီ။ အပြောင်းအလဲ မရှိပါဘူး။

တခြား အပြောဘာသာစကားတွေဆိုတာကတော့ စကား အရှင်တွေဖြစ်ပါတယ်။ သူ့ခေတ်နဲ့သူ အမြဲ ပြောင်းလဲတိုးတက်နေပါတယ်။ အမည်တပ်စရာ ရုပ်ဝတ္ထုတွေ တင်စားစရာဖြစ်ရပ်တွေ တိုးနေသလောက် အပြောဘာသာ စကားကလည်း တိုးနေမှာပါ။ သူတစ်ပါးနားလည်ဖို့ ပြောဆိုရေးသားရာမှာ ဒီတိုးတက်ပြောင်းလဲမှုနဲ့အညီ ပြောင်းလဲသုံးစွဲခြင်းဟာ အပြစ်မရှိပါဘူး။ မြတ်စွာဘုရားရှင်ကလည်း ယာယကာယစိဘာသာယ=သူတစ်ပါး နားလည်နိုင်တဲ့ ဘယ်ဘာသာစကားနှင့်မဆို(ပြောဟောပါ)လို့ ခွင့်ပြုထားပြီးပါ။

ဓမ္မနယ်ပယ်မှာရော လောကနယ်ပယ်မှာပါ

http://www.dhammadownload.com



ပညာရှိအစစ်များ မှချရှိနေကြပါတယ်။ ဒါကြောင့် စေတနာမှန်နဲ့ ရေးကြ ပြောကြသူများအတွက် မရေးရဲ မပြောရဲစရာလုံးဝမရှိပါဘူး။ ရေးရဲ ပြောရဲရှိကြပါလို့ တိုက်တွန်းပါရစေ။

မိမိအနေနဲ့ ပွဲလှုပ်တဲ့စာတွေကို စိတ်မဝင်စားပါဘူး။ နှလုံးသားထဲအထိ မြုပ်ဝင်ဝေမယ့်စာကိုသာ အလေးထားတာပါ။ ဒါပေမယ့် ဒီစာတစ်ပုဒ်တော့ဖြင့် စာပေလမ်းခရီးမှာ ခလုတ်ကန်သင်းဆူးငြောင့် လေးတွေရှင်းပြီး ဖြောင့်ဖြူးသာယာတဲ့လမ်းခရီးအဖြစ်နဲ့ စာပေမွေ့သူတို့ အန္တရာယ်ကင်းကင်း လျှောက်ခွင့်ရစေချင်လို့ လမ်းကြိတ်စက်ကလေးတစ်ခုအဖြစ် ညင်ညင်သာသာမောင်းလိုက်ရတာကို ခွင့်ပြုကြစေချင်ပါတယ်။

စေတနာမှန်နဲ့ လမ်းမှန်ကို ခင်းနိုင် လျှောက်နိုင်ကြပါစေသော်။

* * *

http://www.dhammadownload.com



# မြင်းမိုရ်ဦးဆီ

"ကာလသားသမီးဆိုတာကာလမိဘက မွေးဖွား၊ ကာလဆရာသမားများက သွန်သင်ပြီးကာလ ပတ်ဝန်းကျင်မှာ လူလားမြောက်နေရသူတွေပါ"

မြင်းမိုရ်တောင်ဆိုတာ ဘယ်ဆီမှာ ရှိတယ်လို့ မသိကြပေမယ့် "မြင့်မိုရ်တောင်ဦး"ဆိုတဲ့ စကားကိုတော့ လူတိုင်းလိုလို ပြောဖူး ကြားဖူးကြမှာပါ။

"မြင်းမိုရ်တောင်ဦး၊ မကကျူး၊ ကျေးဇူးကြီးလှ၊ မိနှင့်ဖ"ဆိုတဲ့ ဆုံးမစကားဟာ သားသမီးတိုင်းက မပြတ်ကြည့်နေရမည့် ဘဝမှတ်တမ်းကြီးတစ်ခုဖြစ်သလို မိဘတိုင်း တက်လှမ်းပြရမည့် လောကပန်း တိုင်ကြီးကို ညွှန်ပြနေတယ်လို့ ထင်မိပါတယ်။

သားသမီးများအနေနဲ့ "မိဘ"ဆိုတာ ဘဝသခင်ကျေးဇူးရှင် အစစ်ဖြစ်တာမို့ ဘယ်လိုအခြေအနေမျိုးမှာပဲ ရှိနေနေ "မြင်းမိုရ်ဦး" အဖြစ် သိမြင်ခံယူကြရမှာ ဖြစ်ပေမယ့်

http://www.dhammadownload.com



မိဘများအနေနဲ့တော့ ကိုယ့်မှာ သားသမီးရှိလာရုံနဲ့ ငါဟာ မြင်းမိုရ်တောင်ဦးကို ရောက်ပြီလို့ မမှတ် ယူသင့်သေးဘူးလို့ ထင်ပါတယ်။ ဒီလို တာဝန်မဲ့ ခံယူခဲ့ရင် ဒီနေရာ ရောက်အောင် စားဝတ်နေရေးသာမက အမျိုး ဘာသာ သာသနာရေး၊ ကိုယ်ကျင့်တရား၊ ယဉ်ကျေးမှုစတဲ့ ဘက်ပေါင်းစုံနဲ့ သားသမီးတိုင်းရဲ့ စံနမူနာဖြစ်အောင် ကြိုးစားတက်လှမ်းသွားခဲ့ကြတဲ့ ရှေးအဆက်ဆက် ဘိုးဘွားမိဘတို့ရဲ့ ကျေးဇူးတရားကို ကိုယ်က စပြီး ချေဖျက်ပြနေသလို ဖြစ်သွားပါလိမ့်မယ်။

လူဆိုတာ ပတ်ဝန်းကျင်ရဲ့ အကူအညီ အစောင့်အရှောက်နဲ့ သွန်သင်ဆုံးမမှုတို့ကို ခံယူရရှိခဲ့လို့သာ တခြားသတ္တဝါတွေထက် ထူးချွန်ပြီး တိုးတက်ခဲ့တာပါ။ တိရစ္ဆာန်များလို အလွန်ဆုံး အတောင်အလက်စုံရုံ၊ ကိုယ့်အစာ ကိုယ်စားတတ်ရုံလောက်နဲ့ စွန့်ပစ်ထားခဲ့မယ်ဆိုရင် တိရစ္ဆာန်သတ္တဝါများလိုပဲ ဘာမျှ တိုးတက် ပြောင်းလဲလာနိုင်စရာမရှိပါဘူး။

တိရစ္ဆာန်အမိအဖများဟာ သားသမီးအပေါ်မှာ ထားရှိတဲ့ သူတို့ရဲ့ မေတ္တာတရားကို မြင်းမိုရ်ဦးအထိ လျှောက်လှမ်းမပြနိုင်ခဲ့လို့ လည်း တိရစ္ဆာန်မိဘများဟာ အနန္တဂိုဏ်းဝင်စာရင်းထဲမှာ မပါဝင်သလို သတ်ဖြတ်မိတဲ့ သားသမီးများကိုလည်း ပဉ္စာနန္တရိယကံ မထိုက်လေသရောသလားလို့တောင် စဉ်စားမိပါတယ်။

http://www.dhammadownload.com



လူသားဖြစ်တဲ့ မိဘတို့ရဲ့ ကျေးဇူးတရားဟာ မြင့်မိုရ်တောင်ဦးမကကျူးလောက်အောင် ဘယ်လောက်အထိ ဘယ်လိုစနစ်တကျ ဘက်စုံထောင့်စုံ လျှောက်လှမ်းခဲ့တယ်ဆိုတာ တစိမ့်စိမ့်စဉ်းစားကြည့်တဲ့အခါ ရှေးအဆက်ဆက်က ဘိုးဘွားမိဘတို့ရဲ့ မြင်းမိုရ်ခရီးဟာ စာတမ်းတစ်ခု ပြုစုဖို့တောင် ကောင်းမယ်လို့ ထင်မိပါတယ်။

မြန်မာ့ရှေးရိုးစဉ်လာအရ မိဘက သားသမီးကို စားသောက်တတ်ဖို့ စကားပြောတတ်ဖို့ဆိုတဲ့ သဘာဝလုပ်ငန်းကို သင်ပြခဲ့တာကတော့ တခြားလူမျိုးအားလုံးတို့နည်းတူ သူ့ဓလေ့ သူ့သဘာဝအတိုင်း စားသောက် ပြောဆိုစေခဲ့တာဖြစ်လို့ ထူးထူးခြားခြား ပြောစရာရှိလှမယ် မဟုတ်ပါဘူး။

အရေးပါပြီး အခြေခံလည်းကျလှတဲ့ အရှက်အကြောက်ကို သင်ပြရာမှာတော့ မြန်မာလူမျိုးများဟာ ဘယ်လူမျိုးနဲ့မှမတူအောင် အလေးအနက်ထားခဲ့ကြတယ်လို့ သဘောပေါက်မိပါတယ်။ ကလေးငယ်တစ်ယောက် အနီးပိတ်ခွာရပြီဆိုကတည်းက အရှက်အကြောက်ကို ဖျက်ဆီးတတ်တဲ့ အင်္ဂါကြီးငယ်တို့ကို လုံခြုံအောင် ဖုံးလွှမ်းတဲ့ အလေ့အထက တစ်ခါတည်းပါလာပါပြီ။ တစ်နည်းပြောရရင်တော့ မရှက်တတ်ခင် အရှယ်ကပင် အရှက်ကို စပြီး သင်ပေးခဲ့တာပါ။ အရွယ်ရောက်လို့ ကိုယ့်ဓလေ့အတိုင်း ဝတ်ဆင်တတ်တဲ့

http://www.dhammadownload.com



အခါမှာတော့ မိန်းကလေးများအတွက် အရက်အကြောက်ကို ကာကွယ်ဖို့ လိုအပ်တဲ့နေရာမှာ အ၀တ်က အနည်းဆုံး သုံးထပ် သုံးလွှာ ဖုံးလွှမ်းပြီးဖြစ်တဲ့ ၀တ်ဆင်မှုပုံလေးကို တီထွင် ခဲ့တာပါ။ ယောကျ်ားလေးများအတွက်လည်း ယောကျ်ားသဘာ၀နဲ့ လိုက်လျောညီထွေ ဟိရိဩတ္တပ္ပဂုဏ်ကို ကာကွယ်တဲ့ ၀တ်ဆင်မှုပုံလေးကိုချမှတ်ခဲ့ပါတယ်။ ဒီ၀တ်ဆင် မှုပုံလေးများဟာ ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် လည်း အပူပိုင်းဒေသနဲ့ အံ၀င်ခွင်ကျဖြစ်လှတာမို့ ရှေး မြန်မာကြီးများဟာ အရာရာမှာ ဘက်စုံထောင့်စုံ ရှိလှတယ်လို့ ဆိုခဲ့တာပါ။ အန္တရာယ်ရှိတဲ့အတွက် အခြားကြောက်လန့်သင့် တဲ့နေရာများကိုလည်း အရှယ်အားလျော်စွာ ကြောက်တတ် အောင် သင်ပြခဲ့ကြတာတွေ အများကြီးရှိပါတယ်။ မြေ စလောင်းဖုံးများကိုသာ သုံးခဲ့တဲ့ခေတ်ဆီက "စလောင်း နှစ် ချက်တီးရင် ကျားကြီးကိုက်တတ်တယ်"စတဲ့ ဆိုရိုးများဟာ သိပ္ပံနည်းမကျတဲ့ အဓိပ္ပာယ်မဲ့ ဆိုရိုးများမဟုတ်ပါဘူး။ သူ့ ရည်ရွယ်ချက်နဲ့သူ သိပ္ပံနည်းထက် ထိရောက်တဲ့ အန္တရာယ် ကာကွယ်နည်းများဖြစ်ပါတယ်။ ဒါတွေ အားလုံးကတော့ တီထွင်သူရဲ့ ရည်ရွယ်ချက်ရှုထောင့်ကို စနစ်တကျ ဖော်ထုတ် ပြီး စာတမ်းတစ်စောင်လောက် ပြုကြည့်မှသာ ပိုပြီး ထင်ရှား သိသာမှာပါ။

ဟိရိဩတ္တပ္ပလို့ခေါ်တဲ့ အရက်အကြောက်ကို ကာ

http://www.dhammadownload.com



ကွယ်မှုကိုပဲ နည်းနည်းတိုးပြီး စဉ်းစားကြည့်စေချင်ပါတယ်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ရဲ့ အမြင့်ဆုံး မျှော်မှန်းချက် ဖြစ်တဲ့ ဒုက္ခအားလုံးမှ လွတ်မြောက်မှု (ဝိမုတ္တိ)ကို ရရှိနိုင်ဖို့အတွက် အစဉ်အတိုင်းကျင့်သုံးပြည့်စုံရမည့် တရား (၇)ပါးကို အင်္ဂုတ္တနိကာယ်၊ သတ္တကနိပါတ်၊ ဟိရိဩတ္တပ္ပသုတ်မှာ မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။ (၁) အရှက်အကြောက် ဟိရိဩတ္တပ္ပ၊ (၂)ဣန္ဒြေ စောင့်စည်းမှု၊ (၃) ကိုယ်ကျင့်သီလ၊ (၄) တည်ကြည်မှုသမာဓိ၊ (၅) အမှန်အတိုင်းသိမှုပညာ၊ (၆)ငြီးငွေ့ထိတ်လန့်မှုနိဗ္ဗိန္ဒနှင့် သံဝေဂ၊ (၇) ဒုက္ခမှ လွတ်မြောက်မှုဝိမုတ္တိတို့ ဖြစ်ပါတယ်။

ဒီတရားများနဲ့ ပတ်သက်လို့ ကင်းဝန်မင်းကြီး ဦးကောင်းက "ရှေးတည်မှ နောက်ပြည့်စုံ၊ ရှေးသုန်လျှင် နောက်ယွင်း"လို့ ရေးထားပါတယ်။ ဟိရိဩတ္တပ္ပစတဲ့ ရှေးရှေး အကျင့်တွေ တည်ရှိမှ နောက်အဆင့်ဆင့် ပြည့်စုံနိုင်မယ်။ ရှေးရှေးတရားတွေ ဆိတ်သုဉ်းချို့ယွင်းခဲ့ရင် နောက်နောက် တရားတွေလည်း ချို့ယွင်းသွားမယ်လို့ ဆိုတာပါ။

ဒါကြောင့်လည်း "ဒွေဓမ္မစင်အဖြူကို မခင်မှု မဂ်ဖိုလ်ဝေးတဲ့ပြင်၊ လူရေးလူရာတွင် လားမျှမဝင်" လို့ ကျမ်းဂန်နှင့်အညီ သတိပေးခဲ့တာဖြစ်ပါတယ်။

ဒါကိုကြည့်ရင် ဟိရိဩတ္တပ္ပတရားဟာ မြတ်ဗုဒ္ဓ ကျင့်စဉ်မှာ အခြေခံ အုတ်မြစ်အစစ်ဖြစ်ပါတယ်။ ဒီတရား

http://www.dhammadownload.com



ချို့ယွင်းလျှင် မင်္ဂလာဖိုလ်ကို အသာထား၊ လူကြားထဲမှာ လူရာဝင်အောင်ရပ်တည်ရဲဖို့ကို မဖြစ်နိုင်ပါဘူး။ ဒီတရားနှစ်ပါးစောင့်ထိန်းရေးမှာ ဝတ်ဆင်မှုဟာ အဓိကအရေးပါနေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ သားတော်များအတွက် ခါးဝတ်ကို ဝတ်ဆင်ရာမှာ "ဟီရိဂုဏ်ကို ဖျက်ဆီးတတ်တဲ့ အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းဖို့"လို့ နှလုံးသွင်း ဆင်ခြင်ပြီး အဲဒီအင်္ဂါနေရာမှာ အဝတ်ကို (၇)ထပ်အထိ ဖုံးလွှမ်းပြီးဖြစ်အောင် ဝတ်ဆင်ရတဲ့စနစ်ကို မြတ်စွာဘုရားရှင်က ချမှတ်ပေးခဲ့တာပါ။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ရှေးခေတ်ဘိုးဘွားမိဘများကလည်း ဒီတရားနှစ်ပါးကိုပဲ အခြေခံကျကျ ကာကွယ်နိုင်မည့် ဝတ်ဆင်နည်းကို ချမှတ်ကျင့်ခဲ့ကြတာဖြစ်ပါတယ်။ ဒီတရားနှစ်ပါး လုံခြုံမှလည်း လူပုံ အလယ်မှာ လူရာဝင်ဝင် ရပ်တည်နိုင်မှာဖြစ်လို့ပါ။ ဒီတရား နှစ်ပါးကို ဝေဝမ္မဇတ်မှာတော့ ဒေဝဓမ်(နတ်တို့ရဲ့ အကျင့်) တရားလို့လည်း ခေါ်ပါသေးတယ်။ ဟုတ်ပါတယ်။ နတ်တွေ ဟာ နတ်ပြည်မှာ "ဘွား"ခနဲ ဖြစ်ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် အရှက်အကြောက်ကို အလုံအခြုံ ဖုံးလွှမ်းဝတ်ဆင်ပြီးသား ဖြစ်နေကြပါပြီ။

ဒါကြောင့် ရှေးခေတ်အဆက်ဆက် ဘိုးဘွားမိဘတို့ရဲ့ မြင်းမိုရ်ဦးဆီကို မျှော်ကြည့်လိုက်ရင် သားသမီးတိုင်းက

http://www.dhammadownload.com



အတွက် ကံ, ဉာဏ်, လုံ့လ တို့နဲ့ ရှန်းကန်လှုပ်ရှားပြီး အသက်မွေးတဲ့ ဥဋ္ဌာနဇီဝိတ (ထကြွ လုံ့လနဲ့ အသက်မွေးရသူ) သတ္တဝါမျိုးဖြစ်လို့ပါ။

ဒါကြောင့် သားသမီးတိုင်း ဘဝကို ရုန်းကန်လှုပ်ရှားတတ်ဖို့ အတွက် မြင့်မိုရ်ဦးရဲ့ ဒုတိယခြေလှမ်းအဖြစ် သားသမီးတို့ကို ဒုတိယ မိဘလို့ဆိုရမည့် ဆရာသမားများထံ အပ်နှံပြီး ပညာသင်ကြားစေရဦးမှာ ဖြစ်ပါတယ်။

လူတိုင်းလိုလိုကြားဖူးကြတဲ့ "ကုဋေရှစ်ဆယ်သူဌေးသား"ရဲ့ မိဘတွေဟာ ဒီခြေလှမ်းကို မလှမ်းမိတဲ့အတွက် သူတို့ ကွယ်လွန်ကြတဲ့အခါ သားခများမှာ ဥစ္စာအမွေ ကုဋေရှစ်ဆယ်လောက်ကျန်ခဲ့ပေမယ့် ဘဝကို မရုန်းကန်တတ်လို့ ဥစ္စာတွေလုံးပါးပါးပြီး ခွက်လက်စွဲ တောင်းစားရင်းလမ်းဘေးမှာ ဇာတ်သိမ်းသွားရရှာတာပါ။ ဒါကိုကြည့်ရင် အဲဒီသူဌေးမိဘတို့ရဲ့မေတ္တာနဲ့ ကျေးဇူးတရားဟာ မြင့်မိုရ်ဦးဆီ မရောက်ကြဘူးလို့ပဲ ဆိုရပါလိမ့်မယ်။

ပထမ မိဘဖြစ်တဲ့ မွေးမိဘတို့က မိမိတို့ရဲ့ မြင့်မိုရ်ဦး ဒုတိယခြေလှမ်းအဖြစ် သားသမီးတို့ရဲ့ဘဝ ရုန်းကန်နိုင်စွမ်းကို ဖြည့်စွက်လေ့ကျင့်ပေးဖို့အတွက် ဆရာသမားများထံ အပ်နှံတယ်ဆိုတာ လူရာဝင်ပြီးတဲ့ လူကလေးတွေကို လူလားမြောက်လာအောင် နောက်တစ်ကြိမ် ထပ်မံလွယ်ပိုက်မွေးဖွားပေးဖို့အတွက်ဖြစ်ပါတယ်။

http://www.dhammadownload.com



ဆရာများအနေနဲ့ ဒုတိယ မိဘတာဝန်ယူပြီး လွှယ်ပိုက်မွေးဖွားရတာဟာ ပထမဦးဆုံး မိခင်က လွယ်ပိုက်ရတဲ့သန္ဓေသားထက်ပိုပြီးခက်ခဲတယ်ဆိုတာ ဒုတိယမိဘဖြစ်ဖူးတဲ့ဆရာများသာ ပိုပြီးခံစားသိရှိနိုင်မှာပါ။ ဟုတ်ပါတယ်။ ပထမမိခင်ရဲ့ဝမ်းထဲက သန္ဓေသားဆိုတာ ဘာမျှသိတတ်တာမဟုတ်ပေမယ့် အခု ဒုတိယမိဘတွေ လွယ်ရမယ့် သန္ဓေသားက လူ့ပတ်ဝန်းကျင်မှာ လေးငါးနှစ်ကျော် နေလာပြီးသားဆိုတော့ အတုမြင် အတတ်သင်ထားတာတွေကလည်း ရှိနေပြီးပြီ။ သူတို့စရိုက် သူတို့ ဉာဉ်လေးတွေကလည်း အစွမ်းပြစပြုနေပြီ။

ဒီတော့ ဒီသန္ဓေသားကို ဝမ်းနဲ့လွယ်လို့ မရတော့ဘူး။ ဆရာတို့ရဲ့ နှလုံးအိမ်မှာရှိတဲ့ မေတ္တာ ဂရုဏာ စေတနာတွေနဲ့ လွယ်ပြီး ခံတွင်းကနေ အသံနဲ့ စည်းရုံးဖျောင်းဖျသင်ပြပြီး မွေးဖွားပေးရမှာ။ အသက်ရှင်ပြီးသူကို အသက်ဝင်အောင် မွေးဖွားရတဲ့ အလုပ်ဟာ စိတ်ကူးနဲ့ ကြံဆလို့မရတဲ့တကယ့် ပညာသားတစ်ခုပါပဲ။

ဒုတိယမိဘတစ်ဦးရဲ့ သန္ဓေလွယ်ခန်းနဲ့ ပတ်သက်လို့ တောင်တွင်းကြီးမြို့က မူလတန်းဆရာ ဦးညဏ်စိုးရဲ့လွယ်ပိုက်မွေးဖွားပေးနေပုံကို ဆရာအောင်သင်းက "ကဲ့ကျူလက်လှည့်"ဆိုပြီး ရေးပြတာ ဖတ်လိုက်ရလို့ အရင်က ဆရာအောင်သင်းနဲ့ အမြဲလိုလို ဆန့်ကျင်ဘက်ဖြစ်ခဲ့တဲ့ ဆရာ

http://www.dhammadownload.com



တစ်ယောက်ခများ နဂိုကမှ မျက်ရည်လွယ်ရတဲ့အထဲ မထိန်းနိုင်အောင်ကိုခံစားလိုက်ရတယ်ဆိုလို့ ဒီလောက်တောင်ပဲလားဆိုပြီး ဖတ်ကြည့်လိုက်တော့ ဟာ–ဒုတိယမိဘကို ပိဋကတ်တော်တွေထဲမှာ "ဂုရု=အလေးအမြတ်ပြုထိုက်သူ"လို့ ဆိုတာဟာ ဒါကြောင့်ပါလားလို့ သဘောပေါက်မိတယ်။

သေသေချာချာ စဉ်းစားလိုက်တော့မှ ပထမ မိခင်လွယ်ထားရတုန်းက ဒီကလေးက ဇာတ်ဆောင်မဖြစ်သေးတဲ့ဇာတ်ကောင်လောင်းလေးပဲရှိသေးတာ။ ဒုတိယမိဘက လွယ်ရတဲ့အချိန်မှာတော့ ဒီကလေး ကိုယ်တိုင်ကလည်း ဘဝဇာတ်ခုံမှာ ဇာတ်ဆောင်လေးတစ်ယောက် ဖြစ်နေပြီဆိုတော့ဆရာဆိုတာ တစ်ဇာတ်လုံးမှာ ကျရာက သရုပ်ဆောင်နိုင်တဲ့တကယ့်သေတ္တာမှောက်ပညာရှင် ဖြစ်နေခါမှ တန်ရုံလောက်ကျပါကလားလို့ သဘောပေါက်မိတယ်။

"ကံကူလက်လှည့်"ထဲက ဆရာဦးညဏ်စိန်က သူကိုင်တွယ်ရတဲ့ ဒုတိယသန္ဓေသားကလေးတွေကို သေတ္တာမှောက် သရုပ်ဆောင်ရင်း တွဲခေါ်ပြီး "သူကရတဲ့ ဇာတ်လမ်းမှာ ပီပီပြင်ပြင် သရုပ်ဆောင်သွားလိုက်ပုံကတော့ အံ့မခန်းပါပဲ။ အငိုသန်တဲ့ကလေးကို တခြား ကလေးများက ဝိုင်းပြီးငိုကူပေးရင်း အငိုတိတ်စေပုံ၊ 'ဝ'လုံးကလေးတွေကို လှလှပပစိတ်ဝင်စားလာအောင် ဆီးချိုသီး၊ ဆီးချဉ်သီးလေးတွေ အဖြစ်ဖန်တီးလုပ်ဆောင်သွားပုံကိုကြည့်ပြီး ဟိုဆရာ မျက်ရည်ကျ

http://www.dhammadownload.com



လောက်ပါပေရဲ့လို့ အောက်မေ့မိတယ်။

ဒါတွေကလည်း ကိုယ်တိုင် ဒုတိယမိဘ တာဝန်ကျေဖူးမှ ပိုပြီး နားလည်ခံစားနိုင်မယ့် အလင်္ကာလွတ် ရသအစစ်တွေဖြစ်လို့ မိမိသာဖြင့် တွေ့ဖူးရင်တောင် ပြန်ပြောနိုင်ဖို့ လွယ်မှာမဟုတ်ပါဘူး။

တွေ့တော့ တွေ့ဖူးတယ်။ မန္တလေးမှာတုန်းက ဆရာကြီးဦးချစ်ထူးတဲ့။ အထက်တန်းကျောင်းအုပ်ဆရာကြီးပါ။ အထက်တန်း ကျောင်းသားအရွယ်တွေကို ဝုံဝုံစားစားငေါက်တန်ငေါက်၊ ရိုက်တန်ရိုက်ပြီး ဆုံးမနိုင်စွမ်းတယ်ဆိုတာကိုကြည့်ရင် သူ့မေတ္တာ သူ့စေတနာနဲ့ သူ့အစွမ်းကို ခန့်မှန်းကြည့်လို့ရပါတယ်။

ကျောင်းသားတစ်ယောက် အစမ်းစာမေးပွဲမှာ အမှတ်နည်းလို့ ခေါ်ပြီးဆုံးမတော့ "သူများတွေလို ကျူရှင်မတက်နိုင်ဘူးဆရာ"လို့ ပြောတဲ့အခါ "မင်းက ကျူရှင်တက်ချင်တာလား။ ပညာတတ်ချင်တာလား၊ ကျူရှင်ဖိုးတော့ ငါလည်း မပေးနိုင်ဘူး။ ပညာဆိုရင်တော့ ငါ ပေးနိုင်တယ်။ ငါ့ကျောင်း အမြဲ ဖွင့်ထားတယ်။ ညပိုင်းလည်း ငါ့အတွက်နေဖို့ရတဲ့အဆောင်ကို ဘယ်သူမဆို လာပြီး စာကျက်နိုင်တယ်။ပညာနဲ့ပတ်သက်လို့တော့ "သန်းခေါင်ကျော်နှိုးလည်း စိတ်မဆိုးဘူး"တဲ့ တကယ်လည်း ဘာသာစုံ ကျွမ်းကျင်တဲ့ဆရာကြီးပါ။

http://www.dhammadownload.com



တစ်ယောက်ကတော့ "ဆရာကြီး အင်္ဂလိပ်စာကို အဓိက သင်ပေးပါ။ အင်္ဂလိပ်စကားမပြောတတ်တာ သိပ်ပြီး အောက်တန်းကျတယ်"လို့ ပြောတော့ -

**"ဟေ-ဘာကွ။ မင်းတို့က အင်္ဂလိပ်စကား မပြောတတ်လို့ ကိုယ့်ကိုယ်ကိုယ် အောက်တန်းကျတယ်ထင်ရင် အင်္ဂလိပ်တွေ မြန်မာစကားမပြောတတ်တာကိုရော အောက်တန်းကျတယ်လို့ ထင်မိသေးလား"** တဲ့။

ပြီးတော့မှ အင်္ဂလိပ်စာဖြစ်ဖြစ် မြန်မာစာဖြစ်ဖြစ် အဲဒါက ဘာသာစကားတွေ၊ ပညာတွေ မဟုတ်ဘူး၊ သင်္ချာတို့ ဓာတု၊ ရူပတို့ ဆိုတာမျိုးက မင်းတို့ အဓိကသင်ယူရမယ့် ပညာတွေပဲ။ ဘာသာစကားဆိုတာ အဲဒီပညာရပ်တွေကို လေ့လာနိုင်ဖို့အတွက် သင်ယူရတာ။ လူကြားထဲမှာ ရွှတ်ရက် ဒွတ်ဒက်နဲ့ ကြွားဝါဖို့ မဟုတ်ဘူးဆိုတာကို သဘောပေါက်အောင် ရှင်းပြတယ်။

သိပ္ပံကိုသာ အထင်ကြီးတယ်။ ဝိဇ္ဇာဘာသာကိုစိတ် မဝင်စားဘူးဆိုတဲ့ ကျောင်းသားတွေကိုလည်း သိပ္ပံဆိုတာ လက်တွေ့ လုပ်ကိုင်ဖို့ ဖြစ်ပြီး ဝိဇ္ဇာဘာသာရပ်က စနစ်တကျ စဉ်းစားတွေးခေါ်နိုင်ဖို့ဖြစ်ကြောင်း၊ စဉ်းစားတွေးခေါ်မှုမပါဘဲ အလုပ်ကိုသာ လုပ်တတ်တယ်ဆိုရင် ဘဝတစ်လျှောက်လုံး အလုပ်သမားအဖြစ်နဲ့ နိဂုံးချုပ်ရမှာဖြစ်ကြောင်း ရှင်းပြပြီး ဘာသာရပ်အားလုံးကို စိတ်ဝင်စားလာအောင် စည်းရုံး

http://www.dhammadownload.com



သင်ပြအုပ်ချုပ်နိုင်တဲ့ ဆရာကြီးပါ။

ဆရာကြီးဦးချစ်ထူး သူ့တပည့်များကို ပြောလေ့ရှိတာကတော့ "ပညာဆိုတာ ဘဝကို စနစ်တကျ ရှန်းကန်တတ်ဖို့ သင်ရတာဖြစ်တယ်။ ဘဝရုန်းကန်မှုကို အထောက်အကူမပြုနိုင်ရင် ဘယ်လောက်ကြီးတဲ့ ဘွဲ့ထူးကြီးတွေဖြစ်စေ ပညာမခေါ်နိုင်ဘူး" ဆိုတာပါပဲ။

ပညာကို ဘွဲ့ထူးဂုဏ်ထူး တစ်ခုလောက်သာ သဘောထားပြီး သင်ပေး သင်ယူလုပ်နေကြတဲ့ ဆရာများနဲ့ တပည့်များ အလေးထားသင့်တဲ့ အချက်လို့ သဘောပေါက်မိပါတယ်။

ပညာအစစ်ကို သိနိုင်ကြပါစေ။

* * *

http://www.dhammadownload.com

## မြင်းမိုရ်ဦးရဲ့
# မြင်းမိုရ်ဦး

"အိုတာ နာတာတာ သေမည့်ဘက် နိုးလာတာ မဟုတ်ဘူး။ သေရာနဲ့ မသေရာတို့ရဲ့ လမ်းခွကို ရောက်လာတာပါ။ သတိမဲ့သူက သေရာဘက်နိုးပြီး သတိရှိသူက မသေရာဘက် ပိုနိုးလာပါတယ်"

ဘဝရဲ့ တိုးတက်ပြောင်းလဲမှုဆိုတာ ရပ်တတ်၊ ရန်းတတ်ရုံနဲ့ မပြီးသေးပါဘူး။ ဘဝကို စနစ်တကျ သုံးတတ်ဖို့ လိုပါတယ်။ ဒီအဆင့်ဟာ တကယ်အရေးအကြီးဆုံး တိုးတက်မှုအစစ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆင့်ကို မြင်းမိုရ်ဦးတကာတို့ရဲ့ မြင်းမိုရ်ဦးလို့ ဆိုချင်ပါတယ်။ သာသနာတွင်းမှာ လူဖြစ်လာရခြင်းရဲ့ အဓိကအမြတ်ဟာ ဘဝခန္ဓာကို စနစ်တကျအသုံးချနည်းကို သိခွင့်ရတာဖြစ်ပါတယ်။

သံသရာ လမ်းရိုးဟောင်းကြီးဆိုတာ အဝိဇ္ဇာ တဏှာက အုပ်ချုပ်ပြီး လျှောက်လှမ်းခဲ့ရတာဖြစ်လို့ လမ်းရိုး

http://www.dhammadownload.com



ဟောင်းသမားတို့ရဲ့ အမြင်မှာတော့ ခန္ဓာကိုယ်အတွက် ရုန်းကန်နေရတာကိုပဲ 'ခန္ဓာကိုယ်ကို အသုံးချနေရတယ်၊ ခန္ဓာကိုယ်ကြီး အသုံးကျနေတယ်' လို့ ထင်မှတ်နေ ကြတတ်ပါတယ်။ ဒါကြောင့်လည်း များများ ရုန်းကန်ပြီး များများရှာဖွေစုဆောင်းထားနိုင်သူကို "လူဖြစ်ရကျိုးနပ်လိုက်လေ"လို့ အသိအမှတ်ပြုတတ်ကြပြီး မရုန်းနိုင် မရှာနိုင်အောင် အိုလာ၊ နာလာတဲ့အခါမှာတော့ "ခန္ဓာကိုယ်ကြီးက ဘာမျှ အသုံးမကျတော့ဘူး"ဆိုပြီး ပူဆွေး ဝမ်းနည်း ဖြစ်နေကြတာပေါ့။

ဒီလို အထင်မှားနေရခြင်းရဲ့ အဓိက တရားခံကတော့ ဦးစီး အုပ်ချုပ်နေတဲ့ အဝိဇ္ဇာနဲ့ တဏှာတို့ကြောင့်ပါပဲ။ ဟုတ်တယ်လေ။ အဝိဇ္ဇာဆိုတာ ဘာမျှမသိတဲ့သဘောကို ပြောတာမှ မဟုတ်ဘဲ။ အမှားနဲ့ အမှန်ကို ပြောင်းပြန် သိနေ (မှတ်ထင်နေ)တဲ့ သဘောပဲဟာ။ တဏှာဆိုတာက အဲဒီ ပြောင်းပြန်အသိကို အမှန်ထင်ပြီး တပ်မက်စွဲလမ်းနေတဲ့ သဘောပေါ့။

တကယ်တော့ အိုတာ၊ နာတာဟာ ခန္ဓာကိုယ်ကြီး အသုံးမကျတော့တာလည်း မဟုတ်သလို သေမည့်ဘက် နီးလာတာလည်း မဟုတ်သေးပါဘူး။ သေရာနဲ့ မသေရာတို့ရဲ့ လမ်းခွကို ရောက်နေတာပါ။ သတိမဲ့ အသိမဲ့ပြီး စနစ်တကျ မသုံးတက်သူတွေအတွက် သေရာဘက် နီးလာတာဖြစ်ပေမယ့် သတိနဲ့အသိရှိပြီး စနစ်တကျ အသုံးချတတ် သူတွေ

http://www.dhammadownload.com



အတွက်ကတော့ မသေရာဘက် ပိုနီးလာတာ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အဆုံးအဖြတ်ကတော့

"အပ္ပမာဒေါ အ မတံ ပဒံ=သတိရှိသူဟာ မသေရာနဲ့ နီးတယ်။

ပမာဒေါမစ္စုနော ပဒံ=သတိမဲ့သူ သေရာနဲ့ နီးတယ်" လို့ မိန့်ဆိုပါတယ်။ သေရာနဲ့ အနီးဆုံးတရားဟာ အိုတာ၊ နာတာမဟုတ်ဘူး။ သတိမဲ့မှုသာ ဖြစ်တယ်လို့ ဆိုလိုတာပါ။

သတိဆိုတာ ကုသိုလ်ကောင်းမှုပြုရေးအတွက် နှိုးကြားနေတဲ့ သဘောကိုပြောတာဆိုတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့ ရင်းနှီးကြသူတွေအနေနဲ့ "ဆင်းရဲလေလေ သံဝေရရ"ဆိုတဲ့အတိုင်း အိုလာ၊ နာလာတဲ့အခါမှာ ကုသိုလ်ရေးပိုပြီး နှိုးကြားလာတတ်စမြဲပါ။ ကုသိုလ်ဆိုတာ ကလည်း ခန္ဓာကြီးကို စနစ်တကျ အသုံးချပြီး ယူရတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့် အိုတာ၊ နာတာဟာ သတိနဲ့ အသိရှိသူအတွက် မသေရာဘက် ပိုနီးလာတယ်လို့ ဆိုလိုက်တာပါ။

ဘဝခန္ဓာကိုယ်ထဲကို အိုခြင်း၊ နာခြင်း တရားတွေဝင်ရောက်လာတာဟာစိတ်ပျက်ဖို့ ဝမ်းနည်းပူဆွေးဖို့အတွက် လာတာမဟုတ်ဘူး။ "မင်းတို့တစ်တွေခန္ဓာကြီးက နိုင်းတာကို ချည်း ကုန်းရုန်းမနေကြနဲ့။ ခန္ဓာကိုယ်ကြီးကို စနစ်တကျ အသုံးချကြတော့။ မသုံးလိုက်ရင်အချည်းနှီး ပြုန်းတီးသွားတော့မယ်"လို့ သတိပေးဖို့ ရောက်လာတာပါ။

http://www.dhammadownload.com



မြတ်စွာဘုရားရဲ့ အဆုံးအမ သာသနာဆိုတာ ခန္ဓာကိုယ်က ဒီလို သတိပေးနေတာကို မသိတတ်သူတွေအတွက် သတိနိုး အသိပေးနေတာ ဖြစ်ပါတယ်။ ဒါကြောင့်သာသနာဆိုတာ ဘဝခန္ဓာရဲ့ အကြီးမြတ်ဆုံးဖြစ်တဲ့ တတိယမိဘ (သို့မဟုတ်) လောကုတ္တရာမိဘလို့ ဆိုရမှာပါ။

ဒီ လောကုတ္တရာဖြစ်တဲ့ တတိယမိဘရဲ့ ပိုက်ထွေးဖွားမြင်မှုကို မခံရဘူး၊ မခံယူဘူးဆိုရင်တော့ လူ့ဘဝဟာ အချည်းနှီး ကုန်ဆုံးသွားရမှာဖြစ်လို့ အလွန်နှမြောစရာကောင်းလှပါတယ်။

ဟုတ်တယ်လေ။ ခန္ဓာကိုယ်ခိုင်းသမျှ ကုန်းရုန်းရှာဖွေထားတဲ့ ပစ္စည်းဉစ္စာတွေဆိုတာ သေရွာကိုပါဖို့ မဆိုထားနဲ့ အိုလာ၊ နာလာပြီဆိုရင် ဘာများ ခံစားနိုင်တော့လို့လဲ။ ဒါကို သတိပြုမိမှ ဘဝခန္ဓာဆိုတာ ရန်းတတ်ရုံနဲ့တော့ ဘာမျှ အသုံးမကျသေးပါကလားလို့ သဘောပေါက်ကြမှာပါ။

စဉ်းစားကြည့်ရင် အဝိဇ္ဇာတဏှာရဲ့ လက်အောက်မှာ လူဖြစ်လာရတဲ့ ခန္ဓာကိုယ်ကြီးဟာ အတော် ရက်စက်ပါတယ်။ သူခိုင်းသမျှ စားရေး ဝတ်ရေး နေရေးတွေ ပြည့်စုံအောင်လည်း နေ့စဉ်ရှာဖွေပေးနေရသေးတယ်။ ဒီကြားထဲ သူက အအိုခိုင်းရင် အိုလိုက်ရ၊ အနာခိုင်းရင်လည်း နာလိုက်ရနဲ့။ ဒါဟာရုပ်ခန္ဓာကိုယ်က ခိုင်းစေတာပဲရှိသေးတယ်။ နာမ်ခန္ဓာလို့ခေါ်တဲ့ လောဘ ဒေါသတွေက ခိုင်းစေတာခံရပြီ

http://www.dhammadownload.com



ဆိုတော့ မတော်လောဘ မတော်ဒေါသတွေနဲ့ ဒုစရိုက်ဆိုတဲ့ မကောင်းမှုတွေကိုလည်း ဘာမသိ ညာမသိလုပ်လိုက်ကြရသေးတာကလား။ ဒီတရားတွေဆိုတာကဘဝကိုနိမ့်သထက်နိမ့်ရာဆီတွန်းချမယ့်တရားတွေ ကိုယ်တကယ်ရောက်သင့်တဲ့ မြင့်မိုရ်ဦးရဲ့ မြင့်မိုရ်ဦးဆီနဲ့တော့ ဝေးသည်ထက်ဝေးစေတဲ့ တရားတွေ အမှန်ပဲ။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမကို ခံယူခွင့်ရသူတွေကတော့ ခန္ဓာကိုယ် ခိုင်းသမျှ ငုံ့ခံမနေကြဘူး။ "တရားမသိ ခန္ဓာ့ဝန်ထမ်း"အဖြစ်နဲ့ ဘဝကို အဆုံးမသတ်စေဘူး။ သတိနဲ့ ပညာကို လက်ကိုင်ထားပြီး ခန္ဓာကိုယ်ကြီးကို အသုံးချတတ်တယ်။ ပြန်ခိုင်းတတ်တယ်။ ဒါကြောင့်လည်း တရားအသိ တစ်စွန်းတစ်စ သိခွင့်ရတဲ့အချိန်ကစပြီး ဒီခန္ဓာကိုယ်ကြီးကို ဒါနကုသိုလ်၊ သီလကုသိုလ်တွေ ရနိုင်သမျှ ရအောင် အလုပ်ခိုင်းတတ်ကြတာပေါ့။ သန်တုန်းမြန်တုန်းဆိုတဲ့ ရပ်နိုင် ရှန်းနိုင်တုန်း အရွယ်မှာလည်း တစ်ဖက်တစ်လမ်းက ကုသိုလ်ရအောင် အသုံးချတတ်ကြသလို အိုလာ နာလာပြီဆိုရင်တော့ ဒီခန္ဓာကိုယ်ကြီးကို အရှန်းမခိုင်းဘဲ အပြည့်အဝ အသုံးချရတော့မယ်ဆိုတာ ကောင်းကောင်းကြီး သဘောပေါက်ကြတယ်။

ဒါကြောင့်လည်း အိုတဲ့ခန္ဓာကိုယ်ကြီးထဲက အိုစွမ်းကို ထုတ်နိုင်ကြတယ်။

http://www.dhammadownload.com



နာတဲ့ ခန္ဓာကိုယ်ကြီးထဲ က နာစွမ်းကို ဘယ်လို ထုတ်ရ မယ်ဆိုတာလည်း သိကြတယ်။ ဒါကလည်း အလွန် ခဲခဲ ယဉ်းယဉ်းကြီးမှ မဟုတ်ဘဲ။ အဘိဓာသုတ်မှာ မြတ်စွာ ဘုရားရှင် ဆုံးမတော်မူသလို အိုတာ၊ နာတာကိုကြည့်ပြီး ဒီအိုခြင်း၊ နာခြင်းသဘောကို ငါလည်း မလွန်ဆန်နိုင်ဘူးလို့ ဆင်ခြင်ရင်း နုပျိုခြင်း၊ ကျန်းမာခြင်းကို အခြေခံပြီး ဖြစ်ပေါ် နေတဲ့ လောဘ ဒေါသ မာန်မာနတွေကို ချိုးနှိမ်ပေးနေရတာ ပါပဲ။

မြတ်စွာဘုရားရှင်ကတော့ "ဒီတရားတွေကို မပြတ် ဆင်ခြင်ပြီး ဒီတရားတွေနဲ့ တရင်းတနှီးဖြစ်အောင်ကို နေရ မယ်"လို့ ဆုံးမပါတယ်။

ဘယ်လောက်အထိ တရင်းတနှီးဖြစ်နေရမလဲဆို ရင် အစာတွေ ရေတွေကို စားသောက်ပြီးရင် ဆိုင်ရာ အညစ် အကြေးတွေကို စွန့်ပစ်ရမြဲဖြစ်သလို ဘဝခန္ဓာကြီးဖြစ်လာပြီ ဆိုရင်လည်း အိုရ နာရ သေရ မှာဟာ ဓမ္မတာပဲလို့ အချိန် မရွေး လက်ခံနိုင်တဲ့အထိ ရင်းနှီးနေရမှာပါ။

ဟုတ်တယ်။ စားသောက်ပြီးရင် အညစ်အကြေး စွန့်ပစ်ရတာဟာ ဓမ္မတာပဲမဟုတ်လား။ အညစ်အကြေး စွန့်ပစ်မှုမရှိရင် ဒီခန္ဓာကိုယ် ကြီး မကျန်းမမာဖြစ်လာမှာပေါ့။ ဒါကြောင့် အညစ်အကြေးစွန့်သင့်တဲ့ အချိန်မှာ မစွန့်ဘူး ဆိုရင်တောင် စိုးရိမ်တတ်နေကြတာပဲ။

ခန္ဓာကိုယ်ကြီးကလည်းဖြစ်ပေါ်လာပြီးရင် အိုချိန်မှာ အို၊ နာချိန်မှာ နာ၊ သေချိန်မှာ သေရမှာပဲ။ ဒီလိုသာ

http://www.dhammadownload.com



ဖြစ်မလာဘူးဆိုရင် ဒီခန္ဓာကြီးဟာ လောဘ ဒေါသ မာန်မာန ဆိုတဲ့ နာမ်ရောဂါတွေ ထူပြောပြီး မကျန်းမမာဖြစ်နေတော့မှာ သေချာတယ်။ ဒီလို နာမ်ရောဂါတွေ ထူပြောတဲ့ ခန္ဓာကိုယ်တွေ စုပေါင်းနေထိုင်တဲ့ ကမ္ဘာကြီးဟာလည်း မကျန်းမမာဖြစ်နေမှာ သေချာတာပဲ။ ဒီနေ့ကမ္ဘာကြီးဟာ ဒီရောဂါတွေ ထူပြောပြီး မကျန်းမမာဖြစ်နေကြတာလည်း လူတိုင်း သိနေကြတယ် မဟုတ်လား။

မြတ်ဗုဒ္ဓရဲ့ တပည့်သားများ အမြင့်ဆုံးရည်မှန်းတဲ့ ဒုက္ခအားလုံး လွတ်မြောက်မှုဆိုတာ လောဘ ဒေါသ စတဲ့ ကိလေသာရောဂါ ဝမ်းတွင်းနာတွေ ကင်းစင်ဖို့ပါပဲ။ ဒီအနာတွေ ကင်းစင်တဲ့အဖြစ်ဟာ လူ့ဘဝရဲ့ အမြင့်ဆုံးတက်လှမ်းရမယ့် မြင်းမိုရ်ဦးရဲ့ မြင်းမိုရ်ဦးပဲ ဖြစ်ပါ တယ်။ ဒီအဆင့်ကို လူတိုင်းတက်လှမ်းနိုင်ကြမယ်ဆိုရင် တစ်ကိုယ်ရေ ခန္ဓာတိုင်းလည်း ကျန်းမာပြီး ကျန်းမာသူတို့နေထိုင်ရာ ကမ္ဘာကြီးလည်း ကျန်းမာပြီး ပျော်ရွှင်စရာ ကျက်သရေကမ္ဘာကြီးဖြစ်နေမှာ မလွဲပါဘူး။ ခန္ဓာကိုယ်ကြီးကို တရားအသိနဲ့ အသုံးချနိုင်ကြပါစေ။

ခန္ဓာကိုယ်တိုင်း ကျန်းမာကြပါစေ။
ကမ္ဘာကြီး ကျန်းမာပါစေ။

* * *

"အဖွဲ့အစည်းတစ်ခု အောင်မြင်တည်တံ့ဖို့အတွက်

http://www.dhammadownload.com

# ၂

## ဘဒ္ဒကမ္ဘာရဲ့
# မျိုးဆက်သစ်

"အဖွဲ့အစည်းတစ်ခု အောင်မြင်တည်တံ့ဖို့အတွက် အလိုအပ်ဆုံး အရင်းအနှီးကတော့ အများက ယုံကြည်လေးစားလာဖို့ပဲ"

*(အမရပူရမြို့၊ တူမောင်းဆရာတော်)*

အမရပူရမြို့နယ်လုံးဆိုင်ရာ "သစ္စာ လူမှုကူညီရေး အသင်း" ကို ဩဝါဒဆရာတော်ကြီးများနဲ့ မြို့မိ မြို့ဖ နာယကလူကြီးများကို ဦးထိပ်ထား၍ လူငယ် လူလတ်များရဲ့ အင်အားနဲ့ (၂၅.၁၂.၀၂) နေ့က ဖွဲ့စည်းလိုက်ပါတယ်။

အဲဒီပွဲမှာ ဩဝါဒစရိယဖြစ်တဲ့ တူမောင်းတိုက် နာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမေဓိယက ဩဝါဒ ပေးရာမှာ–

အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်များ အောင်မြင်ဖို့ အတွက် ငွေကြေးဆိုတာ မဖြစ်မနေ လိုအပ်တယ်။ ဒီ လိုအပ် ချက်ကလည်း အများက စုပေါင်းပါဝင်လာမှ ပြည့်စုံမှာ။ ဒီလို စုပေါင်းပါဝင်လာစေဖို့ဆိုတာကလည်း အများက

http://www.dhammadownload.com



ယုံကြည်လေးစားလောက်တဲ့အဖွဲ့အစည်းမျိုး ဖြစ်ဖို့လိုတယ်။ မြတ်စွာဘုရားရဲ့ သံဃာအဖွဲ့အစည်းကြီး အခုအထိ တည်တံ့လာရတာဟာ ညီညွတ်မှုသုံးပါးကို အကြောင်းပြုပြီး အများက လေးစားယုံကြည်ကြလို့ ဖြစ်ပါတယ်။

ဒီ ညီညွတ်မှုသုံးပါးဆိုတာ မဟာနိဒ္ဒေသ ပါဠိတော် "ဓရာသုတ်"မှာ လာတဲ့အတိုင်း အဖွဲ့ဝင်ပုဂ္ဂိုလ်အချင်းချင်း အပြန်အလှန် လေးစားချစ်ကြည် ညီညွတ်မှုဆိုတဲ့ ဂဏသာမဂ္ဂီ၊ စည်းကမ်းကို လေး စားလိုက်နာမှုဆိုတဲ့ ဓမ္မသာမဂ္ဂီ၊ ရည်မှန်းချက်အပေါ်မှာ တညီတညွတ်တည်း အာရုံစူးစိုက်ကြိုးစားမှုဆိုတဲ့ သစ္စာသာမဂ္ဂီ (စာမှာတော့ အနဘိ နိဗ္ဗတ္တိသာမဂ္ဂီ)ဖြစ်ဖို့လိုတယ်။

သစ္စာသာမဂ္ဂီ ဖြစ်ရမယ်ဆိုတာ အဖွဲ့ရဲ့ ရည်မှန်းချက်အတိုင်း အများအကျိုးဆောင်ရွက်တဲ့နေရာမှာ ကိုယ်ကျိုးလုံးဝမဖက်ဖို့နဲ့ ဆင်းရဲ ချမ်းသာမရွေး၊ လူမျိုးမရွေး အားလုံးအပေါ်မှာ တသဘောတည်းထားပြီး ဆောင်ရွက်ကြဖို့ အရေးကြီးတယ်။ ဒါမှအားလုံးကယုံကြည်လေးစားလာမယ်။ အဖွဲ့အစည်းတစ်ခု အောင်မြင်တည်တံ့ဖို့အတွက် အလိုအပ်ဆုံးအရင်းအနှီးက အများယုံကြည်လေးစားလောက်တဲ့ အဖွဲ့အစည်းဖြစ်ဖို့ပဲဆိုတဲ့အကြောင်း မိန့်ကြားတော်မူပါတယ်။

နောက်ထပ် ဩဝါဒစရိယဆရာတော် တစ်ပါးဖြစ်တဲ့ အခုလို လူမှုကူညီရေးအသင်းတွေ စတင်ပေါ်ပေါက်လာ

http://www.dhammadownload.com



အောင် ကမကထ ဦးဆောင်ခဲ့တဲ့ ဓမ္မကထိက ဝါခင်းကုန်း ဆရာတော် ဘဒ္ဒန္တတိက္ခအရှင်မြတ်က ဩဝါဒပေးရာမှာတော့ လူမှုဒုက္ခကို ကူညီတယ်ဆိုတာ အလောင်းတော်ကြီးများ ပါရမီဖြည့်စဉ် ကာလက မျောက်ဖြစ်တဲ့ ဘဝမှာတောင် လူတွေရဲ့ ဒုက္ခကို သက်စွန့်ဆံဖျား ကူညီခဲ့တာဟာ မဟာကပိဇာတ်တော်ကိုကြည့်ရင် သိနိုင်ကြောင်း၊ ပါရမီဖြည့်တယ်ဆိုတာ ပရဟိတ ဆောင်ရွက်မှုမပါဘဲ မဖြစ်နိုင်ကြောင်းနဲ့ အထူးသဖြင့် နာရေးကူညီရေးလုပ်ငန်းဖြစ်တဲ့ အသုဘအလောင်းကောင်များကို ဖုတ်ကြီး သင်္ဂြိုဟ်တဲ့အလုပ်ဟာ လူအများထင်နေကြသလို အောက်တန်းကျတဲ့ အလုပ်မဟုတ်ကြောင်း၊ ယသသူဌေးသားနဲ့ မိတ်ဆွေ (၅၅)ယောက်တို့ ဟာ ဟိုးအရင့်အရင်ကမ္ဘာတွေမှာ ပါရမီဖြည့်စဉ်ကာလတုန်းက ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ခဲ့တဲ့ လောကရဲ့ အလိုအပ်ဆုံး လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း။

အခု ဒီခေတ်မှာ ခုလိုအဖွဲ့အစည်းတွေ ပေါ်ပေါက်အောင် ကြိုးစားဖော်ထုတ်ဆောင်ရွက်ကြတာဟာ ဟိုးကမ္ဘာကမ္ဘာကျ ပါရမီရှင် အမျိုးကောင်းသားတို့ရဲ့ အစဉ်အလာကောင်းကို ဒီ ဘဒ္ဒကမ္ဘာက မျိုးဆက်သစ်အဖြစ် ခံယူလုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ အများအကျိုး ဆောင်ရွက်တယ်ဆိုတာ အများစုရဲ့ ဒုက္ခအရောက်ဆုံးနဲ့ အခက်ခဲဆုံး အလိုအပ်ဆုံးကိစ္စကို ကူညီဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

http://www.dhammadownload.com



ဒီလုပ်ငန်းဟာ အများထင်နေကြသလို အောက်တန်းကျတဲ့ အလုပ်မဟုတ်သည့်ပြင် စိတ်စေတနာထားတတ်ရင်ထားတတ်သလောက် မွန်မြတ်တဲ့ အလုပ်လည်းဖြစ်၊ မဂ်ဖိုလ်ရမှုအတွက် အထောက်အကူလည်း အဖြစ်ဆုံးလုပ်ငန်း ဖြစ်ကြောင်း။

ယသသူဌေးသားနဲ့ မိတ်ဆွေ(၅၅)ယောက်တို့ မြတ်စွာဘုရား ပွင့်တော်မူတဲ့ ပထမဝါအတွင်းမှာပင် ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြတာဟာ ဒီလုပ်ငန်းကပါရမီလည်းဖြစ်၊ အသုဘသညာ ကမ္မဋ္ဌာန်းအဖြစ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့ အထောက်အပံ့ကင်းလည်း ရခဲ့ကြလို့ဖြစ်ကြောင်း အကျယ်တဝင့် မိန့်ကြားပြီး ရန်ပုံငွေအတွက် နဝကမ္မ ငါးသောင်းကိုလည်း ကပ္ပိယကာရကနဲ့ လွှဲပြောင်းလှူဒါန်းသွားပါတယ်။

ဒီအစည်းအဝေးမှာပဲ မဟာဂန္ဓာရုံ ဆရာတော်များနဲ့ မင်္ဂလာတိုက် ဆရာတော်များရဲ့ တိုက်တွန်းခွင့်ပြုချက်အရ မိမိအနေနဲ့ အကြံပြုစကား ပြောခွင့်ရတဲ့အခါ-

ဗုဒ္ဓဘာသာဝင်တွေမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့ ဆန့်ကျင်သလောက် အယူသီးအစွဲပြင်းတဲ့ အစဉ်အလာဆိုး အများကြီးတစ်ခုကတော့ နာရေးကိစ္စဖြစ်ကြောင်း၊ မြတ်စွာဘုရားရှင်က အဘိဏှသုတ်မှာ "သေခြင်းတရားနဲ့ ပတ်သက်လို့ မပြတ်ပွားများ နှလုံးသွင်းနေရမယ်" လို့ မိန့်ကြားခဲ့ပေ

http://www.dhammadownload.com



မယ့် ဒီနေ့ ဗုဒ္ဓဘာသာဝင်တွေဟာ နာရေးနဲ့ ပတ်သက်ရင် ရုပ်ထဲ ရွာထဲ အသုဘယာဉ် ဖြတ်သွားတာ၊ ထားရှိတာကို အတိတ်ဆိုး၊ နိမိတ်ဆိုးကြီးတစ်ခုအဖြစ် အယူသီးနေကြလို့ တစ်ချို့မြို့နယ်တွေမှာ အသုဘယာဉ်ထားရေးအတွက် နေရာ ကိစ္စအလွန် အခက်အခဲ ကြုံနေရကြောင်း။

လူ့လောကရဲ့ တကယ့်အညစ်အကြေးလို့ ဆိုရမယ့် လောဘ ဒေါသမာန်မာနတွေ ကင်းစင်ရေးမှာ အသုဘ တရားဟာ အလွန်အရေး ပါတာဖြစ်လို့ ရှေးလူကြီးများက "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"လို့ပင် ဆိုရိုး စကားထားခဲ့ကြကြောင်း၊ ဒီစကားမှာ ဖော်ပြတဲ့ အချိုးအစား အရ တွက်ကြည့်ရင် အသုဘယာဉ်တစ်ခေါက် မိမိတို့ အရပ် ထဲအတိုင်း ဖြတ်သွားခြင်းဟာ သံဃာတွေ ဆယ်ခေါက် လောက် ဖြတ်သွားခြင်းထက် သံဝေဂဉာဏ်ကို ရင့်စေတာမို့ နိမိတ်ဆိုးမဟုတ်ဘဲ နိမိတ်ကောင်းလို့ ဆိုရမှာဖြစ်ကြောင်း။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဉယျာဉ် တော်ထဲ ထွက်တဲ့အခါ ဒီလို နိမိတ်ကောင်းတွေ ချို့တဲ့နေတဲ့ အတွက် နတ်ဗြဟ္မာ များက သူအို၊ သူနာ၊ သူသေ အဖြစ် ဖန်ဆင်းပြီး ပြခဲ့ရကြောင်း၊ ဒီ နိမိတ်ကောင်းတွေရဲ့ ကျေးဇူး ကြောင့် သိဒ္ဓတ္ထမင်းသားဟာ တောထွက် တရားကျင့်ပြီး မြတ်ဗုဒ္ဓအဖြစ်သို့ ရောက်ရခဲ့တဲ့အတွက် ဒီနေ့ ဗုဒ္ဓ သာသနာ တော်ကြီးရယ်လို့ တင့်တင့်တယ်တယ် ကျက်သရေရှိတာဖြစ်

http://www.dhammadownload.com



ကြောင်း။

"မသာစဆောင်၊ ကျောင်းစရှောင်၊ အိုအောင်မဆင်းရဲ" ဆိုတဲ့ မြန်မာဆုံးမစကားကို ထောက်ရင် အသုဘလို့ခေါ်တဲ့ မသာနဲ့ ပတ်သက်တဲ့ အစအနများပင် လောကုတ္တရာရေးအတွက်သာမက လောကီရေးအတွက်လည်း နိမိတ်ကောင်းများအဖြစ် ခံယူခဲ့ကြကြောင်း၊ မသာနဲ့ ပတ်သက်တဲ့ ပစ္စည်းများဟာ မတွယ်မတာ လွတ်လွတ်စွန့်ကျဲထားတဲ့ ပစ္စည်းများဖြစ်လို့ ဘုရားရှင်ကိုယ်တော်တိုင် ပံ့သကူသင်္ကန်းအတွက် အသန့်စင်ဆုံးအဖြစ် သတ်မှတ်ခဲ့တာဖြစ်ကြောင်း၊ ဒါကြောင့် အသုဘယာဉ်များ မိမိတို့ရပ်ကွက်မှာထားခြင်း၊ ဖြတ်သန်းသွားလာခြင်းများအပေါ် အမှန်အတိုင်း အကျိုးရှိရှိ ရှုမြင်လက်ခံကြဖို့ မြန်မာများ သေသူအပေါ်မှာသာမက ရှင်သူအပေါ်ကိုလည်း ကရုဏာထားကြပြီး အနာသိ ဆေးရှိ လျှက် မကုသနိုင်သူများကိုလည်း စာနာသနား ကူညီကြဖို့ တိုက်တွန်းအကြံပြုခဲ့ပါတယ်။

ဘဒ္ဒကမ္ဘာရဲ့ မျိုးဆက်သစ်များ အရပ်ဒေသတိုင်းမှာ ပေါ်ပေါက်ပြီး အမျိုးကောင်း သားသမီးအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြပါစေ။

* * *

''ပုထုဇဉ်ဆိုတာ အပြစ်နဲ့ မကင်းဘူးဆိုပေမယ့်

http://www.dhammadownload.com

# ဓမ္မဒေသနာစာစဉ်များအတွက် မ,တည်းကုသိုလ်ရှင်များ

၁။ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ၄၀၀၀၀ိ/-

၂။ ဦးညွန့်+ဒေါ်တင်တင်အေး၊(ကိုနေဝင်း)
မစန်းစန်းဝင်း သားသမီးမြေးမိသားစု၊
စာတိုက်တန်း၊ အမရပူရ။ ၁၀၀၀၀ိ/-

၃။ ဟုမ္မလင်း၊ နောင်ပိုအောင်၊ နမ့်တော
စာပေမြတ်နိုးသူများ ၁၀၀၀၀ိ/-

၄။ ဦးတင်ဝင်း+ဒေါ်အုန်းဝင်း မိသားစု
ကျုံကမိစု၊ တောင်စွန်း။ ၅၀၀၀ိ/-

၅။ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ ၄၀၀၀ိ/-

၆။ ဦးမြင့်စိုး+ဒေါ်ငွေ မိသားစု ၃၀၀၀ိ/-
ကျုံကမိစု၊ တောင်စွန်း။

၇။ အမ ဒေါ်လှယုံနှင့် ဦးခင်အောင်+ဒေါ်သီ
သားသမီးမြေးများ၊ ဥယျာဉ်တောင်ရွာ၊
နတ်မောက်မြို့နယ်။ ၃၀၀၀ိ/-

၈။ ဦးသိန်းဖေ+ဒေါ်ဝေ မိသားစု
ကန်အောက်ရပ်၊ တောင်ကြီး။ ၃၀၀၀ိ/-

၉။ ဦးမောင်ထွန်း+ဒေါ်ခေါက်ထူ မိသားစု
နဝဒေးရပ်၊ တောင်စွန်း။ ၂၅၀၀ိ/-

http://www.dhammadownload.com



၁၀။ ဦးရှိန်ဝင်း+ဒေါ်ခင်ရှိဦး
တက်လမ်းဆောက်လုပ်ရေးမိသားစု၊
ရန်ကုန်။ ၂၀၀၀ဝိ/-
၁၁။ စာရေးဆရာမကြီး ဒေါ်ခင်စောတင့်
မိသားစု။ ၁၅၀၀ဝိ/-
၁၂။ တိုက်အုပ်စာချဘုန်းကြီး ဦးတေဇဝန္တ ၁၀၀၀ဝိ/-
၁၃။ ဦးစန္ဒာသိရီဘိဝံသ(သ–စ–အ) ၁၀၀၀ဝိ/-
၁၄။ အရှင်ဆန္ဒာဓိကာ၏ ခမည်းတော်၊ မယ်တော်
ဦးစိန်ဝင်း+ဒေါ်သိန်းသိန်း၊
မင်္ဂလာလမ်း၊ စမ်းချောင်း။ ၁၀၀၀ဝိ/-
၁၅။ ပဋ္ဌာန်းစာဝါလိုက်၊ သီလရှင်ဆရာလေးများ ၁၀၀၀ဝိ/-
၁၆။ မောင်ဝင်းသော်ဦး
(ဆန်းဖရန်စစ်စကို၊ ယူအက်စ်အေ) ၁၀၀၀ဝိ/-
၁၇။ စာရေးဆရာထက်ခေါင်မိသားစု ၁၀၀၀ဝိ/-
၁၈။ အရှင်ဓမ္မသာရ သပိတ်ဖိုကျောင်း အမပူရ ၁၀၀၀ဝိ/-
၁၉။ ဒါရိုက်တာ မောင်ဝဏ္ဏ+မချိုရီမိသားစု ၁၀၀၀ဝိ/-
၂၀။ အရှင်အာစာရာလင်္ကာရနှင့်
မယ်တော်ကြီး ဒေါ်ညို ၁၀၀၀ဝိ/-
၂၁။ စာချဘုန်းကြီး ဦးသောဘဏ ၅၀၀ဝိ/-
၂၂။ စာချဘုန်းကြီး ဦးကေလာသ ၅၀၀ဝိ/-
၂၃။ ဦးကေသရာလင်္ကာရာဘိဝံသ ၃၀၀ဝိ/-
၂၄။ ဦးဉာဏရေ ၃၀၀ဝိ/-
၂၅။ ဦးဣန္ဒကာလင်္ကာရ ၃၀၀ဝိ/-

http://www.dhammadownload.com



| | | |
|---|---|---|
| ၂၆။ | ဦးကုမုဒဝရ | ၂၀၀ဝိ/- |
| ၂၇။ | ဦးမြမောင်+ဒေါ်ဝင်းသိန်း သက်လင်းစာပေ၊ တောင်စွန်း။ | ၂၀၀ဝိ/- |
| ၂၈။ | ဦးတေဇနိယ | ၂၀၀ဝိ/- |
| ၂၉။ | ဦးတေဇာနန္ဒ | ၁၅၀ဝိ/- |
| ၃၀။ | ဦးအကိုရ | ၁၀၀ဝိ/- |

http://www.dhammadownload.com

ဓမ္မဘောရီအရှင်ဝီရိယ(တောင်စွန်း)

# မထေရ်မြတ်တို့စကားဝိုင်း

## ထွက်နေပါပြီ

http://www.dhammadownload.com

# ရဝေနွယ် (အင်းမ)

၏

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

- မင်္ဂလာအတွေးများ၊
- ကောင်းကင်ကြီးကို မော့မော့ကြည့်နေသူ ဦးဇင်းတစ်ပါးအကြောင်း၊

http://www.dhammadownload.com

# ရဝေနွယ် (အင်းမ)

## ၏

## ထွက်ပြီး စာအုပ်များ

၁ ဘဝတိုင်းဆုံတွေ့ချင်ပါသလား

၂ ရွှေစကားတို့ရဲ့မြစ်ဖျား

၃ သံသရာ ခရီးဖော်

၄ ကုသိုလ်ဖြစ်အောင်တွေးမယ်

၅ မင်္ဂလာအတွေးများ

၆ မေတ္တာအတွေးများ

၇ အမြဲစီးဆင်းနေသော
မြစ်တစ်စင်းအကြောင်း